# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


### ဆင်းရဲဒုက္ခတို့ မကျရောက်

အမျက် 'ဒေါသ' ကိုစွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ-၂၂၁)


၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၂ ရက် ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာ ၅ ရက်၊ သောကြာနေ့ အတွဲ (၆၁)၊ အမှတ်(၀၃၆)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



## ကော့သောင်းမြို့တွင် ပါးစပ်၊ နှာခေါင်းစည်း မတပ်ဆင်သူများအား မိုဘိုင်းအသွင်သဏ္ဌာန်ဖြင့် အရေးယူမှုလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိ

**ကော့သောင်း နိုဝင်ဘာ ၄**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ကော့သောင်းမြို့၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုထိန်းချုပ်နိုင်ရေး ခရိုင်နှင့် မြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီကြီးကြပ်ကာ ဌာနဆိုင်ရာအဖွဲ့စုံဖြင့် ပါးစပ်၊ နှာခေါင်းစည်း မတပ်ဆင်သူများအား မိုဘိုင်းအသွင်သဏ္ဌာန်ဖြင့် အရေးယူမှုလုပ်ငန်းများကို ယနေ့ ညနေပိုင်းက မြို့၏အသွားအလာများပြားရာလမ်းဆုံများတွင် ကြပ်မတ်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အရေးယူဆောင်ရွက်မှုတွင် မြို့နယ် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဝင်ဌာနဆိုင်ရာများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ သက်ဆိုင်ရာ ရပ်ကွက်အလိုက် ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များ ပူးပေါင်းအဖွဲ့မှ မိုဘိုင်းအသွင်သဏ္ဌာန်ဖြင့် မြို့အဓိကလမ်းမကြီးများတွင် ပါးစပ်၊ နှာခေါင်းစည်းမတပ်ဆင်ဘဲ လမ်းထွက်သွားလာနေကြသူများ၊

*စာမျက်နှာ ၄ ကော်လံ ၅* ❂



## ရခိုင်ပြည်နယ်ရှိ ဒီရေတောများ ထိန်းသိမ်းကာကွယ်လျက်ရှိ

**စစ်တွေ နိုဝင်ဘာ ၄**

ရခိုင်ပြည်နယ်၏ ရှည်လျားသော ကမ်းရိုးတန်းတစ်လျှောက်တွင် ပေါက်ရောက်လျက်ရှိသည့် ဒီရေတောများ ပျက်စီးဆုံးရှုံးမှုမရှိစေရန် ထိန်းသိမ်းကာကွယ်မှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သဘာဝဘေးအန္တရာယ်၊ ကမ္ဘာကြီးပူနွေးလာမှုနှင့် ရေနေသတ္တဝါများရှင်သန်ပေါက်ပွားရာ ဒီရေတောများ ပျက်စီးဆုံးရှုံးမှုမရှိစေရန် နိုဝင်ဘာ ၃ ရက်မှ စတင်၍ ပူးပေါင်းအဖွဲ့ဖြင့် မြေပြင်ကွင်းဆင်း ဆောင်ရွက်ခြင်းဖြစ်သည်။ ရခိုင်ပြည်နယ်သည် ရေချိုမြစ်၊

*စာမျက်နှာ ၅ ကော်လံ ၁* ✻

## ယနေ့ ဖတ်စရာ


မန်းရွှေစက်တော်ဘုရားကြီးရှိ အောက်စက်တော်ရာအား အလွယ်တကူဖူးမြော်နိုင်ရန် ယာယီတံတားတစ်စင်း တည်ဆောက် — ပြည်တွင်းသတင်း — စာ - ၂

ပန်းကလေးတွေ လှနေတာကိုပဲ ကြည့်နေချင်သည် — ဆောင်းပါး — စာ - ၆

အိုင်အက်စ်-ကေအဖွဲ့ရဲ့ ခြိမ်းခြောက်တိုက်ခိုက်မှုကို ရင်ဆိုင်နေရတဲ့ ကဘူးလ်မြို့ — နိုင်ငံတကာရေးရာ — စာ - ၁၄

ယူသူလား ပေးသူလား — ဆောင်းပါး — စာ - ၁၈

ရခိုင်ပြည်နယ်၏ ရေချိုပုစွန်ထုပ်ကြီး စမ်းသပ်သားဖောက်အောင်မြင်မှုမှသည်... — ဆောင်းပါး — စာ - ၂၀

# ပညာသင်ကြားမှုအခွင့်အလမ်းများ အကြမ်းဖက်မှုကြောင့် မဆုံးရှုံးစေရာ

ယနေ့လူငယ်များ ပညာရည်မြင့်မားမှ အနာဂတ်မှာ နိုင်ငံတော်လည်း မြင့်မားမည်။ မိမိတို့နိုင်ငံကဲ့သို့သော ဖွံ့ဖြိုးမှုနည်းပါးသည့် နိုင်ငံတစ်နိုင်ငံအဖို့ လူ့စွမ်းအားအရင်းအမြစ်က ပိုလို့ပင်အရေးကြီးသည်။ ပညာရှာရာတွင် အသက်အရွယ်နှင့် အချိန်အခါက အကန့်အသတ်ရှိသည်။ ဘဝတစ်သက်တာပညာရှာ (Lifelong Learning) ဟု ဆိုရာတွင် ငယ်ရွယ်စဉ်က အခြေခံပညာများ သင်ကြားတတ်မြောက်ထားရန် လိုအပ်သည်။

မျက်မှောက်ကာလ မြန်မာနိုင်ငံ၏ ပညာရေးမှာ အားနည်းမှုများ ရှိနေသည်။ အသက်ငါးနှစ်အထက် ပညာသင်ကြားရမည့် အရွယ်ရောက်နေသူ လူဦးရေ ၄၆ သန်းကျော်ရှိရာတွင် လုံးဝကျောင်းမနေဖူးသူ သုံးသန်းကျော် လေးသန်းနီးနီး ရှိနေသည်မှာ နိုင်ငံအတွက် မကောင်းသည့်လက္ခဏာပင်ဖြစ်သည်။ တစ်ဖန် အသက် ၂၅ နှစ်အထက် (ပညာသင်ယူသည့်အရွယ် ကျော်လွန်သွားသူ) လူဦးရေ ၂၅ သန်းကျော်ရှိရာတွင် အလယ်တန်းအထိသာ ပညာသင်ကြားခဲ့သူ ၁၈ သန်းကျော်ရှိနေသည်။ ယင်းနောက် အထက်တန်းပညာသင်ကြားနိုင်သူ ခုနစ်သန်းကျော်။ မူလတန်း၊ အလယ်တန်း၊ အထက်တန်းစသည့်အခြေခံပညာအဆင့်ဆင့်မှသည် အဆင့်မြင့်ပညာတက္ကသိုလ်အထိ ပို၍ပို၍နည်းသွားသည်။ ငွေကြေးမတတ်နိုင်ခြင်း၊ မိဘအလုပ်ကို ဝင်ကူရခြင်းနှင့် ကျေးလက်ဒေသစီးပွားရေးဖြစ်သည့် စိုက်ပျိုးရေး မွေးမြူရေးတို့တွင် ဝင်ရောက်ကူညီရခြင်းဟူသည့် အကြောင်းများကြောင့် စာသင်ခန်းကို ကျောခိုင်းခဲ့ကြရခြင်းဖြစ်သည်။

ပညာသင်ကြားခြင်းက လူတစ်ဦးချင်းစီ၏ ဘဝတစ်သက်တာအတွက်ဖြစ်သလို နိုင်ငံ၏အနာဂတ်အတွက်လည်း ဖြစ်သည်။ ပညာနိမ့်ပါးသူတစ်ဦးမှာ ဘဝတွင် မြင့်မားရန် မမျှော်မှန်းနိုင်သည့်အပြင် ရပ်တည်ရန်ပင် ခဲယဉ်းမည်ဖြစ်သည်။ ပညာနိမ့်ပါးသူဟု ဆိုရာတွင် ကျောင်းသင်ပညာရေးသာမက အသက်မွေးဝမ်းကျောင်းပညာရေးလည်း အပါအဝင်ဖြစ်သည်။ နိုင်ငံတွင် ပညာတတ်ရှားပါးပြီး အတတ်ပညာပိုင်း ကျွမ်းကျင်သူလည်း နည်းပါးပါက နိုင်ငံဖွံ့ဖြိုးရေးအကောင်အထည်ဖော်ရာတွင် လွန်စွာခက်ခဲမည်ဖြစ်သည်။

ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါသည် မိမိတို့နိုင်ငံသို့ ၂၀၂၀ ပြည့်နှစ်ဦးပိုင်း၌ ဝင်ရောက်လာသည့်အခါ အသွားအလာ တားဆီးကန့်သတ်မှုများ မဖြစ်မနေပြုလုပ်ရခြင်းနှင့်အတူ ကျောင်းများကိုလည်း ပိတ်လိုက်ရသည်။ ရောဂါကူးစက်ပျံ့နှံ့မှုလျော့ပါးလာခဲ့ချိန်တွင် ကြိုးကြိုးပမ်းပမ်းနှင့် ကျောင်းများကို ပြန်လည်ဖွင့်ခဲ့သော်လည်း အကြမ်းဖက်သမားတို့၏ ခြိမ်းခြောက်မှုများ၊ အကြမ်းဖက်တိုက်ခိုက်မှုများ၊ ကျောင်းဆရာ ဆရာမများနှင့် ပညာရေးဝန်ထမ်းများကို လုပ်ကြံသတ်ဖြတ်မှုများ၊ ကျောင်းအဆောက်အအုံများကို မီးရှို့မှု၊ ဗုံးခွဲမှုများ ပေါ်ပေါက်လာခဲ့သလို ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုလှိုင်း တစ်ကျော့ပြန် ရိုက်ခတ်လာချိန်တွင် ကျောင်းများကို ပြန်လည်ပိတ်လိုက်ရပြန်သည်။ စာသင်နှစ်များ တစ်နှစ်ပြီးတစ်နှစ် မဖြစ်မနေ ပိတ်နေရခြင်းက ကျောင်းသူကျောင်းသားများအတွက် လွန်စွာထိခိုက်နစ်နာလှသည်။ ကျောင်းသင်ခန်းစာများနှင့် အချိန်ကြာမြင့်စွာ ဝေးကွာခဲ့ရချိန်အတွင်း အသက်များကြီးလာကြသည်။ ကျောင်းစာအပေါ် စိတ်ဝင်စားမှု လျော့ပါးသွားကြသည်။ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး လွှမ်းခြုံမှုအထိုက်အလျောက်ရလာပြီး ရောဂါကူးစက်ပျံ့နှံ့မှုများ လျော့နည်းကျဆင်းလာချိန်တွင် တစ်ဖက်ကလည်း အသက် ၁၂ နှစ်အထက် ကျောင်းသူ ကျောင်းသားများကို ကိုဗစ်-၁၉ ကာကွယ်ဆေးများ ထိုးနှံပေးပြီး ကျောင်းများပြန်လည်ဖွင့်လှစ်လာသည့်အခါ အကြမ်းဖက်သမားတို့က တစ်ကျော့ပြန် ပြန်လည်ခြိမ်းခြောက်၊ ဟန့်တားနှောင့်ယှက်မှု၊ ဖောက်ခွဲမှု၊ တိုက်ခိုက်မှုတို့ ပြုလုပ်လာကြပြန်ပြီဖြစ်သည်။

ကျောင်းများနှင့် ကျောင်းသူ ကျောင်းသား၊ ဆရာ ဆရာမများသည် စစ်ရေးပစ်မှတ်ပြုလုပ်ရန်၊ နိုင်ငံရေးအမြတ်ထုတ်ရန် နေရာများ မဟုတ်သည့်အပြင် ပညာသင်ကြားမှုသည်လည်း မည်သည့်အကြောင်းပြချက်နှင့်မျှ အနှောင့်အယှက်၊ အဟန့်အတား ပြုသင့်သည်မဟုတ်။ အမိုက်မှောင်ဖုံးလွှမ်းနေသည့် အကြမ်းဖက်သမားတို့မှာမူ ဆင်ခြင်တုံတရားတို့ပါ ပျောက်ကွယ်နေပြီဖြစ်ရာ ကျောင်းသား ကျောင်းသူများ ကျောင်းမတက်ရေး၊ ပညာသင်ကြားခွင့် ဆုံးရှုံးရေးတို့ကို ဦးတည်၍ အဖျက်လုပ်ရပ်များကို ပြုလုပ်နေခြင်းဖြစ်သည်။ မိဘပြည်သူများ၊ ဆရာ ဆရာမများနှင့် ပြည်သူများအနေဖြင့် မိမိတို့ရင်သွေးများ၊ တပည့်များ၏ ပညာသင်ကြားမှု အခွင့်အလမ်းများ ဆက်လက်ရှင်သန်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက် အကြမ်းဖက်အဖျက်ရန်ကို ဝိုင်းဝန်းတားဆီးကာကွယ်ကြရမည်ဟု တိုက်တွန်းနှိုးဆော်အပ်ပါကြောင်း။ ။

# မန်းရွှေစက်တော်ဘုရားကြီးရှိ အောက်စက်တော်ရာအား အလွယ်တကူဖူးမြော်နိုင်ရန် ယာယီတံတားတစ်စင်း တည်ဆောက်

**မင်းဘူး နိုဝင်ဘာ ၄**



မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူး(စကု)မြို့နယ် မန်းရွှေစက်တော် ဘုရားကြီးရှိ အောက်စက်တော်ရာ ဘုရားမြတ်ဗုဒ္ဓ၏ ခြေတော်ရာအား ဘုရားဖူးမိဘပြည်သူများ အလွယ်တကူ လာရောက်ဖူးမြော်ကြည်ညိုနိုင်စေရန်အတွက် ယာယီလူကူးဝါးတံတားတစ်စင်းကို နိုဝင်ဘာ ၄ ရက် နံနက်ပိုင်းက စုပေါင်းတည်ဆောက်ခဲ့ကြောင်း မန်းရွှေစက်တော်ဘုရား ဂေါပကအဖွဲ့ထံမှ သိရသည်။

အဆိုပါ ယာယီလူကူးဝါးတံတားမှာ လူသွားလမ်းအကျယ် ခြောက်ပေ၊ အရှည် ၉၅ ပေခန့်ရှိပြီး ဦးကျော်ဝ - ဒေါ်တင်မ မိသားစုတို့က တည်ဆောက်လှူဒါန်းခြင်းဖြစ်ကြောင်း၊ တံတားတည်ဆောက်ရာတွင် ဘုရားကြီးဝန်ထမ်းများ၊ ဈေးသူ ဈေးသားများနှင့် ရွှေစက်တော်အနီးနားရှိ ဒေသခံပြည်သူများက လုပ်အားကုသိုလ်ဖြင့် ဝါးအလုံး ၃၀၀ ခန့် အသုံးပြုကာ တည်ဆောက်ခဲ့ကြောင်း၊ ယခုအခါ မန်းချောင်းရေ ပြန်လည်ကျဆင်းသွားပြီဖြစ်သောကြောင့် အောက်ခြေတော်ရာအား လာရောက်ဖူးမြော်ကြသော ရဟန်းရှင်လူ ဘုရားဖူးမိဘပြည်သူများ အလွယ်တကူဖူးမြော်ကြည်ညိုနိုင်စေရန်အတွက် ယခုလို ယာယီတံတား တည်ဆောက်ရခြင်းဖြစ်ကြောင်း မန်းရွှေစက်တော်ဘုရား ကျန်းမာသန့်ရှင်းတာဝန်ခံ ဦးမြင့်နိုင်(ငဖဲ)က ပြောသည်။

ယခင် စတင်ဘာလအတွင်းက အဖြုတ်အတပ်ပြုလုပ်လွယ်သော ယာယီသစ်သားတံတားတစ်စင်းကို တည်ဆောက်ခဲ့ပြီး မန်းချောင်းရေ တိုးမြင့်ခဲ့ခြင်းကြောင့် ပြန်လည်ဖြုတ်သိမ်းခဲ့ရကာ ယခုတစ်ဖန် ယာယီလူကူးဝါးတံတားကို ပြန်လည်တည်ဆောက်ခြင်းဖြစ်ကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**

## ကိုဗစ်-၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၄-၁၁-၂၀၂၁) ညနေ ၆ နာရီအချိန်အထိ ဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| Antibiotics | | | | |
| 1 | P.O – Levofloxacin 500 mg | Box of 10x10's | 7000 | Shwe Htay Min |
| 2 | P.O.Cefixime | Box of 3x10's | 3600 | Aorta |
| 3 | P.O Amoxicillin+ Clavulanic Acid | Box of 1x6's | 1800 | Aorta |
| 4 | Injection – Levofloxacin 500 mg | 1x1 | 3000 | Yadanar |
| 5 | Injection – Ceftriazone 1G | 1's | 700 | KCL |
| 6 | Injection – Cefoperazone and Sulbactam 1G | Vial | 4900 | Ready Medicine |
| 7 | Injection – Cefoperazone and Sulbactam 2G | Vial | 9300 | Ready Medicine |
| 8 | Injection – Meropenam | 1g/Vial | 10000 | AA Medical |
| Anti-inflammatory | | | | |
| 9 | P.O Dexamethasone | Box of 10x10's | 1450 | JDS |
| 10 | P.O Prednisolone | Box of 10x10 | 2000 | Aorta |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org)နှင့် Facebook Page https://www.facebook.com/ 32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

## ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စာအုပ်စာစောင်များပေးအပ်ရန် အသိပေးကြေညာခြင်း

၂၀၁၄ ခုနှစ် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၊ နည်းဥပဒေများအရ ပုံနှိပ်သူ၊ ထုတ်ဝေသူများသည် မိမိတို့ထုတ်ဝေသည့် စာအုပ်စာစောင် ၆ အုပ် သို့မဟုတ် ၆ စောင်ကို ပြန်ကြားရေးဝန်ကြီးဌာနသို့ အဖိုးအခလွတ် ပေးအပ်ရမည်ဖြစ်ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာနသည် အဆိုပါစာအုပ်စာစောင်များကို အမျိုးသားစာကြည့်တိုက်၊ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနနှင့် အမျိုးသားစာပေဆုရွေးချယ်ရေးကော်မတီများသို့ ခွဲဝေပေးပို့လျက်ရှိပါသည်။ ထို့အပြင် ပေးပို့လာသော ထုတ်ဝေစာများကို ပြက္ခဒိန်နှစ်အလိုက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း ထုတ်ဝေသော စာအုပ်စာတမ်းများစာရင်းတွင်လည်း ရေးသွင်းထားပြီး နှစ်စဉ်ထုတ်ပြန်လျက်ရှိပါသည်။

သို့ပါ၍ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေ ၁၅၊ နည်းဥပဒေခွဲ(က)ပါ ပြဋ္ဌာန်းချက်များအရ ထုတ်ဝေသူသည် မိမိထုတ်ဝေသော ထုတ်ဝေစာ ၆ အုပ် သို့မဟုတ် ၆ စောင်ကို ဖြန့်ချိသည့်နေ့ရက်မှစ၍ ၇ ရက်အတွင်း ပုံနှိပ်သူထံပေးအပ်ပြီး ပုံနှိပ်သူသည် ၁၄ ရက်အတွင်း ပုံစံ ၁၁ ဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲသို့ မပျက်မကွက် ပေးအပ်ကြပါရန် အသိပေးကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် နိုဝင်ဘာ ၄**

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ကြို့ပင်ကောက်မြို့တွင် ၂ ဒသမ ၇၉ လက်မ၊ ဖြူးမြို့တွင် ၂ ဒသမ ၂၀ လက်မ၊ ဖာပွန်မြို့တွင် ၂ ဒသမ ၀၁ လက်မ၊ အုတ်ဖိုမြို့တွင် ၁ ဒသမ ၇၆ လက်မ၊ ကမမောင်းမြို့တွင် ၁ ဒသမ ၄၅ လက်မ၊ ကတိုင်တိမြို့တွင် ၁ ဒသမ ၃၂ လက်မနှင့် တောင်ကုတ်မြို့နှင့် ဘော်လခဲမြို့တို့တွင် ၁ ဒသမ ၁၄ လက်မစီတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

**မိုး/ဓလ**

## နိုင်ငံ၏ ဂုဏ်သိက္ခာနှင့်အညီ ဆောင်ရွက်

မိမိတို့နိုင်ငံသည် အချုပ်အခြာအာဏာပိုင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ သို့သော်လည်း နိုင်ငံတကာနှင့်ဆက်ဆံရာတွင် နိုင်ငံ၏ ဂုဏ်သိက္ခာနှင့်အညီ ဆောင်ရွက်နေခြင်းကို အချို့သောပုဂ္ဂိုလ်၊ အဖွဲ့အစည်းများက မျက်ကွယ်ပြု၍ဆောင်ရွက်နေကြကြောင်း၊ ပြည်ပ နိုင်ငံများနှင့် နယ်နိမိတ်ထိစပ်နေသော တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများအနေဖြင့် နယ်စပ်ဒေသဆက်ဆံရေး နှင့် စပ်လျဉ်း၍ နိုင်ငံတော်၏ဂုဏ်သိက္ခာကို ထိန်းသိမ်းပြီး နိုင်ငံတကာကတိကဝတ်၊ သဘောတူညီချက်များနှင့်အညီ ပြောဆိုပြုမူ ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ နိုင်ငံ၏ဂုဏ်သိက္ခာကို ထိခိုက်စေမည့် ကိစ္စရပ်များကို ရှောင်ရှားကြရန်လိုအပ်ကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၇-၉-၂၀၂၁ ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရ အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၁) ၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

# ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တွင် ကျင်းပသော ခရီးသွားလုပ်ငန်းစာရင်းဇယား၊ အသိပညာနှင့်မူဝါဒ ကမ္ဘာလုံးဆိုင်ရာဖိုရမ် ၂၀၂၁ သို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင် Online မှ တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၄

**မြန်မာနိုင်ငံအပါအဝင် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် တောင်ကိုရီးယားနိုင်ငံတို့အကြား ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုး တိုးတက်ရေးတို့အတွက် အာဆီယံ-ကိုရီးယားစင်တာကို ၂၀၀၉ ခုနှစ်တွင် စတင်ထူထောင်ခဲ့ပြီး စွမ်းကွက်မြှင့်တင်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများကို အစဉ်တစိုက်ဆောင်ရွက်ခဲ့သည်။ သို့ရာတွင် ၂၀၁၉ ခုနှစ် နှစ်ကုန်ပိုင်းမှစတင်၍ ကမ္ဘာအနှံ့ ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်မှု အရှိန်အဟုန်မြင့်မားခဲ့ရာ ခရီးသွားလုပ်ငန်းအပါအဝင် တစ်ကမ္ဘာလုံး၏ လူမှုရေး၊ စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အရှိန်အဟုန်များလည်း ကျဆင်းခဲ့သည်။**

ယခုအခါ ယင်းကပ်ရောဂါမှ ရုန်းထွက်၍ ပြန်လည်ဖွံ့ဖြိုး တိုးတက်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြရာမှာ အိမ်ရှင် တောင်ကိုရီးယားနိုင်ငံသည် ကိုရီးယားယဉ်ကျေးမှု၊ အားကစားနှင့် ခရီးသွားလုပ်ငန်းဝန်ကြီးဌာန၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးမှုအဖွဲ့အစည်း (OECD) နှင့် ကိုရီးယားခရီးသွားလုပ်ငန်း အဖွဲ့အစည်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် ကိုရီးယားနိုင်ငံ ဆိုးလ်မြို့၌ ယမန်နေ့ ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီတွင် ခရီးသွားလုပ်ငန်း စာရင်းဇယား၊ အသိပညာနှင့် မူဝါဒကမ္ဘာလုံးဆိုင်ရာဖိုရမ် ၂၀၂၁ (2021 Global Forum on Tourism Statistics, Knowledge and Policies) ကို ကျင်းပသည်။




ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင် ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တွင် ကျင်းပသော ခရီးသွားလုပ်ငန်း စာရင်းဇယား၊ အသိပညာနှင့်မူဝါဒ ကမ္ဘာလုံးဆိုင်ရာဖိုရမ် ၂၀၂၁ သို့ Online မှ တက်ရောက်စဉ်။

ဖိုရမ်ဖွင့်ပွဲ အခမ်းအနားသို့ ကိုရီးယားယဉ်ကျေးမှု၊ အားကစားနှင့် ခရီးသွားလုပ်ငန်းဝန်ကြီး Mr.Hee Hwang နှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးမှု အဖွဲ့အစည်း(OECD)မှ အထွေထွေ အတွင်းရေးမှူးချုပ် Mr. Mathias Cormann တို့ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

ဖိုရမ်၏ပထမနေ့တွင် ပိုမို ခိုင်မာသောအနာဂတ်ကို ဖော်ဆောင်နိုင်ရန်အတွက် ခရီးသွား လုပ်ငန်းကို မည်ကဲ့သို့ပိုမိုကောင်းမွန်အောင် ပြင်ဆင်ကြမည်ကို ကိုဗစ်-၁၉ ကပ်ရောဂါမှ ရရှိခဲ့သော သင်ခန်းစာများကိုအခြေခံ၍ ဆွေးနွေးခဲ့ကြရာ ကိုလံဘီယာနိုင်ငံမှ စီးပွားကူးသန်း၊ စက်မှုနှင့် ခရီးသွားလုပ်ငန်းဝန်ကြီးနှင့် အီဂျစ်ရှေးဟောင်းနှင့် ခရီးသွားလုပ်ငန်း ဒုတိယဝန်ကြီးတို့ တက်ရောက် အမှာစကားပြောကြားကြသည်။ ထို့နောက် စကားဝိုင်းဆွေးနွေးပွဲတွင် ပေါ်တူဂီ၊ တောင်အာဖရိက၊ မက္ကဆီကိုနိုင်ငံများမှ အဆင့်မြင့်အရာရှိကြီးများနှင့် အာရှနှင့်ပစိဖိတ်ခရီးသွားလုပ်ငန်းအဖွဲ့အစည်း၊ ဩစတြေးလျကုန်သည်များအသင်းနှင့် ဥရောပအနာဂတ် ခရီးသွားလုပ်ငန်း အေဂျင်စီတို့မှ ခေါင်းဆောင်များ ပါဝင်ဆွေးနွေးခဲ့ကြသည်။

ဖိုရမ်၏ ဒုတိယနေ့အစီအစဉ်ကို ယနေ့ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီတွင် ပြန်လည်ထူထောင်လာခြင်းနှင့်အတူ ပိုမိုကောင်းမွန်သော ခရီးသွားလုပ်ငန်းပြန်လည်တည်ဆောက်ခြင်း ခေါင်းစဉ်ဖြင့် ဆက်လက်ကျင်းပရာ ကော်စတာရီကာနိုင်ငံ ခရီးသွားလုပ်ငန်းဝန်ကြီး Mr. Gustavo Segura က Online မှ တက်ရောက်အမှာစကားပြောကြားခဲ့ပြီး အသင်းအဖွဲ့များမှ အကြီးအကဲများနှင့် အတတ်ပညာရှင်များက စကားဝိုင်းတွင် ပါဝင်ဆွေးနွေးခဲ့ကြသည်။

အဆိုပါဖိုရမ်သို့ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင် ဦးဆောင်၍ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဌာနတာဝန်ခံများနှင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်မှ ကိုယ်စားလှယ်များက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ပါဝင်တက်ရောက်သည်။

ယင်းဖိုရမ်ကို ကိုဗစ်-၁၉ ကြောင့် ထိခိုက်ခဲ့ရသော စီးပွားရေး၊ လူမှုရေး၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှု၊ ရာသီဥတုပြောင်းလဲမှုနှင့် နည်းပညာတိုးတက်ပြောင်းလဲမှုများအပေါ် ရှင်းလင်းခိုင်မာသောမူဝါဒများဖြင့် တုံ့ပြန်ဖော်ဆောင်နိုင်ရန်၊ အစိုးရများအနေဖြင့် နိုင်ငံတကာအဖွဲ့အစည်းများ၏ အကူအညီဖြင့် ခရီးသွားလုပ်ငန်း ပြန်လည်ဖွံ့ဖြိုးလာစေရန်နှင့် တူညီသော ဦးတည်ချက်ဖြင့် မူဝါဒဆိုင်ရာ ပံ့ပိုးမှုများနှင့် အတွေ့အကြုံများကို မျှဝေနိုင်ရန် ရည်ရွယ်ချက်ဖြင့် ကျင်းပခြင်းဖြစ်သည်။

**သတင်းစဉ်**

# ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားပြုလုပ်ပေး

**နေပြည်တော် နိုဝင်ဘာ ၄**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ် ဦးစီးမှူးရုံးမှ ပန်းခင်းစီမံချက်ဖြင့် ဇေယျာသီရိမြို့နယ် ခေတ်အေးကျေးရွာအုပ်စုမှ အများပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ပေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါရုံး၌ ဆောင်ရွက်ကြောင်း သိရသည်။

ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ပေးရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဇေယျာသီရိမြို့နယ် ဦးစီးမှူး ဦးစန်းလွင်က လက်ရှိဇာတိဒေသတွင် အမြဲတမ်းနေထိုင်၍ အိမ်ထောင်စုလူဦးရေစာရင်းရှိပြီး ကိုင်ဆောင်လက်မှတ်မရှိသူများအား ဆောင်ရွက်ပေးခြင်း၊ လက်ရှိဇာတိဒေသတွင် အမြဲတမ်းနေထိုင်၍ အိမ်ထောင်စုလူဦးရေ စာရင်းမရှိ၊ ကိုင်ဆောင်လက်မှတ်မရှိသူများကို ဆောင်ရွက်ပေးခြင်း၊ ရွှေ့ပြောင်းနေထိုင်သူများအတွက် မူလဒေသတွင် အိမ်ထောင်စုလူဦးရေစာရင်းရှိသော်လည်း လက်ရှိဒေသတွင် ကိုင်ဆောင်လက်မှတ်မရှိသူများအား ဆောင်ရွက်ပေးခြင်း၊ ရွှေ့ပြောင်းနေထိုင်သူများအတွက် မူလဒေသတွင် အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်လက်မှတ်မရှိ၊ လက်ရှိဒေသတွင်လည်း အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်မရှိသူများအား ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း နိုင်ငံသားစိစစ်ရေးကတ်ပြား လာရောက်ပြုလုပ်သည့် ပြည်သူများအား ရှင်းလင်းပြောကြားသည်။

"ကျွန်တော်တို့ ဒီနေ့ဟာ ဇေယျာသီရိမြို့နယ် ခေတ်အေးကျေးရွာအုပ်စုက လာရောက်ပြုလုပ်တဲ့ ပြည်သူ ၄၇ ဦးကို ပန်းခင်းစီမံချက်နဲ့ နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ပေးတာဖြစ်ပါတယ်။ ဇေယျာသီရိမြို့နယ်အတွင်းမှာဆိုရင် ပန်းခင်းစီမံချက် စကတည်းက နိုင်ငံသားစိစစ်ရေးကတ်ပြားပေါင်း ၁၁၉၁ ကတ်နဲ့ အိမ်ထောင်စုစာရင်းပေါင်း ၇၆၂ စုကို ဆောင်ရွက်ပြီးပါပြီ။ ကျွန်တော်တို့အနေနဲ့ မြေပြင်ကွင်းဆင်းဆောင်ရွက်တာတွေရှိသလို ယခုလိုပဲ နိုင်ငံသားစိစစ်ရေးကတ်ပြားနဲ့ အိမ်ထောင်စုစာရင်းများ မြို့နယ်အတွင်းရှိ ပြည်သူများ ဆောင်ရွက်လိုပါက ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးတွေမှ တစ်ဆင့် ချိတ်ဆက်ပြီး မြို့နယ်ရုံးကို လာရောက်ပြုလုပ်နိုင်ပါတယ်"ဟု မြို့နယ်ဦးစီးမှူး ဦးစန်းလွင်ထံမှ သိရသည်။

**အေးလင်းထွန်း(ပြန်/ဆက်)**

# မြန်မာ့ရိုးရာယဉ်ကျေးမှုများကို အခြေခံသည့်ဖျော်ဖြေရေးအစီအစဉ်များကို ဖော်ထုတ်ပြသရန်ရည်ရွယ်၍ "ရွှေမြန်မာ" အငြိမ့်ခန်းအစီအစဉ်(၂) ဇာတ်တိုက်လေ့ကျင့်လျက်ရှိ






**နေပြည်တော် နိုဝင်ဘာ ၄**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနသည် ရိုးရာယဉ်ကျေးမှု အနုသုခုမအမွေအနှစ်များကို ရှာဖွေခြင်း၊ ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့် တိုးတက်ပြန့်ပွားစေရန် ဆောင်ရွက်ခြင်းစသည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်လျက်ရှိပြီး ကိုဗစ်-၁၉ ကာလအတွင်း အများပြည်သူများ စိတ်အပန်းပြေစေရေးအတွက် မြန်မာ့ရိုးရာယဉ်ကျေးမှုများကို အခြေခံသည့် ဖျော်ဖြေရေး အစီအစဉ်များကို ဖော်ထုတ်ပြသရန် ရည်ရွယ်၍ နေပြည်တော်ရှိ အနုပညာဦးစီးဌာန လေ့ကျင့်ရေးဇာတ်ရုံ၌ **"ရွှေမြန်မာ"** အငြိမ့်ခန်းအစီအစဉ်(၂)ကို ဇာတ်တိုက်လေ့ကျင့်လျက်ရှိရာ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးတို့သည် ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးအေးထွန်း၊ ဦးထွန်းအုံတို့နှင့်အတူ ယနေ့နံနက်ပိုင်းတွင် ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ကြည့်ရှု စစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက လေ့ကျင့်ဇာတ်တိုက်မှုအပေါ် လိုအပ်သည်များ မှာကြားပြီး **"ရွှေမြန်မာ"**အငြိမ့်အဖွဲ့ကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

အဆိုပါ **"ရွှေမြန်မာ"** အငြိမ့်ခန်းအစီအစဉ်(၂)တွင် ခေါင်းဆောင်မင်းသမီး ရွှေတံဆိပ်ဆုများရှင် ဆောင်းနှင်းဝေဝေ၊ ရေ့ထွက်မင်းသမီး အေးချမ်းငြိမ်းတို့နှင့်အတူ လူရွှင်တော်များဖြစ်ကြသည့် အာပြဲ၊ ရောင်နီ၊ ဝမ်းတူးနှင့် လမုန့်တို့ပါဝင်၍ အငြိမ့်သမားစဉ်တေးသီချင်းများကို ဂီတဝိဇ္ဇာ ရွှာစား အောင်ဝမ်းတူးက ရေးဖွဲ့သီကုံး၍ ရွှာစားနိုင်လင်းဗိုလ်ဆိုင်းအဖွဲ့က တီးခတ်ပံ့ပိုးထားပြီး ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ကချင်ပြည်နယ် မြစ်ကြီးနားဘူတာရပ်ဝန်း အဆင့်မြှင့်တင်တည်ဆောက်မည်

**မြစ်ကြီးနား နိုဝင်ဘာ ၄**

မြန်မာပြည်မြောက်ဖျား မြန်မာ့မီးရထားလမ်းဆုံးဖြစ်သော ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ရှိ မြန်မာ့မီးရထားဘူတာရပ်ဝန်းအား စီးပွားရေး၊ လူမှုရေးဇရိယာတစ်ခုအဖြစ် အဆင့်မြှင့်တင်တည်ဆောက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ နိုဝင်ဘာ ၃ ရက် မွန်းလွဲ ၂ နာရီတွင် ကျင်းပသည်။ **(ယာပုံ)**

မြန်မာ့မီးရထား မြစ်ကြီးနားဘူတာရပ်ဝန်း အဆင့်မြှင့်တင်တည်ဆောက်နိုင်ရေးနှင့် ပတ်သက်၍ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က နိုင်ငံတော်၏ မူဝါဒ၊ လမ်းညွှန်မှာကြားချက်များနှင့်အညီ မိမိတို့အနေဖြင့် ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်ရှိတည်ရှိနေသည့် မြစ်ကြီးနားဘူတာရုံကို ပြည်နယ်၏ ကုန်သွယ်စီးပွားရေး ရပ်ဝန်းတစ်ခုအဖြစ် ခေတ်နှင့်လျော်ညီပြီး မြို့တော်အင်္ဂါရပ်နှင့်အညီ အဆင့်မြှင့်တင်တည်ဆောက်နိုင်ရေးအတွက် ညှိနှိုင်းပေါင်းစပ်ဆွေးနွေး၍ အကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

**အချက်အချာကျသည့် နေရာတစ်ခုဖြစ်**

ထို့နောက် ကချင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးရေး အများပိုင်ကုမ္ပဏီလီမိတက် (KSID) တာဝန်ခံက မြစ်ကြီးနားဘူတာရုံရပ်ဝန်း အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု (PPP) အဆိုပြုစီမံကိန်းလုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများက အဆိုပြုစီမံကိန်းလုပ်ငန်းနှင့် ပတ်သက်၍ စီမံကိန်းအချက်အလက်များအပေါ် အကြံပြု သုံးသပ်ဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က မြစ်ကြီးနားဘူတာရုံသည် ပြည်နယ်၏ ကုန်သွယ်စီးပွားရေး အချက်အချာကျသည့် နေရာတစ်ခုဖြစ်သည့်အတွက် အဆင့်မြှင့်တင်နိုင်ရေးကို လုပ်ထုံးလုပ်နည်းများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။



**ပြည်နယ်(ပြန်/ဆက်)**

# ဖျာပုံမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေး

**ဖျာပုံ နိုဝင်ဘာ ၄**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်တွင် ပန်းခင်းစီမံချက်ဖြင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ "လူမှုဘဝပြည့်စုံဖို့ နိုင်ငံသားကတ်ကိုင်ကြစို့" ဆောင်ပုဒ်နှင့်အညီ နိုဝင်ဘာ ၄ ရက် နံနက် ၉ နာရီက ဖျာပုံမြို့နယ် ကိုးအိမ်တန်းကျေးရွာအုပ်စု မူကြိုကျောင်းတွင် အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးနိုင်ရေး ကွင်းဆင်းဆောင်ရွက်ပေးကြောင်း သိရသည်။ **(ယာပုံ)**

ထိုသို့ ဆောင်ရွက်ပေးရာတွင် မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဦးစီးမှူး ဦးဇော်လွင်၏ ကြီးကြပ်မှုဖြင့် လဝကမှူး ဦးကျော်ထက်ခိုင်က ဦးဆောင်ကာ ဝန်ထမ်းများ ပူးပေါင်း၍ ကိုးအိမ်တန်းကျေးရွာအုပ်စုရှိ ကျေးရွာနေ ပြည်သူ အသက် (၁၆)နှစ်ပြည့်အထက် ၂၁ ဦး၊ အသက်(၁၈)နှစ်နှင့်အထက် ၄၂ ဦးတို့အား နိုင်ငံသားစိစစ်ရေး ကတ်ပြားဆောင်ရွက်နိုင်ခဲ့ပြီး လဲလှယ်ရှစ်ခု၊ မိတ္တူ၂၇ စုစုပေါင်း ၉၈ ဦး ဆောင်ရွက်ပေးခဲ့သည်။

ဖျာပုံမြို့နယ်အတွင်း၌ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားပေါင်း ၆၀၀၀ ကျော် ဆောင်ရွက်ပေးပြီးဖြစ်ကြောင်း ဖျာပုံမြို့နယ်လဝက ဦးစီးမှူးရုံးမှ သိရသည်။ **ဘုန်းမောင်မောင်**



*❂ ရှေ့ဖုံးမှ*

ဈေးရောင်းဈေးဝယ်လုပ်နေသူများ ရှောင်တခင် လိုက်လံစစ်ဆေးကြပြီး စစ်ဆေးတွေ့ရှိပါက ဒဏ်ငွေရိုက်ကာ ထပ်မံကျူးလွန်ပါက သဘာဝဘေးဆိုင်ရာဥပဒေဖြင့် အရေးယူခံရမည်ဖြစ်ကြောင်း ခံဝန်ကတိလက်မှတ်ထိုးစေခြင်းကို တင်းကျပ်စွာ ဆောင်ရွက်ကြခြင်းဖြစ်ကြောင်း သိရသည်။

**စဉ်ဆက်မပြတ်ဆောင်ရွက်**

ကော့သောင်းမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုသည် ယခုရက်ပိုင်းအတွင်းလျော့ကျလာနေသော်လည်း ရောဂါပိုးတွေ့ရှိသူများ ဆက်လက်ပေါ်ထွက်လျက်ရှိရာ ကော့သောင်းမြို့အနေဖြင့် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးလုပ်ငန်းများအား ကဏ္ဍစုံမှ လှုပ်ရှားဆောင်ရွက်မှုအဖြစ် မြို့နေပြည်သူများ လမ်းထွက်ပါက နှာခေါင်းစည်းများ တပ်ဆင်ကြရေး ဒေသန္တရအမိန့် ညွှန်ကြားချက်များထုတ်ပြန်ကာ ကျယ်ကျယ်ပြန့်ပြန့် အသိပေးထားပြီးဖြစ်သော်လည်း စည်းကမ်းမလိုက်နာသူပြည်သူတချို့ကြောင့် ရောဂါကူးစက်မှုထိန်းချုပ်နိုင်ရေး စဉ်ဆက်မပြတ် ဆောင်ရွက်ခြင်းဖြစ်ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ ပြောဆိုချက်အရ သိရသည်။

**ကျော်စိုး (ကော့သောင်း)**

## မူဆယ်မြို့နယ် မိုင်းယု (၁၀၅)မိုင် အောက်နမ့်ဟွယ်ကျေးရွာ၌ ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်

**မူဆယ် နိုဝင်ဘာ ၄**

တရုတ်/မြန်မာနယ်စပ် မူဆယ်ခရိုင် မူဆယ်မြို့နယ်တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးက မိုင်းယု(၁၀၅)မိုင် ကျေးရွာအုပ်စု အောက်နမ့်ဟွယ်ကျေးရွာ၌ ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲကို နိုဝင်ဘာ ၄ ရက် နံနက် ၁၀ နာရီက ဇေယျမင်္ဂလာကျောင်းတိုက် မေတ္တာစံအိမ် ပရဟိတဂေဟာ၌ ကျင်းပသည်။ (ယာပုံ)

အဆိုပါ ပေးအပ်ပွဲအခမ်းအနားတွင် ကျေးရွာရှိ ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ပေးခဲ့သော မေတ္တာစံအိမ်ပရဟိတဂေဟာ ကျောင်းသား ကျောင်းသူများက နိုင်ငံသားစိစစ်ရေးကတ်ပြား စုစုပေါင်း ၆၅ ဦးအား ပြုလုပ်ပေးခဲ့သည်။

အဆိုပါ အခမ်းအနားတွင် မူဆယ်ခရိုင် အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်မိုး၊ မူဆယ်မြို့နယ်အတွင်း လုံခြုံရေးတာဝန်ယူဆောင်ထားသည့် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်(ဦးစီး) ဗိုလ်မှူးကြီး ဇေယျာလင်း၊ မူဆယ်ခရိုင် လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူး ဦးရဲရင့်ထွန်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်လင်းနှင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်တာတို့က ကတ်ပြားများကို လက်ရောက်ပေးအပ်ပြီး အဆိုပါကျောင်းတိုက်သို့ သင်္ကန်းနှင့် ဆန်၊ ဆီ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းခဲ့သည်။

**သန့်ဇင်(မူဆယ်)**







## “စိန်သရဖူအငြိမ့်” ဖျော်ဖြေပွဲကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၌ ပြသမည်

**နေပြည်တော် နိုဝင်ဘာ ၄**

အများပြည်သူပျော်ရွှင်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဖျော်ဖြေရေးအစီအစဉ်များကို တင်ဆက်လျက်ရှိရာ **“စိန်သရဖူအငြိမ့်”** ဖျော်ဖြေပွဲကို နိုဝင်ဘာ ၆ ရက် (စနေနေ့) ည ၈ နာရီ သတင်းအပြီးတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV–HD Channel မှ ထုတ်လွှင့်ပြသမည်ဖြစ် သည်။

ယင်းဖျော်ဖြေမှုကို အောင်ဗိုလ်ဝမ်းနှင့်အဖွဲ့ (ဆိုင်း)၏ တီးခတ်မှုနှင့်အတူ ခေါင်းဆောင်မင်းသမီး နွယ်နီဝင်း၊ ရှေ့ထွက်မင်းသမီး အေးသူဇာကျော်၊ လူရွှင်တော်များဖြစ်ကြသည့် ဗျိုင်းဖြူ၊ လက်ရာ၊ ဂျိုးဖြူနှင့် ရှယ်လေးတို့က ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

ထိုသို့ တင်ဆက်မှုကို နိုဝင်ဘာ ၁၀ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲပိုင်း National News အစီအစဉ်အပြီးတွင် ဒုတိယအကြိမ် ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❂ *ရှေ့ဖုံးမှ*

ချောင်းများနှင့် ရေငန်မြစ်၊ ချောင်းများ၊ ရေချိုနှင့် ရေငန်စပ်မြစ်၊ ချောင်းများပေါ်များရာ ဒေသဖြစ်ပြီး ဒီရေတောများသည် ငါး၊ ပုစွန်များ မျိုးဥချရာနေရာဖြစ်သည့်အပြင် သဘာဝရေပြင်သို့ မရောက်မီ ဒီရေတောတွင် ရေနေသတ္တဝါများ မှီခိုနေထိုင်ရှင်သန်ရန် သဘာဝအသိုက်အမြုံဖြစ်သောကြောင့် ဒီရေတောများကို ခုတ်ထွင်ခြင်းသည် ရေသယံဇာတကို ထိခိုက်စေသည့်အပြင် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေသည့်အတွက် ရခိုင်ပြည်နယ်အတွင်းရှိ ဒီရေတောများ ပြုန်းတီးမှုမရှိစေရန် ထိန်းသိမ်းကာကွယ်မှုကို စီမံချက်ရေးဆွဲဆောင်ရွက်ခြင်းဖြစ်သည်။

“စီမံချက်နဲ့ တပ်မတော်၊ ရဲတပ်ဖွဲ့၊ သစ်တောဦးစီးဌာနတို့ ပူးပေါင်းပြီး ရခိုင်ပြည်နယ်က ဒီရေတောများ ထိန်းသိမ်းကာကွယ်မှုကို မြေပြင်ကွင်းဆင်း ဆောင်ရွက်နေပါတယ်။ မနေ့က စပြီး မြစ်၊ ချောင်းတွေအားလုံးမှာရှိတဲ့ ဒီရေတောတွေမှာ တရားမဝင် ခုတ်ထွင်ခြင်းမရှိအောင် ကြပ်မတ်ဆောင်ရွက်နေတာပါ။ ဒီရေတောတွေ စဉ်ဆက်မပြတ်ရှင်သန်ဖို့အတွက် ဌာနဆိုင်ရာနဲ့ လူမှုရေးအသင်းအဖွဲ့တွေ နှစ်စဉ်ပျိုးပင်တွေကို ပြုစုပျိုးထောင်နေတာကြောင့် ဒီရေတောတွေ ပျက်စီးမှုမရှိအောင် အားလုံးဝိုင်းဝန်းလက်တွဲ ဆောင်ရွက်ဖို့လိုပါတယ်”ဟု ရခိုင်ပြည်နယ် သစ်တောဦးစီးဌာန ဦးစီးမှူး ဦးအောင်မင်းက ပြောကြားသည်။

ရခိုင်ပြည်နယ်သည် ရှည်လျားသော ကမ်းရိုးတန်းကို ပိုင်ဆိုင်ထားသော ဒေသဖြစ်ပြီး ဒီရေတောအများဆုံး ရှင်သန်ပေါက်ရောက်ရာ နေရာဖြစ်ရာ သစ်ပင်များခုတ်ထွင်ခြင်းနှင့် ငါး၊ ပုစွန်မွေးမြူရန် ဒီရေတောများကို ခုတ်ထွင်လေ့ရှိရာ ထိုသို့ခုတ်ထွင်မှုမရှိဘဲ သဘာဝအတိုင်း မွေးမြူရန် ရခိုင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် မွေးမြူရေးတောင်သူများအား အသိပညာပေး ဆောင်ရွက်ခဲ့သည့်နည်းတူ သစ်တောဦးစီးဌာနကလည်း ဒီရေတောများကို ခုတ်ထွင်ခြင်းမရှိစေရန် ကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံပိုင် ဒီရေတောနှင့် ပုဂ္ဂလိကပိုင် ဒီရေတောများကိုလည်း သစ်တောဦးစီးဌာနက ထိန်းသိမ်းစောင့်ရှောက်လျက်ရှိပြီး ပျိုးပင်များကိုလည်း နှစ်စဉ်စိုက်ပျိုးလျက်ရှိသည်။



**ညီမ်းသူ (သတင်းစဉ်)**

**ဓာတ်ပုံ–ကနူး**

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် **“1111”** အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများမေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် **“1111”** ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှု လုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များက Short Code **“1111”** ဖြင့် SMS ပေးပို့ မေးမြန်းလိုက်သော မေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်း အစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနိုးဆော်တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

## အင်္ဂပူမြို့နယ်၌ ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ကာကွယ်ဆေး ပထမအကြိမ်ထိုးနှံ

**အင်္ဂပူ နိုဝင်ဘာ ၄**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် အင်္ဂပူမြို့နယ် ကွင်းကောက်(မြောက်)ဒေသ အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများအား ယမန်နေ့က ကိုဗစ်–၁၉ကာကွယ်ဆေး (ပထမအကြိမ်) ထိုးနှံပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကာကွယ်ဆေးထိုးရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး ဦးဆောင်သောအဖွဲ့ဝင်များနှင့် မြို့နယ်ပညာရေးမှူး ဦးလှထွန်းတို့က ကျောင်းသား ကျောင်းသူများအား ကာကွယ်ဆေးထိုးနှံမှုများကို ကြည့်ရှုအားပေးပြီး အောင်ချမ်းသာကိုယ်ပိုင်အထက်တန်းကျောင်းမှ အထက်တန်း၊ အလယ်တန်းအဆင့် ၁၂ နှစ်နှင့်အထက် အမျိုးသားငါးဦး၊ အမျိုးသမီး ၁၁ ဦး စုစုပေါင်း ၁၆ ဦးတို့အား ကိုဗစ်ကာကွယ်ဆေး ပထမအကြိမ် ထိုးနှံပေးခဲ့ကြောင်း သိရသည်။ နိုဝင်ဘာ ၂ ရက်အထိ အင်္ဂပူမြို့နယ်အတွင်းရှိ အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူ ၇၉၉၄ ဦးအား ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

**မန်းကျော်–အင်္ဂပူ(ပြန်/ဆက်)**

# ပန်းကလေးတွေ လှနေတာကိုပဲ ကြည့်နေချင်သည်

**စန်းနီလာဝင်း**



နိုဝင်ဘာ ၁ ရက်က အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်ရာ မောင်တောမြို့ရှိ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေကြစဉ်။

**❑ ပညာဥယျာဉ်များထဲမှ ပန်းကလေးများ လန်းဆန်းနေသည်ကိုသာ အစဉ်ကြည့်မြင်လိုပြီး ပန်းကလေးများ နွမ်းကြွေမည်ကိုလည်း စိုးရိမ်ပါသည်။ ကျေးဇူးရှင် ဘဝပဲ့ကိုင်ရှင် ဆရာ ဆရာမတို့၏ အစောင့်အရှောက်၊ အကာအကွယ်၊ အသင်အကြား၊ အဆုံးအမတို့ကို နာယူလိုက်နာကာ အနာဂတ်ခေါင်းဆောင်ကောင်းများအဖြစ် နိုင်ငံ့တာဝန်၊ မိဘပြည်သူတို့၏ တာဝန်၊ လူ့အဖွဲ့အစည်း၏ တာဝန်များကို ဆတက်ထမ်းပိုးသယ်ပိုးစွမ်းဆောင်သွားနိုင်ကြပါစေ**

**ပညာဥယျာဉ်ထဲက မနွမ်းပန်း**

- နွေမှာပွင့်လန်း၊ ပိတောက်ပန်းကို
  ဆင်မြန်းပန်ဆင်၊ လှယဉ်ယဉ်မင့်
  သူ့တွင် အလှမခြဲပါ။
- မိုးမှာပွင့်လန်း၊ စံပယ်ပန်းကို
  ဆင်မြန်းပန်ဆင်၊ လှယဉ်ယဉ်မင့်
  သူ့တွင် အလှမခြဲပါ။
- ဆောင်းမှာပွင့်လန်း၊ သဇင်ပန်းကို
  ဆင်မြန်းပန်ဆင်၊ လှယဉ်ယဉ်မင့်
  သူ့တွင် အလှမခြဲပါ။
- ပိတောက်၊ သဇင်၊ စံပယ်ယဉ်ကို
  အသင်စွဲလမ်း၊ ပန်ဆင်မြန်းလည်း
  ပန်း၏အလှ၊ တဒင်္ဂမျှ
  ကြွေနွမ်းဘဝ၊ သခ်ါရကြောင့်
  တစ်ဘဝမှာ၊ ထာဝရလန်း
  ပညာပန်းကို၊ လိုလိုချင်ချင်
  သင်ပန်ဆင်က၊ အစဉ်ထာဝရ
  လှပနေမည်သာတည်း။ ။

နိုဝင်ဘာလ ၁ ရက်နေ့က စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်လိုက်ပြီဖြစ်၍ ပညာရည်နို့သောက်စို့နေကြသည့် ပညာသင်မောင်မယ်များ ကိုဗစ်-၁၉ ရောဂါဆိုးကြီးကြောင့် ပညာမိုးယာယီခေါင်နေခဲ့ရာမှ ပညာရွှေမိုး ရွာသွန်းဖြိုးပြီဖြစ်သောကြောင့် ပညာပန်းကလေးများ စိုပြည်လန်းဆန်းလာကြပြီ ဖြစ်သည်။

**အတုမြင် အတတ်သင်**

ပျိုမျစ်နုနယ် ဆယ်ကျော်သက်ရွယ် ပညာသင်မောင်မယ်တို့မှာ အတုမြင် အတတ်သင်ကာ အရာရာတွင် တိမ်းလွယ်၊ ယိမ်းလွယ်၊ ယိုင်လွယ်၊ ဆွတ်လွယ်၊ ညွတ်လွယ် ဖြစ်တတ်လေ့ရှိကြသည်။ ပုံစံသွင်းလျှင်လည်း ဖော့ဖယောင်းပမာ ပျော့ပျောင်းလှသည်။ ရေသည် ထည့်သည့်ပုံစံပေါ်မူတည်၍ ပြောင်းလဲတတ်သည့်နှယ် ရေလှိုင်းပေါ်တွင်ရှိနေသော လှေတစ်စင်းပမာ အရာရာ၌ လူးလွန့်ယိမ်းယိုင်တတ်သည့် သဘောရှိသည်။ သစ်ရွက်တွေ မြေခကြွေကျနေသည်ကိုပင်ကြည့်၍ ရယ်မောတတ်သည့် အရွယ်ပါတည်း။

အဖြူ၏ ပင်ကိုသဘာဝသည် သန့်ရှင်းလှသည်။ အပြစ်လည်းကင်းစင်ပါသည်။ သို့တစေ အဖြူရောင်သက်သက်ကို အရောင်မျိုးစုံဖြင့် ခြယ်လှယ်စိုးမိုးလိုက်သောအခါ အဖြူ၏ မူလပကတိဘဝသည် အလိုအလျောက် ပျက်ပြယ်ပျက်စီးသွားရပါသည်။

မီးဟူသည် မသိ၍ ကိုင်တွယ်မိသည်ဖြစ်စေ၊ သိလျက်နှင့် ကိုင်တွယ်မိသည်ဖြစ်စေ အပူလောင်ခံရမှာ သေချာလှသည်။ မီးစွဲလောင်နေသော နေအိမ်သည်လည်း ရှိရှိသမျှသော အရာအားလုံးကိုလည်းကောင်း၊ အနီးပတ်ဝန်းကျင်ကို လည်းကောင်း ကူးစက်လောင်ကျွမ်းမည်သာ ဖြစ်သည်။

ထိုဥဒါဟရုဏ်ကဲ့သို့ပင် နိုင်ငံရေးသမား မသမာသူများ၊ ခေါင်းဆောင်တု ခေါင်းဆောင်ယောင်များ၊ ဆရာတု ဆရာယောင်တို့သည် မိမိတို့၏ အယူအဆအမှား၊ အပြောအဆိုအမှား၊ အလုပ်အကိုင်အမှားတို့ဖြင့် မိမိကိုသာမက မိမိနှင့်ပေါင်းသင်းဆက်နွှယ်သူမှန်သမျှကိုပါ ကူးစက်ဒုက္ခပေးမည်မှာ မလွဲပေ။

ထို့ကြောင့် မြတ်ဗုဒ္ဓ၏ သုံးဆယ့်ရှစ်ဖြာမင်္ဂလာတရားတော်တွင် "အသေဝနာစ ဗာလာနံ" လူမိုက်၊ လူယုတ်မာ၊ လူဆိုးများနှင့် မပေါင်းသင်းမဆက်ဆံဘဲ လုံးဝရှောင်ကြဉ်နေနိုင်ခြင်းသည် လူနေမှုလောက၌ ပထမဦးဆုံးအရေးကြီးသော မင်္ဂလာတစ်ပါးဖြစ်ပြီး တစ်ဆက်တည်းမှာပင် "ပဏ္ဍိတာနဉ္စသေဝနံ" ပညာရှိ လူကောင်းလူတော်များကို အစဉ်မှီဝဲ ဆည်းကပ်ကာ နည်းနာနိသယျ အဆုံးအမတို့ကို ခံယူခြင်းသည် ဒုတိယအရေးကြီးဆုံး မင်္ဂလာတစ်ပါးဖြစ်သည်ဟု ဟောဖော်ညွှန်ပြတော်မူခဲ့ခြင်းပင်ဖြစ်သည်။

**သွေးဆောင်ဖြားယောင်းလှည့်စား**

လွန်ခဲ့သည့် နှစ် ၄၀ ကျော်က တောတွင်း ဗကပ သောင်းကျန်းသူတို့၏ လွဲမှားသော သွေးဆောင်ဖြားယောင်းလှည့်စားမှုများကို မျက်စိမှိတ်ယုံစားမိခဲ့ကြသည့် တောခိုတက္ကသိုလ်ကျောင်းသားအချို့မှာ ဗကပခေါင်းဆောင် သခင်သန်းထွန်း၏ ဖြုတ်၊ ထုတ်၊ သတ် စီမံကိန်းနှင့်အတူ ဟသ်ာကိုးသောင်း ဇာတ်ခင်းကာ လည်မျိုကို ဝါးရင်းတုတ်များဖြင့် နှိပ်စက်ရိုက်နှက်သတ်ဖြတ်၍ လည်ချောင်းသွေးများနှင့် ခြေဆေးခဲ့ကြသည့် အနိဋ္ဌာရုံဖြစ်ရပ်ဆိုးကြီး ပေါ်ပေါက်ခဲ့သည်။ ယခု NUG၊ CRPH၊ PDF စသည့် နိုင်ငံရေးမသမာသူ အကြမ်းဖက်လူရမ်းကားတို့သည်လည်း ယခင်တောတွင်း ဗကပ သောင်းကျန်းသူအချို့၏ အကြမ်းဖက်ရမ်းကားရက်စက်မှုများထက် အကြမ်းဖက်သတ်ဖြတ်မှုများတွင် ရက်စက်မှုအပေါင်း သရဖူဆောင်းခဲ့ကြသည်ကို တွေ့ရသည်။

**ဆရာမပြနည်းမကျ၊ ဆုံးမစကား**
**မှတ်သားလိုက်နာ ကောင်းကျိုးဖြာ**

လူနေမှုအဖွဲ့အစည်း၌ "အကွပ်အထိန်း" ဟူသော ကျင့်ဝတ်ဝိနည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ မရှိမဖြစ် လိုအပ်လာပါသည်။ ကြမ်းခင်းကို ပရမ်းပတာ မဖြစ်ရလေအောင် "အကွပ်" လုပ်ပေးရသည်။ တကယ်တော့ အထုအဆစ်မခံရသော ကျောက်သားသည် မည်သို့မျှ လှပသော ကျောက်ဆစ်ရုပ်တု ဖြစ်မလာနိုင်ပါ။ ထို့အတူ ဆောက်ထွင်းမခံရသော သစ်သား၊ ပွတ်လုံးအထိမခံရသော သစ်သားတို့သည်လည်း မည်သို့မျှ လှပသော ပန်းပုရုပ်ဖြစ်မလာနိုင်ပါ။ အသွေး မခံရသော ဓားသည်လည်း ထက်မြက်သော ဓားတစ်ချောင်း ဖြစ်မလာနိုင်ပါ။ အရိုက်အပုတ် မခံရသော ရွှံ့မြေသည်လည်း မည်သို့မျှ အိုးကောင်းတစ်လုံး ဖြစ်မလာနိုင်ပါ။

**စင်ကြယ်မွန်မြတ်လှသူများ**

ဆရာ ဆရာမတို့သည် ပညာသင်မောင်မယ်တို့၏ ဘဝပဲ့ကိုင်ရှင်များ ဖြစ်ကြသကဲ့သို့ ဘဝဥယျာဉ်မှူးတို့လည်း ဖြစ်ကြသည်။ "တပည့်မရှား၊ တစ်ပြားမရှိ၊ ပီတိကိုစား၊ အားရှိပါ၏" ဟူသော ဆိုစကားသည် စေတနာ၊ ဝါသနာ၊ အနစ်နာဟူသော နာသုံးနာစလုံးကို အရင်းပြု၍ အသက်မွေးဝမ်းကျောင်းမှု စင်ကြယ်မွန်မြတ်လှသူများ ဖြစ်ကြသည်။

အနန္တဂိုဏ်းဝင် ကျေးဇူးရှင်များဖြစ်ကြသည့် အလျောက် "အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့၊ ဆရာတို့ ကျင့်ဖို့ဝတ်ငါးဖြာ" ဟူသော (၁) ပညာသင်ယူသူ တပည့်အားလုံး အသိပညာ၊ အတတ်ပညာ သင်ကြားပေးခြင်း၊ (၂) တပည့်များအား ကိုယ်ကျင့်တရားကောင်းမွန်အောင် မကောင်းမှုများကို ရှောင်ကြဉ်ရန် သွန်သင်လမ်းပြဆုံးမခြင်း၊ (၃) ပညာသင်ပေးရာတွင် ဆရာစားမချန် သင်ကြားပေးခြင်း၊ (၄) တပည့်တို့၏ ဘေးအန္တရာယ် အသွယ်သွယ် မှန်သမျှကို ကာကွယ်ဖြေရှင်းစောင့်ရှောက်ပေးခြင်း၊ (၅) တပည့်များကို လူကောင်းလူတော် ပညာရှင်များနှင့် ချိတ်ဆက်အပ်နှံ၍ တိုးတက်စေခြင်း ဟူသော ကျင့်ဝတ်ဝတ္တရားများကြောင့် အနန္တဂိုဏ်းဝင်ကျေးဇူးရှင်များအဖြစ် ကျေးဇူးဆပ်၍ မကုန်နိုင်သော ပုဂ္ဂိုလ်မြတ်တို့ ဖြစ်ကြသည်။

မြန်မာမှုစကားတစ်ခုတွင် "အစကောင်းမှ အနှောင်းသေချာမည်" (Good beginning is good ending) ဟူသော လမ်းညွှန်စကားနှင့်အညီ ပညာသင်ရွယ် လူငယ်မောင်မယ်တို့၏ ဘဝဥယျာဉ်မှူးများ ဖြစ်ကြသည့် ကျေးဇူးရှင်ဆရာ ဆရာမများ၏ အသင်အပြ၊ အဆုံးအမ လမ်းညွှန်ပဲ့ပြင်မှုများကို ရိုသေလိုက်နာကြမှသာ ကျောင်းနေပျော်၍ စာတော်ကြမည်။ "သားကောင်းတစ်ယောက် ကျောက်ကောင်းတစ်စွေ၊ ပန်းကောင်းတစ်ပွင့်၊ သီးကောင်းတစ်ခိုင်၊ သစ်ကောင်းတစ်ပင်"ပမာ ကိုယ်စီကိုယ်ငှ နိုင်ငံ့သားကောင်းရတနာ၊ သမီးကောင်းရတနာများ ဖြစ်လာကြမည်မှာ မြေကြီး လက်ခတ်မလွဲပေ။

သို့ဖြစ်၍ စာရေးသူက ပညာဥယျာဉ်များထဲမှ ပန်းကလေးများ လန်းဆန်းနေသည်ကိုသာ အစဉ်ကြည့်မြင်လိုပြီး ပန်းကလေးများ နွမ်းကြွေမည်ကိုလည်း စိုးရိမ်ပါသည်။ ကျေးဇူးရှင် ဘဝပဲ့ကိုင်ရှင် ဆရာ ဆရာမတို့၏ အစောင့်အရှောက်၊ အကာအကွယ်၊ အသင်အကြား၊ အဆုံးအမတို့ကို နာယူလိုက်နာကာ အနာဂတ်ခေါင်းဆောင်ကောင်းများအဖြစ် နိုင်ငံ့တာဝန်၊ မိဘပြည်သူတို့၏ တာဝန်၊ လူ့အဖွဲ့အစည်း၏ တာဝန်များကို ဆတက်ထမ်းပိုးသယ်ပိုးစွမ်းဆောင်သွားနိုင်ကြပါစေဟု ဆန္ဒပြုရေးသားလိုက်ရပါသည်။ ။

# မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအား စိုက်ပျိုးမြေအဖြစ်သာမက မွေးမြူရေးလုပ်ငန်းများအတွက်ပါ ခွင့်ပြုချထားပေးမည်



ပဲခူးတိုင်းဒေသကြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး အမှတ်စဉ်(၂/၂၀၂၁)တွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း အမှာစကားပြောကြားစဉ်။

ပဲခူး နိုဝင်ဘာ ၄

**မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအား စိုက်ပျိုးမြေအဖြစ် အသုံးပြုရန် လျှောက်ထားမှုသာမက မွေးမြူရေးလုပ်ငန်းများအတွက် လျှောက်ထားလာပါက သတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုချထားပေးသွားမည်ဖြစ်ကြောင်း ပဲခူးတိုင်းဒေသကြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ပဲခူးတိုင်းဒေသကြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးကော်မတီအစည်းအဝေးအမှတ်စဉ်(၂/၂၀၂၁)တွင် ပြောကြားသည်။**

အဆိုပါ အစည်းအဝေးကို ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာအစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၃ ရက် မွန်းလွဲပိုင်းက ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပဲခူးတိုင်းဒေသကြီးသည် စိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်သည့် တိုင်းဒေသကြီးတစ်ခုဖြစ်ပြီး မြေလွတ်၊ မြေလပ်၊ မြေရိုင်းများကို ဖော်ထုတ်၍ စိုက်ပျိုးမြေအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းအားဖြင့် တိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးထုတ်ကုန်များ ပိုမိုတိုးတက်လာနိုင်မည်ဖြစ်ကြောင်း၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ကိုင်ခွင့် ခွင့်ပြုချထားပေးရာတွင် ဒေသခံပြည်သူ၊ စိုက်ပျိုးမြေမရှိသူနှင့် မိရိုးဖလာ ဓားမဦးချ လုပ်ကိုင်နေသူများအား ဦးစားပေးခွင့်ပြုချထားပေးရမည်ဖြစ်ကြောင်း၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများလုပ်ကိုင်ခွင့် လျှောက်ထားမှုများတွင် အခြားရည်ရွယ်ချက်ဖြင့် အမှန်တကယ် လုပ်ကိုင်ခြင်းမရှိဘဲ မြေနေရာဦးထားခြင်းမျိုး မဖြစ်စေရန်နှင့် ယခင်ခွင့်ပြုချထားပေးခဲ့သည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ကိုင်ခွင့် ခွင့်ပြုနေရာများတွင် မူလသတ်မှတ် စည်းကမ်းချက်များအတိုင်း စိုက်ပျိုးလုပ်ကိုင်ခြင်း ရှိ မရှိ ကွင်းဆင်းစိစစ် တင်ပြပေးရန် မှာကြားသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးကော်မတီ အတွင်းရေးမှူး၊ တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်သန်းလွင်က ပဲခူးတိုင်းဒေသကြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး ကော်မတီသို့ တင်ပြလျှောက်ထားလာသည့် အမှုတွဲများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ ကော်မတီအဖွဲ့ဝင်များက အကြံပြုဆွေးနွေးကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆုံးဖြတ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**




မူဆယ်ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက လျှပ်စစ်ထရန်စဖော်မာအား အမွှေးနံ့သာရည်ပက်ဖျန်းပေးစဉ်။

## မူဆယ်မြို့နယ် အထက်နမ့်ဟွယ်ကျေးရွာ၌ လျှပ်စစ်မီးလင်းရေးဖွင့်ပွဲ ကျင်းပ

**မူဆယ် နိုဝင်ဘာ ၄**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့နယ် မိုင်းယု(၁၀၅)မိုင်ကျေးရွာအုပ်စု၊ အထက်နမ့်ဟွယ်ကျေးရွာတွင် ကျေးရွာလုံးကျွတ် မီးရရှိရေးအတွက် ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် ဆောင်ရွက်ခဲ့သော ထရန်စဖော်မာဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ကျေးရွာ ထိပ်၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် နမ့်ဟွယ်ကျေးရွာမှ ဝေဠုဝန်ကျောင်းထိုင်ဆရာတော် ဦးကေလာသ၊ မူဆယ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်မိုး၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်(ဦးစီး) ဗိုလ်မှူးကြီး ဇေယျာလင်းနှင့် ကျေးရွာ မီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးဆမ်လုတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

မိုင်းယု(၁၀၅)မိုင် ကျေးရွာအုပ်စုရှိ အထက်နမ့်ဟွယ်ကျေးရွာတွင် ယခင်က တရုတ်နိုင်ငံမှ လျှပ်စစ်ဓာတ်အားကိုသွယ်တန်း၍ မီးရယူခဲ့ကြသည်။ ရွှေလီရေအားလျှပ်စစ် ရရှိချိန်တွင် အဆိုပါ တရုတ်နိုင်ငံဘက်မှ ဓာတ်အားကို ဖြတ်တောက်ကာ မြန်မာနိုင်ငံဘက်မှ လျှပ်စစ်ဓာတ်အားကို သွယ်တန်းရန် ဆောင်ရွက်ခဲ့သော်လည်း အချိန်ကြာသည်အထိ လျှပ်စစ်မီးမရရှိသဖြင့် ကျေးရွာနေပြည်သူများက ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် ကျေးရွာ မီးလင်းရေးအတွက် ဆောင်ရွက်ခဲ့ကြရာ ယနေ့အချိန်တွင် ဒေသနေပြည်သူများအတွက် မီးရရှိလာပြီဖြစ်သည်။

နမ့်ဟွယ်ကျေးရွာတွင် ၁၀၀ ကေဗွီအေ ထရန်စဖော်မာကို ကိုယ့်အားကိုယ်ကိုး စနစ်ဖြင့် ဒေသခံပြည်သူများက စုပေါင်း၍ မတည်ငွေကျပ် သိန်း ၃၅၀ ကျော်နှင့် ကမ္ဘာ့ဘဏ်မှ ချေးငွေကျပ်သိန်း ၄၂၀ ကျော် စုစုပေါင်း ငွေကျပ်သိန်း ၇၇၀ ကျော်ဖြင့် တပ်ဆင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ထရန်စဖော်မာမှ ကျေးရွာရှိ အိမ်ထောင်စုပေါင်း ၁၀၇ စု ကို မီးပေးနိုင်ရေး ဆောင်ရွက်ထားရှိကြောင်း မြို့နယ်လျှပ်စစ်ဌာနမှ သိရသည်။

ယင်းနောက် ဝေဠုဝန်ကျောင်းတိုက်တွင် နမ့်ဟွယ်ကျေးရွာ မီးလင်းရေးကော်မတီ ရန်ပုံငွေအတွက် ကျောင်းထိုင်ဆရာတော် ဦးကေလာသထံသို့ ခရိုင်စီမံခန့်ခွဲရေး ကော်မတီဝင်များမှ ငွေကျပ် ၁၀ သိန်း၊ ရွှေဖီအောင်ရင်မိသားစု (ကိုယ်စား) သားကြီး ဦးစိုးမိုးအောင် (မန်ဂျယ်ပြည်သူ့စစ်)က ငွေကျပ် ၁၅ သိန်း၊ မြို့နယ်စီမံခန့်ခွဲရေး ကော်မတီဝင်များက ငွေကျပ် ငါးသိန်းနှင့် မြို့နယ်လျှပ်စစ်ဌာနက ငွေကျပ် ငါးသိန်း စုစုပေါင်း ငွေကျပ်၃၅ သိန်းကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ချယ်ရီမြေ(မူဆယ်)**

## ဟသ်ာတခရိုင်အတွင်းရှိ ကျေးရွာ ၁၄ ရွာ၌ အသေးစားဓာတ်အားစနစ်ဖြင့် မီးလင်းရေးဆောင်ရွက်

**ဟသ်ာတ နိုဝင်ဘာ ၄**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း(NEP)ဖြင့် မဟာဓာတ်အားလိုင်းပြင်ပ နောင် ၁၀ နှစ်နှင့် ၁၅ နှစ်အတွင်း မဟာဓာတ်အားလိုင်း မရောက်ရှိနိုင်သောဒေသရှိ ကျေးရွာများအတွက် အိမ်သုံးဆိုလာစနစ်နှင့် အသေးစား ဓာတ်အားစနစ်တို့ဖြင့် မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ခရိုင်အတွင်းရှိ မြို့နယ် လေးမြို့နယ်မှ ကျေးရွာပေါင်း ၁၀ ရွာတွင် အသေးစားဓာတ်အားစနစ် (Mini-Grid)ဖြင့် မီးလင်းရေးလုပ်ငန်း ခုနစ်ခုကို ဆောင်ရွက်ပြီးဖြစ်ကြောင်း သိရသည်။

အလားတူ အသေးစားဓာတ်အားစနစ်ဖြင့် ကျေးရွာလေးရွာတွင် မီးလင်းရေးလုပ်ငန်းသုံးခုကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နေပြီး မေလကုန်တွင် အပြီးသတ်ဆောင်ရွက်နိုင်ရန် တာဝန်ခံဝန်ထမ်းများနှင့် ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်သက်ရှည်ထံမှ သိရသည်။

အဆိုပါ ကျေးရွာပေါင်း ၁၄ ရွာတွင် အသေးစားဓာတ်အားစနစ်ဖြင့် မီးရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက အိမ်ထောင်စု ၂၀၅၃ စုမှ လူဦးရေ ၁၄၆၈၉ ဦးတို့၏ နေအိမ်များ၊ စာသင်ကျောင်း၊ ဆေးပေးခန်း၊ ဘာသာရေးကျောင်းများနှင့် လျှပ်စစ်လမ်းမီးတိုင်များတို့၌ မီးအလင်းရောင် ရရှိရုံတွင်သာမက တစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်နိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

ဟသ်ာတခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက နောင်လာမည့် ဘဏ္ဍာနှစ်များတွင် စီမံကိန်းသတ်မှတ်ချက်နှင့် ကိုက်ညီသည့် ခရိုင်အတွင်းရှိ ကျေးရွာပေါင်း ၃၆ ရွာတွင် လုပ်ငန်းပေါင်း ၃၀ ကို အသေးစား ဓာတ်အားစနစ်ဖြင့် ဆောင်ရွက်နိုင်ရေး လျာထားမှုအပေါ် မြေပြင်အခြေအနေကို ကွင်းဆင်းစိစစ်လျက်ရှိပြီး ဘဏ္ဍာနှစ်အလိုက် ခွင့်ပြုရန်ပုံငွေနှင့် ရင်းနှီးမြှုပ်နှံမည့် လုပ်ငန်းရှင်များ ပါဝင်မှုအပေါ် မူတည်၍ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည်ကြောင်း သိရသည်။

**ဟသ်ာတ(ပြန်/ဆက်)**



နေရောင်ခြည်စွမ်းအင်သုံး အသေးစားဓာတ်အားပေးစနစ်ဖြင့် မီးရရှိရေး ဆောင်ရွက်ထားမှုကို တွေ့ရစဉ်။

## နေရာကွက်ကျား မိုးထစ်ချုန်းရွာ

**နေပြည်တော် နိုဝင်ဘာ ၄**

မကွေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ ပဲခူးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ နေပြည်တော်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ကရင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့သည်။

**မိုး/ဇလ**

# မီးရထားဖြင့် ခရီးသွားကြစေချင်သည်

**မြင်းမှူမောင်နိုင်မိုး**

**"ကျေးဇူးပြု၍နားဆင်ပါရှင် x ကျေးဇူးပြု၍ နားဆင်ပါရှင် အမှတ် (၂) စင်္ကြံ (No 2 Platform) တွင် ရှိသော ရထားတွဲများသည် မန္တလေးသို့ နံနက် ၈ နာရီ အချိန်ထွက်ခွာပေးရမည့် အမှတ် ၁ အဆန် စာပို့ရထားတွဲများဖြစ်ပါတယ်ရှင်... "**

မြန်မာ့မီးရထား ပြန်ကြားရေးဌာနမှ ရထားထွက်ချိန် ဆိုက်ရောက်ချိန်ကို အသံလွှင့်ကြေညာပေးသော အမျိုးသမီး၏ ကြည်လင်ချိုမြသော အသံလေးကို ကြားရသည်မှာ သာယာနာပျော်ဖွယ်ကောင်းလှ၏။ သူ၏ အသံသည် ပီသကြည်မြပြီး တည်ငြိမ်အေးချမ်းလှသည်။

ကျွန်တော်သည် လွန်ခဲ့သောနှစ်ပေါင်း ၅၀ ကျော်ကပင် မီးရထားနှင့် ခရီးသွားခြင်းကို အကြိမ်ကြိမ် ပြုခဲ့ဖူးသည်။ ထိုနှစ်ပေါင်း ၅၀ ကျော်ကလည်း မီးရထားဆိုက်ချိန် ရောက်ချိန် ကြေညာသော အမျိုးသမီးတို့၏ အသံမှာ ယနေ့ကြားရသော အသံနှင့် ဘာမျှမခြားဘဲ အတူတူလိုပင်ဖြစ်၏။ ယနေ့ကြားရသော အမျိုးသမီး၏ အသံမှာ အသက် (၃၀) ဝန်းကျင်အရွယ်၏ အသံဖြစ်၍ လွန်ခဲ့သောနှစ်ပေါင်း (၅၀) ခန့်က အမျိုးသမီး၏ အသံမဟုတ်သည်ကတော့ သေချာ၏။

အမှန်မှာ ဤဌာနရှိအသံလွှင့်ကြေညာသူများ၏ အစဉ်အဆက်ညွှန်ပြသွန်သင်ပေးမှု၊ အစဉ်အလာကို လေးစားလိုက်နာမှုတို့ကြောင့်သာ ဤကဲ့သို့ အသံအားဖြင့် ချိုမြကြည်လင်စွာ၊ အဖြတ်အတောက်မှန်ကန်စွာ၊ တည်ငြိမ်အေးချမ်းစွာ ပြောဆိုနိုင်ကြခြင်းဖြစ်၏။ ခေတ်စကားဖြင့်ပြောရမည် ဆိုလျှင် လုံးဝပဲမများသော အသံဖြစ်၏။

ဤသို့ပြောရသည်မှာ အကြောင်းရှိပါသည်။ ယခုခေတ်တွင် အချို့သော ရုပ်သံလွှင့်ကြေညာသူများ၊ အဝေးပြေးကား၊ လေယာဉ်ပျံအစရှိသော ခရီးများတွင် ခရီးစဉ်ကြေညာသူများ၏ အသံကို နားထောင်ရသည်မှာ အလွန်ပင် စိတ်ကသိကအောက်ဖြစ်ရပါသည်။ မဝဲသင့်သည့် နေရာဝဲ၊ မရုပ်သင့်သည့် နေရာရုပ်၊ မဖြတ်သင့်သည့် နေရာဖြတ်၍ ပလီပလာ ဟန်မူယာတွေ ထည့်သွင်းပြောကြလွန်းသဖြင့် ဘာကြေညာလို့ ကြေညာမှန်း၊ ဘာပြောလိုက်လို့ပြောမှန်းပင် မသိချေ။ တစ်ခါက အဝေးပြေးကားဂိတ်တစ်ခုတွင် အမျိုးသမီးငယ်တစ်ဦးက ယာဉ်အမှတ် ဘယ်လောက်ဖြင့် လိုက်ကြမည့် ခရီးသည်များကို ဖိတ်ခေါ်ရာတွင် ........

"ယဉ်းအမှာ... ဖိုအီ/ လေလေကိုတင့်ဖြင့် လိုက်ပါကြမည့်ခရီးသယ်များရှန်..." ဟု ကြားရ၏။

ယဉ်းအမှာ တဲ့။

ဖိုအီ တဲ့။

လေလေကိုတင့်တဲ့။ ဒုက္ခပဲ။ ကျွန်တော်နားမလည်ပါ။ သို့ဖြစ်၍ ကြေညာသူ အနားသို့ရောက်အောင် လူတွေကိုတိုးဝှေ့၍ သွားမေးရတော့၏။ သည်တော့မှ သူဆိုလိုတာကို အမှန်အတိုင်းသိရသည်။

ယဉ်းအမှာဆိုတာ ယာဉ်အမှတ်လို့ပြောတာ။

ဖိုအီ ဆိုတာ (4/E (Four E) လို့ပြောတာ၊ လေလေကိုတင့် ဆိုတာ လေးလေးကိုးတစ် (၄၄၉၁) ယာဉ်အမှတ် 4E ၄၄၉၁ ကို ပြောတာပါတဲ့ခင်ဗျာ။ ဒါ့ထက်ဆိုးရွားသော ပဲသံတွေ မူရာမာယာသံတွေ အများကြီး ကြုံခဲ့ဖူးပါသည်။ စာရှည်မှာစိုး၍ မရေးလိုတော့ပါ။ အကယ်၍ ပဲမများသော အသံ၊ မူရာမာယာမများသောအသံ၊ တည်ငြိမ်အေးချမ်းသော အသံလေးများ၏ နဂိုမူလ (Oringinal) မပျက် အစဉ်အဆက် ထိန်းသိမ်းထားသော အသံလေးများကို ကြားလိုလျှင်တော့ ရန်ကုန်ဘူတာကြီးသို့ ကြွမြန်းပြီး မီးရထားဖြင့် ခရီးသွားကြည့်ပါလို့သာ ဖိတ်ခေါ်ချင်တော့သည်။

ယခုရက်ပိုင်းအတွင်း မိမိ၏ အလုပ်ကိစ္စဖြင့် ရန်ကုန်ဘူတာကြီးနားသို့ နေ့စဉ်ရောက်ပါသည်။ ကိုဗစ်ကာလ ကပ်ရောဂါဆိုးကြီးကြောင့် တိတ်ဆိတ်ခြောက်သွေ့ခဲ့ရသော ရန်ကုန်ဘူတာကြီးသည် အတော်အသင့် ပြန်လည်စည်ပင်စပြုနေသည်ကို တွေ့မြင်ရ၏။ မီးရထားဝန်ထမ်းများ၊ လုံခြုံရေးတာဝန်ရှိသူများ၊ ပြည်သူများ အဆင်ပြေချောမွေ့စွာသွားလာနိုင်ရေးအတွက် အသီးသီးမိမိတို့တာဝန်များကို ထမ်းဆောင်နေကြသည်များကို တွေ့မြင်ရ၏။ ဝမ်းသာကြည့်နူးမိပါသည်။



မြန်မာ့မီးရထားတစ်စင်း ခုတ်မောင်းပြေးဆွဲနေသည်ကို တွေ့ရစဉ်။

ကျွန်တော်သည် ခရီးသွားလာခြင်းအမျိုးမျိုးထဲတွင် မီးရထားဖြင့် ခရီးသွားရခြင်းကို အလွန်နှစ်သက်ပါသည်။ ၁၉၆၉ ခုနှစ်တုန်းက ဆယ်တန်းအောင်တော့ စီးပွားရေးတက္ကသိုလ် တက်ခွင့်ရသည်။ အဖေက ကျွန်တော့်ကို မီးရထားဖြင့် ရန်ကုန်သို့ လိုက်ပို့ပါသည်။ အဆောင်နေခွင့် မရသဖြင့် ပုဇွန်တောင်ဘူတာအနီးရှိ ဘကြီးဘုန်းကြီး၏ ကျောင်း (ကျိုက်ထီးရိုးကျောင်းတိုက်) တွင် နေထိုင်ရ၏။ အဖေ့ညီ အဖေ့အစ်ကို ဘုန်းကြီးများ ဦးဇင်းများ အတော်များများရှိ၏။ ဦးဇင်းဦးစိန္တက ကျွန်တော့်ကို မြို့ပတ်ရထားစီး၍ ကျောင်းတက်ရန် အကြံပြု၏။ ထို့ကြောင့် ပုဇွန်တောင်ဘူတာမှ လှည်းတန်းအထိစီးရသည်။ လှည်းတန်းဘူတာမှ တောင်ငူဆောင်ရှေ့အထိ လမ်းလျှောက်။ တောင်ငူဆောင်မှ Eco ကို ကားခ ၅ ပြားပေးပြီး စီးသည်။ တစ်မှတ်တိုင်။ လှည်းတန်းအထိ ရထားခက ပြား ၃၀၊ အသွားအပြန် ပြား ၆၀။ နောက်တော့ လပေးလက်မှတ်ဖြင့် စီးရာ တစ်လမှ ၄ ကျပ် ပြား ၇၀ ပဲ ကုန်ကျသည်။ သို့ဖြစ်၍ တက္ကသိုလ်ကျောင်းသားဘဝ (၆) နှစ်လုံးလုံး မီးရထားသံတွေ ကြားမှ လှုပ်ရှားကျင်လည်ခဲ့ရသည်။

ကျောင်းပိတ်ရက်များတွင် မိဘအိမ်သို့ ပြန်သောအခါမှာလည်း ရထားဖြင့်သာပြန်သည်။ မီးရထား ခရီးလမ်းတစ်လျှောက် ဝယ်စားရသော ထမင်းထုပ်များကို အလွန်နှစ်သက်ပါသည်။ အထူးသဖြင့် ပြွန်တန်ဆာ၊ ညောင်လေးပင်ဘူတာများမှ ဝယ်စားရသည့် ထမင်းထုပ်များ၊ ဖက်စိမ်းရွက်ဖြင့် ထုပ်ထားသော ထမင်းထုပ်ထဲတွင် ကြက်သား ဟင်းရည်ကျဲလေး ဆမ်းထားသည်။ ဟင်းဖတ်ကတော့ နှစ်ဖတ် သုံးဖတ်။ ပဲတီချဉ် (သို့) သရက်ချဉ်ပါသည်။ ပြီးတော့ ငရုတ်သီးတောင့်ကြော် နှစ်တောင့်လောက်နဲ့ မြေပဲဆန်ကြော်ပြောက်ကျဲပြောက်ကျား။ ထိုထမင်းထုပ်ကို ဘယ်လိုကြိုက်မှန်းမသိ။ နှစ်ထုပ် သုံးထုပ် ဝယ်စားလေ့ရှိသည်။

မီးရထားစီးသည့်အခါ ပြတင်းတံခါးဖွင့်ပြီး အပြင်ရှုခင်းတွေကြည့်ရတာ အလွန်ကြည်နူးဖို့ကောင်းသည်။ စိမ်းစိုနေသော စပါးခင်းများ။ ထိုအပေါ်မှာ ပျံဝဲနေသော ငှက်ဖြူများ။ တစ်ခါတစ်ရံ လယ်ကွင်းတွေနံဘေး စားကျက်များထဲတွင် တွေ့ရသော ဝဝဖီးဖီးရောမကျွဲကြီးများ။ နွားပြာ၊ နွားညို၊ နွားနီ အစရှိသောနွားအုပ်များ။ ကဗျာရေးသူ စာရေးသူတစ်ဦးအတွက် စိတ်အာရုံဝယ် ကဗျာကာရန်အသံတွေ ထင်ဟပ်စေသော ရှုခင်းများပင်ဖြစ်၏။

တစ်ခါတုန်းက နွေရာသီကျောင်းပိတ်ရက် အညာသို့အပြန် ရန်ကုန်-မန္တလေးရထားကြီးပေါ်မှာ ဖြစ်၏။ ကျွန်တော့်ထိုင်ခုံရှေ့တွင် အခါလည် အရွယ်သမီးလေးနှင့် ကလေးအဖေဖြစ်ဟန်ရှိသော အသက် ၃၀ ကျော် အရွယ်လူငယ်တစ်ဦး လိုက်ပါလာ၏။ ကလေးငိုတိုင်းသူ့ခမျာ ပျာယာခတ်နေရှာ၏။ ကလေးရှူးပေါက်ထားသည့် အဝတ်တွေ အနီးလဲပေးလိုက်ပြီးလျှင် အိုအို.... အေးအေး ဆိုကာ ချော့၍သိပ်ပေးရှာ၏။ ကလေးငယ်လေးက ဖခင်ပေါင်ပေါ်မှာ မှေးနေခိုက် ကဗျာကာရန်လေးတွေ နိုးထလာသည်။

သမီးလေးသူ့မိခင်
မမြင်ရပါတကား။
နို့ဘူးတဖျော်ဖျော်နှင့်
အိုအေး တကြော်ကြော်နှင့်
ဖေ့ပေါင်ပေါ်ခမျာမှေးရတယ်
နွေးပွဲ့မလား။

တစ်ဆက်တည်းပင် ကလေးငယ်၏ မိခင်ကို မမြင်မတွေ့ရသဖြင့် ဘယ်လိုဖြစ်တာလဲဟု မေးမိသည်။ ကလေးအဖေလေးက မျက်နှာငယ်လေးဖြင့် ဖြေရှာသည်။ တခြားသူတစ်ယောက် နောက်လိုက်ပြေးသွားလို့ပါတဲ့။ ဩော်... ဖြစ်မှဖြစ်ရလေ။ မေးမိသည့်အတွက် စိတ်မကောင်းဖြစ်ရသည်။

ဖြစ်ရပုံဘယ်အရေးရယ်လို့
မေးမိတော့ကာ။
ကလေးရဲ့ မွေးမာတာ
ဝေးရာသို့ပြေးခွာခဲ့။
အချစ်သစ်တမင်ရှာ
သစ္စာမဲ့စိမ်းသတဲ့။
စလယ်ဝင်အပြင် မမဲခင်
ကွဲခဲ့တယ်တဲ့။

ထိုအခိုက် ရထားပြတင်းမှ အဝေးရှုမျှော်ခင်းတွေကို ကြည့်လိုက်တော့ မြက်ခင်းပြင်ကျယ်ကြီးတွေမှာ မြူးထူးဆော့ကစားနေသော ကျွဲကြီးတွေကို တွေ့မြင်ရသည်။ ထိုအထဲတွင် ကျွဲနှစ်ကောင်က တစ်ကောင်နှင့် တစ်ကောင် အားပြိုင်စမ်းသလို ခေါင်းချင်းဆိုင်ကာ ဝှေ့နေကြသည်။ သူတို့ဝှေ့သည့် နေရာမှ မြက်ပင်ကလေးတွေက နွမ်းလို့ကျေလို့။ ကဗျာ၏ နိဂုံးပိုဒ်လေးရလေပြီ။

အညာပြန် ခရီးသွား
မီးရထားကြီးပေါ်တွင်။
ကြင်နာဖွယ်သားအဖ
တွေ့ရလေလျှင်။
လွင့်မျောသည့် စိတ်အစဉ်
မရွှင်ခဲ့ပြီတကား။
ပြတင်းမှန်ကိုကျော်လို့
ရှုမျှော်လျှင် မြင်ပြန်ရတာက
မိုးရေ ချိုစိုစိုဝတာမို့
အလှရယ်ပီပီပြင်နဲ့
ဘဝရယ် ပီပီပြင်နဲ့
မြအသွင် မြမင်ပက်လေတဲ့
မြမြက်ပင်များ။

တက္ကသိုလ်ကျောင်းသားဘဝမှာပင် ကိုယ်တွေ့ကြုံခဲ့သော မီးရထားကဗျာလေးတစ်ပုဒ် ရှိသေး၏။

*စာမျက်နှာ ၉ သို့*

**"ကိုဗစ်ကာလ ကပ်ရောဂါဆိုးကြီးကြောင့် တိတ်ဆိတ်ခြောက်သွေ့ခဲ့ရသော ရန်ကုန်ဘူတာကြီးသည် အတော်အသင့် ပြန်လည်စည်ပင်စပြုနေသည်ကို တွေ့မြင်ရ၏။ မီးရထား ဝန်ထမ်းများ၊ လုံခြုံရေးတာဝန်ရှိသူများ၊ ပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေး အတွက် အသီးသီးမိမိတို့တာဝန်များကို ထမ်းဆောင်နေကြသည်များကို တွေ့မြင်ရ၏။ ဝမ်းသာကြည့်နူးမိပါသည်"**



ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှစိုး လှေလှော်ပြိုင်ပွဲတွင် ဆုအများဆုံး ရရှိသည့်အသင်းအား ဂုဏ်ပြုဆုငွေနှင့် တံခွန်စိုက်ဒိုင်းဆုကို ပေးအပ်ချီးမြှင့်စဉ်။

◆ *ကျောဖုံးမှ*

မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသောင်းထိုက်မင်း၊ အားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။

ထို့နောက် အသင်းလိုက် ဆုရရှိသူများကို ဝန်ကြီးများနှင့် အားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများက ဂုဏ်ပြုငွေများချီးမြှင့်ခဲ့ကြပြီး ဆုအများဆုံး ရရှိသည့်အသင်းအား တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဂုဏ်ပြုဆုငွေနှင့် တံခွန်စိုက်ဒိုင်းဆုကို ပေးအပ်ချီးမြှင့်သည်။ ယခုကျင်းပပေးသည့် လှေလှော်ပြိုင်ပွဲသည် နိုင်ငံတကာ ပြိုင်ပွဲများအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် မြန်မာ့လက်ရွေးစင်ဟောင်းများနှင့် လက်ရွေးစင်သစ်များကို လက်ရည်စစ်ပြိုင်ပွဲ ကျင်းပပေးခြင်းဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားကွင်း လေးထပ်ဆောင်တွင် ကျင်းပသည် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော အမျိုးသမီး ကိုယ်ကာယကြံ့ခိုင်မှု လေ့ကျင့်ခန်း (အေရိုးဗစ်) သင်တန်းဆင်းပွဲသို့ တက်ရောက်ပြီး သင်တန်းဆင်းလက်မှတ်များနှင့် ထူးချွန်ဆုရရှိသူများကို ဆုများပေးအပ်ချီးမြှင့်ပြီး အေရိုးဗစ်သရုပ်ပြမှုအား ကြည့်ရှုအားပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးများသည် အားကစားခန်းမများနှင့် အားကစားကွင်းပြန်လည်မွမ်းမံ ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က အားကစားကွင်း သန့်ရှင်းသပ်ရပ်စွာ စောင့်ရှောက်ရေး၊ ၁၀ ရပ်ကွက် ဈေးနှင့် ကစားကွင်းကြားရှိ ခြံစည်းရိုးပေါ်တွင် သံဆန်ခါ စည်းရိုးထပ်ပိုးကာရံရေး၊ ကစားကွင်း ဝင်လမ်း၊ ထွက်လမ်း ပြုပြင်ဖောက်လုပ်ရေး၊ ဘောလုံးပွဲကြည့်စင် တိုးချဲ့ပြုပြင်ရေးတို့ကို ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**ဆန်းကျော်ဦး (ပြန်/ဆက်)**

# ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုးမိတ်မြို့နယ်၌ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်

**မိုးမိတ် နိုဝင်ဘာ ၄**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုးမိတ်ခရိုင် မိုးမိတ်မြို့နယ်ဦးစီးမှူးရုံးမှ ရပ်ကွက်/ကျေးရွာများအရောက် နိုင်ငံသားစိစစ်ရေး ကတ်ပြားများကို ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ နိုဝင်ဘာ ၄ ရက် နံနက် ၁၀ နာရီက လက်ခုတ်တန်း ရပ်ကွက် မြို့မကချင်နှစ်ခြင်းအသင်းတော်ခန်းမတွင် ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ပြီးစီးခဲ့သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် အိမ်ထောင်စုလူဦးရေစာရင်းများကို ကချင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့ထံ တာဝန်ရှိသူများက လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌနှင့် ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဌေးအောင် တို့က ကချင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့မှ တာဝန်ရှိသူများထံ နိုင်ငံသားစိစစ်ရေး ကတ်ပြားများနှင့် အိမ်ထောင်စု လူဦးရေစာရင်းများကို ပေးအပ်ခဲ့ကြောင်း သိရသည်။



လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးနေလင်းအေးနှင့် ဝန်ထမ်းများက ပန်းခင်းစီမံချက်အရ နိုင်ငံသားတိုင်းကိုင်ဆောင်သင့်သော ကတ်တစ်မျိုးမျိုး ထုတ်ပေးနိုင်ရေး ရည်ရွယ်ချက်ဖြင့် ရပ်ကွက်/ကျေးရွာများအရောက် ကွင်းဆင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**စည်သူဌေး (ပြန်/ဆက်)**



# မောင်တောခရိုင်၌ အခြေခံငါးမွေးမြူရေးနှင့် ရေချိုငါးများ ဆေးထိုးသားဖောက်ခြင်းနည်းပညာပေးသင်တန်းဖွင့်လှစ်

**မောင်တော နိုဝင်ဘာ ၄**

ရခိုင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ငါးလုပ်ငန်းများ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးစေရန်အတွက် အခြေခံငါးမွေးမြူရေးနှင့် ရေချိုငါးများ ဆေးထိုးသားဖောက်နည်းပညာများ လက်တွေ့ဆောင်ရွက်ခြင်းဖြင့် ကျေးလက်နေပြည်သူများ နည်းပညာများရရှိ၍ ငါးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာပြီး အလုပ်အကိုင်အခွင့်အလမ်းများ ရရှိ၍ လူမှုဘဝမြင့်မားလာစေရန် ရည်ရွယ်၍ အခြေခံငါးမွေးမြူရေးနှင့် ရေချိုငါးများ ဆေးထိုးသားဖောက်ခြင်း နည်းပညာပေး သင်တန်းဖွင့်ပွဲ အခမ်းအနားကို ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ အောက်တိုဘာ ၃၁ ရက် နံနက်က မောင်တောခရိုင် ငါးလုပ်ငန်းဦးစီးဌာန၌ ကျင်းပသည်။

အခမ်းအနားတွင် မောင်တောခရိုင် ငါးလုပ်ငန်းဦးစီးဌာန ခရိုင်တာဝန်ခံ ဦးညီထွေးက အမှာစကားပြောကြားပြီး မောင်တောခရိုင် ငါးလုပ်ငန်းဦးစီးဌာန ရုံးဝန်ထမ်းများနှင့် သင်တန်းသား ၁၈ ဦး တက်ရောက်ကာ အဆိုပါသင်တန်းကို နှစ်ရက်ကြာ ပို့ချပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

*စာမျက်နှာ ၈ မှ*

ပုဇွန်တောင်ဘူတာမှ လှည်းတန်းအထိ နေ့စဉ်ရထားစီးရတော့ ရထားစီးဖော်စီးဖက် သူငယ်ချင်းတွေ အတော်များ၏။ Eco တွင် အတန်းတူ သူငယ်ချင်း မျိုးသက်ဆွေ၊ မြန်မာစာမှ ကိုချစ်ခင်၊ ကိုအောင်ကြိုင်နှင့် စက်မှုတက္ကသိုလ်မှ မောင်အောင်ဇင် မောင်အောင်ဇံအမွှာ ညီအစ်ကိုတို့ ဖြစ်သည်။ ကြည့်မြင်တိုင်ဘူတာမှ တက်စီးလေ့ရှိသော မြနှင်းမေကလည်း ကျွန်တော်တို့ Eco မှပင်ဖြစ်သည်။ ကျွန်တော်တို့က သူ့အတွက် ထိုင်ခုံနေရာလေး လုပ်ပေးလေ့ရှိသည်။ သူတက်လျှင် ကျွန်တော်တို့ သူငယ်ချင်းတစ်စုကြား လွတ်သည့်နေရာမှာ ဝင်ထိုင်သည်။

ပျော်ရွှင်စွာ စကားတွေပြောကြရင်း မိမိတို့ သက်ဆိုင်ရာ ကျောင်းသို့ သုတ်သုတ်ပျာပျာသွားခဲ့ကြရသည်ကို မမေ့နိုင်။ တတိယနှစ် နှစ်လယ်လောက်ရောက်တော့ မြနှင်းမေ ကျောင်းပျက်တာများလာသည်။ တစ်ရက် နှစ်ရက် သုံးလေးရက်မက ကျောင်းပျက်တော့ သူငယ်ချင်းတစ်စု သူ့အတွက် စိတ်ပူလာ၏။ နေ့စဉ်လိုလို သူ့ကိုမျှော်ရင်း မိုးရွာသော တစ်နေ့မှာ မြနှင်းမေ အပြေးအလွှားရောက်လာသည်။ သူ့တစ်ကိုယ်လုံး မိုးတွေစိုနေသည်။ ရထားပြတင်းပေါက်မှာ လာရပ်ရင်း သူက ပြောလေသည်။ အပေါ်တက်ပါလား နင့်အတွက် နေရာယူထားတယ်ဟု ပြောတော့ မြနှင်းမေက ခေါင်းခါသည်။

"သူငယ်ချင်းတို့ရေ... ငါ့အဖေက နယ်ကို ပြောင်းရတယ်။ ငါလည်းကျောင်းဆက်မတက်တော့ဘူး။ နင်တို့ကို လာပြီးနှုတ်ဆက်တာ"

သူ့စကားပြောပြီး မကြာမီ ကျွန်တော်တို့စီးလာသော မြို့ပတ်ရထားက ရှေ့ခရီးကို ဆက်လေပြီ။ မြနှင်းမေလည်း မိုးစက်ပွင့်တွေကြားမှာ အပြေးကလေး ထွက်ခွာသွားသည်ကို တွေ့မြင်ခဲ့ရသည်။ ထိုနေ့က မြနှင်းမေကို တွေ့ရသည်မှာ နောက်ဆုံးအကြိမ်ဖြစ်မည်ဟု မည်သူမျှ မထင်မှတ်ခဲ့။ သို့သော် တကယ်ပင်နောက်ဆုံးတွေ့ဆုံခြင်းဖြစ်လေသည်။ နှစ်တွေကြာညောင်းရာသီတွေ အလီလီပြောင်းခဲ့သော်လည်း မြနှင်းမေကို ပြန်လည်၍ မတွေ့ရတော့ပြီ။ သို့သော် မိုးစက်ပွင့်တွေကြား ပြေးသွားနေသည့် သူ့ရုပ်ပုံကို ယနေ့တိုင် မမေ့နိုင်။ ထို့ကြောင့်ပင် မိုးစက်ပွင့်အလွမ်းဆိုသော ကဗျာလေးတစ်ပုဒ် ရေးဖြစ်ခဲ့လေသည်။ ကဗျာအဆုံးသတ်မှာ---

"သြော်... ကြည့်မြင်တိုင်ဘူတာ၊ ရောက်သော ခါတိုင်း
ဟိုရှာသည်ဖွေ၊ ကြည့်မိလေ၏
မိုးရေစက်များ၊ ခြွေသည့်ကြားက
ပြေးလွှားရောက်လာ၊ သူ့မျက်နှာကို...
ခုခါပြန်များ၊ တွေ့မလားဟု" စသည်ဖြင့်
အလွမ်းကဗျာလေးတစ်ပုဒ်ရေးခဲ့ဖူးသည်။

ပြောရမည်ဆိုလျှင်တော့ မီးရထားနှင့် ခရီးသွားရင်း ပျော်ရွှင်ရ၊ ကြည်နူးရ၊ လွမ်းဆွတ်ရသည့် ရသအထွေထွေကို ကြုံကြိုက်ခံစားခဲ့ရဖူးလေသည်။ ကဗျာတွေ စာတွေရေးဖြစ်ခဲ့ဖူးလေသည်။ ယနေ့တိုင် ရန်ကုန်ဘူတာကြီးဝန်းကျင်ကို စာပေလုပ်ငန်းတွေ လုပ်ကိုင်ရင်း မကြာခဏရောက်သည်။ ငယ်စဉ်ကျောင်းသားဘဝက ပြေးပြေးလွှားလွှား တိုးဝှေ့စီးခဲ့ရသော မြို့ပတ်ရထားများ ရပ်တန့်ထားရာ Platform (စင်္ကြံ) များကို အလွမ်းပြေငေးမောကြည့်နေမိရာမှ မြန်မာ့မီးရထားပြန်ကြားရေးဌာနမှ ရထားထွက်ခွာ ဆိုက်ရောက်ချိန်ကို ကြေညာပေးသည့် သမီးငယ်များ၏ သာယာသော အသံကလေးများကို ခံစားမိရာမှ မီးရထားနှင့်ပတ်သက်သည့် အတွေ့အကြုံလေးများကို ပြန်ပြောင်းသတိရမိ၍ ဤစာစုကို ရေးသားမိပေသည်။ တိုက်တိုက်ဆိုင်ဆိုင်ပင် ထိုနေ့ညက မြန်မာ့ရုပ်မြင်သံကြားကို ကြည့်ရှုရင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (၉) လပြည့် တာဝန်ထမ်းဆောင်ခဲ့မှုနှင့် ပတ်သက်၍ မိန့်ကြားချက်ကို နားထောင်မိသည်။ မီးရထားနှင့် ခရီးသွားကြစေလိုကြောင်း ပြည်သူတွေ ခရီးသွားလာမှု လွယ်ကူစေရန် အဖျက်အမှောင့်လုပ်ငန်းတွေ ဘယ်လိုပဲရှိနေပါစေ ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း မိန့်ကြားသည်။

ပြည်သူတွေအတွက် မီးရထားလုပ်ငန်းတွေ တွင်တွင်ကျယ်ကျယ်ဖြစ်အောင် စီမံဆောင်ရွက်နေသည်ကို နေ့စဉ်မြင်တွေ့နေရသော ကျွန်တော့်အနေဖြင့် လေးစားစွာထောက်ခံမိသည်။ မြန်မာ့မီးရထားစီးသွားခြင်းဖြင့် စက်သုံးဆီ ချွေတာရာရောက်သည်။

မြန်မာ့မီးရထား၏ ကြိုးပမ်းအားထုတ်မှုများကို အားပေးသောအားဖြင့် မီးရထားဖြင့် ခရီးသွားကြစေချင်ပါသည်။

# ကိုဗစ်-၁၉ သက်ရောက်မှုကြောင့်ထိခိုက်မှုရှိနေသော ရုပ်ရှင်၊ ဂီတ၊ သဘင်၊ စာနယ်ဇင်းနှင့် မီဒီယာများအား ကိုဗစ်-၁၉ ရန်ပုံငွေမှ ထုတ်ပေးမည့် ချေးငွေလျှောက်ထားနိုင်ကြောင်း အသိပေးကြေညာခြင်း

၁။ ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီအစည်းအဝေးက ကိုဗစ်-၁၉ ကြောင့် ထိခိုက်မှုရှိနေသည့် ရုပ်ရှင်၊ ဂီတ၊ သဘင်၊ စာနယ်ဇင်းနှင့် မီဒီယာများအား ဘဏ္ဍာရေးဆိုင်ရာ အကူအညီပေးအပ်နိုင်ရေးအတွက် ကိုဗစ်-၁၉ ရန်ပုံငွေမှ ကျပ် ၁၅ ဘီလီယံအား ထုတ်ချေးပေးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ အဆိုပါချေးငွေကို အောက်ပါအချက်များနှင့် အကျုံးဝင် ကိုက်ညီသော ရုပ်ရှင်၊ ဂီတ၊ သဘင်၊ စာနယ်ဇင်းနှင့် မီဒီယာများသို့ အတိုးနှုန်း ၁ ရာခိုင်နှုန်း၊ ချေးငွေကာလ တစ်နှစ်သတ်မှတ်၍ ချေးယူခွင့်ပြုသွားမည် ဖြစ်ပါသည် -

(က) အောက်ပါလုပ်ငန်းများက လျှောက်ထားနိုင်ပါသည်-
- (၁) ရုပ်ရှင်/ ဗီဒီယို/ ရုပ်သံ/ အသံလွှင့် စသည်တို့ ရိုက်ကူးခြင်း၊ ထုတ်လုပ်ခြင်း၊ ဖြန့်ချိခြင်း၊ ပြသခြင်း ဆောင်ရွက်သည့် လုပ်ငန်းများ။
- (၂) တေးဂီတဝိုင်းများ၊ ထုတ်လုပ်သူများ၊ ဖြန့်ချိသူများ။
- (၃) ဇာတ်သဘင်၊ အငြိမ့်ဖျော်ဖြေမှုလုပ်ငန်းများ။
- (၄) စာနယ်ဇင်း ပုံနှိပ်ခြင်း၊ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်း ဆောင်ရွက်သည့် လုပ်ငန်းများ။

(ခ) ချေးငွေအား ပြန်လည်ပေးဆပ်နိုင်မည့် ခိုင်လုံသော အခြေအနေရှိသော လုပ်ငန်း ဖြစ်ရမည်။

(ဂ) ချေးငွေအား လုပ်ငန်းဆက်လက်လည်ပတ်ရန် ကိစ္စအတွက်သာ အသုံးပြုမည့်လုပ်ငန်းဖြစ်ရမည်။

(ဃ) ကုမ္ပဏီဖြစ်ပါက ကုမ္ပဏီမှတ်ပုံတင်ရုံးက မှတ်ပုံတင်စာရင်းမှ ဆိုင်းငံ့ထားခြင်းခံရသည့် သို့မဟုတ် မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခြင်းခံထားရသည့် ကုမ္ပဏီမဖြစ်စေရ။ ကုမ္ပဏီမဟုတ်သော စီးပွားရေးလုပ်ငန်းဖြစ်ပါက သက်ဆိုင်ရာ အစိုးရဌာန/အဖွဲ့အစည်းက မှတ်ပုံတင်စာရင်းမှ ဆိုင်းငံ့ထားခြင်းခံရသည့် သို့မဟုတ် မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခြင်းခံထားရသည့် စီးပွားရေးလုပ်ငန်း မဖြစ်စေရ။

(င) ဝင်ငွေခွန်/ ကုန်သွယ်လုပ်ငန်းခွန်/ အထူးကုန်စည်ခွန် ပေးဆောင်ထားသည့် ကုမ္ပဏီ သို့မဟုတ် လုပ်ငန်း ဖြစ်ရမည်။

(စ) ကုမ္ပဏီဖြစ်ပါက ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့၊ ကုမ္ပဏီမဟုတ်ပါက ချေးငွေရယူသည့် လုပ်ငန်းပိုင်ရှင်မှ ချေးငွေအား ပြန်လည်ပေးဆပ်ရန် အာမခံချက်ပေးနိုင်ရမည်။

(ဆ) ကိုဗစ်-၁၉ ကြောင့် ထိခိုက်မှုရှိနေသော နိုင်ငံသားပိုင် စီးပွားရေးလုပ်ငန်းဖြစ်ရမည်။

(ဇ) လက်ရှိလည်ပတ်ဆောင်ရွက်နေသည့် လုပ်ငန်းဖြစ်ရမည် သို့မဟုတ် ယာယီရပ်စဲထားသော လုပ်ငန်းဖြစ်လျှင် ချေးငွေရရှိပါက ချက်ချင်းပြန်လည်စတင်နိုင်သည့် လုပ်ငန်းဖြစ်ရမည်။

(ဈ) ၂၀၁၉ ခုနှစ် မတ်လ ၃၁ ရက်နေ့မတိုင်မီက သက်ဆိုင်ရာဌာနမှ ခွင့်ပြုချက်/ လုပ်ငန်းလိုင်စင် ရထားပြီးဖြစ်သည့် လုပ်ငန်းဖြစ်ရမည်။

(ည) လွန်ခဲ့သည့် ၂ နှစ်တာကာလအတွင်း နှစ်စဉ်ဝင်ငွေရရှိနေသော လုပ်ငန်းဖြစ်ရမည်။

(ဋ) ဘဏ်တစ်ခုခုမှ ချေးငွေရယူထားပြီးနောက် ပြန်လည်ပေးဆပ်ရန် ပျက်ကွက်လျက်ရှိသည့် လုပ်ငန်းများ၊ ချေးငွေပြန်လည်ပေးဆပ်ရန် ပျက်ကွက်မှုကြောင့် ဘဏ်တစ်ခုခုက တရားစွဲဆိုခြင်းခံထားရသည့် ကုမ္ပဏီ သို့မဟုတ် လုပ်ငန်းများ မဖြစ်စေရ။

(ဌ) ကိုဗစ်-၁၉ ရန်ပုံငွေမှ ထုတ်ပေးသည့် ချေးငွေကို ယခင်က ရယူထားပြီးဖြစ်သည့် လုပ်ငန်းမဖြစ်စေရ။

၃။ ချေးငွေများ ပြန်လည်ပေးဆပ်နိုင်ခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်သည်။ ထို့အပြင် ချေးငွေရယူထားသည့် ကုမ္ပဏီ သို့မဟုတ် လုပ်ငန်းများအနေဖြင့် ချေးငွေပေးဆပ်မှု ပျက်ကွက်ပါက Credit Bureau တွင် Negative List အဖြစ် ထည့်သွင်းခံရမည်ဖြစ်ပြီး ဘဏ်၊ ဘဏ်မဟုတ်သော ငွေရေးကြေးရေး အဖွဲ့အစည်း၊ အသေးစား ငွေရေးကြေးရေးလုပ်ငန်းတို့မှ ချေးငွေရယူနိုင်ခြင်း မရှိစေရန် စီစဉ်သွားမည်။

၄။ ချေးငွေများကို သတ်မှတ်ထားသည့် ချေးငွေအတွက် အဆိုပြုလျှောက်လွှာပုံစံများဖြင့် လျှောက်ထားရမည်ဖြစ်ပြီး အဆိုပြုလျှောက်လွှာနှင့်အတူ ပူးတွဲပေးပို့ရန်ဖော်ပြထားသည့် စာရွက်စာတမ်းအချက်အလက်များ ပြည့်စုံစွာဖော်ပြရမည်ဖြစ်ပါသည်။ သတ်မှတ်ချက်များနှင့် ပြည့်စုံကိုက်ညီခြင်းမရှိသည့် လျှောက်လွှာများကို လက်ခံဆောင်ရွက်ပေးမည်မဟုတ်ပါ။

၅။ လျှောက်လွှာများကို အောက်ပါ ရုံး၊ ဌာနများတွင် ရယူနိုင်ပါသည်-

(က) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်၊ ရန်ကုန်မြို့။

(ခ) တိုင်းဒေသကြီးနှင့် ပြည်နယ်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်အသင်းရုံးများ။

(ဂ) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရုံးချုပ်နှင့် တိုင်းဒေသကြီး/ ပြည်နယ်ရုံးများ။

၆။ လျှောက်လွှာများကို အောက်ဖော်ပြပါ website များမှလည်း ထုတ်ယူနိုင်ပါသည် -

(က) www.mifer.gov.mm။

( ခ ) www.moi.gov.mm။

( ဂ ) www.dica.gov.mm။

(ဃ) www.umfcci.com.mm။

၇။ လျှောက်လွှာများကို ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်နေ့မှ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်နေ့အတွင်း အစိုးရရုံးဖွင့်ရက်များတွင် ရုံးချိန်အတွင်း အောက်ပါနေရာများ၌ လက်ခံသွားမည်ဖြစ်ပါသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်။

(ခ) တိုင်းဒေသကြီးနှင့် ပြည်နယ်ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်အသင်းရုံးများ။

၈။ အွန်လိုင်းမှ လျှောက်ထားလိုသူများအတွက် Website လိပ်စာကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်မှ ထပ်မံကြေညာပေးသွားမည် ဖြစ်ပါသည်။

၉။ လျှောက်လွှာလက်ခံရန် နောက်ဆုံးသတ်မှတ်ရက်ဖြစ်သည့် ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်နေ့ ထက်ကျော်လွန် တင်ပြလာသည့် လျှောက်လွှာများအား လက်ခံဆောင်ရွက်ခြင်းပြုမည်မဟုတ်ပါ။

၁၀။ ချေးငွေလျှောက်ထားခြင်းနှင့် ပတ်သက်၍ အသေးစိတ်သိရှိလိုသည့် အချက်များရှိပါက အောက်ဖော်ပြပါ ရုံး၊ ဌာနနှင့် ဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်။
၀၉ - ၄၄၅ ၈၆၃ ၉၈၂
၀၉ - ၄၄၅ ၈၆၄ ၃၈၁

(ခ) ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန။
၀၁ - ၆၅၈၁၂၁
၀၁ - ၆၅၈၁၃၁

၁၁။ ကိုဗစ်-၁၉ ကြောင့် ထိခိုက်မှုရှိနေသည့် အပိုဒ် ၂ ပါ သတ်မှတ်ချက်များနှင့် ကိုက်ညီသည့် လုပ်ငန်းများအနေဖြင့် သတ်မှတ်ရက်အတွင်း ချေးငွေလျှောက်ထားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေး သက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ**

**ပူးတွဲတင်ပြရန် လိုအပ်သော စာရွက်စာတမ်းများ**

| စဉ် | အမျိုးအစား | မှတ်ချက် |
|---|---|---|
| | **ကုမ္ပဏီဖြစ်ပါက လိုအပ်မည့် စာရွက်စာတမ်းများ** | |
| ၁။ | ကုမ္ပဏီမှတ်ပုံတင် လက်မှတ် | |
| ၂။ | အစုရှယ်ယာရှင်များစာရင်း၊ ဒါရိုက်တာအဖွဲ့ဝင်များစာရင်း | |
| ၃။ | ချေးငွေ ရယူရန်အတွက် အစည်းအဝေး ဆုံးဖြတ်ချက်/မှတ်တမ်း (မူရင်း) | |
| ၄။ | ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း | |
| ၅။ | ကုမ္ပဏီသမိုင်းကြောင်း မှတ်တမ်း | |
| ၆။ | ကိုဗစ်-၁၉ ချေးငွေ ရရှိပါက ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ် | |
| ၇။ | ချေးငွေ ပြန်လည်ပေးဆပ်မည့် အစီအစဉ် | |
| ၈။ | လုပ်ငန်းဓါတ်ပုံ | |
| ၉။ | အခွန်ပြေစာများ (ဝင်ငွေခွန်၊ ကုန်သွယ်ခွန်၊ အထူးကုန်စည်ခွန်) လွန်ခဲ့သော ဘဏ္ဍာရေးနှစ် (၁) နှစ်အတွက် | |
| ၁၀။ | ဘဏ္ဍာရေးရှင်းတမ်း<br>* လွန်ခဲ့သော ဘဏ္ဍာရေးနှစ် (၁) နှစ်အတွက် | |
| ၁၁။ | လွန်ခဲ့သော (၃) လ၏ ဘဏ်လက်ကျန်စာရင်း (သို့မဟုတ်) ဝင်ငွေ/ ထွက်ငွေ အထောက်အထား | |
| ၁၂။ | ဝန်ထမ်းအရေအတွက်စာရင်းနှင့် ၎င်းတို့၏ မှတ်ပုံတင်မိတ္တူ၊ ဖုန်းနံပါတ် | |
| | **အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းဖြစ်ပါက လိုအပ်မည့် စာရွက်စာတမ်းများ** | |
| ၁။ | သက်တမ်းရှိ စည်ပင်လိုင်စင်/ သက်ဆိုင်ရာဝန်ကြီးဌာနမှ ခွင့်ပြုထုတ်ပေးသော လိုင်စင် | |
| ၂။ | လုပ်ငန်းသမိုင်းကြောင်း မှတ်တမ်း | |
| ၃။ | ကိုဗစ်-၁၉ ချေးငွေ ရရှိပါက ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ် | |
| ၄။ | ချေးငွေ ပြန်လည် ပေးဆပ်မည့် အစီအစဉ် | |
| ၅။ | လုပ်ငန်းဓါတ်ပုံ | |
| ၆။ | အခွန်ပြေစာများ (ဝင်ငွေခွန်၊ ကုန်သွယ်ခွန်၊ အထူးကုန်စည်ခွန်၊ စည်ပင်ခွန်) လွန်ခဲ့သော ဘဏ္ဍာရေးနှစ် (၁) နှစ်အတွက် | |
| ၇။ | ဘဏ္ဍာရေးရှင်းတမ်း (ဝင်ငွေ၊ ထွက်ငွေ၊ အသုံးစရိတ်များ)<br>* လွန်ခဲ့သော ဘဏ္ဍာရေးနှစ် (၁) နှစ်အတွက် | |
| ၈။ | လွန်ခဲ့သော (၃) လ၏ ဘဏ်လက်ကျန်စာရင်း (သို့မဟုတ်) ဝင်ငွေ/ ထွက်ငွေ အထောက်အထား | |
| ၉။ | ဝန်ထမ်းအရေအတွက်စာရင်းနှင့် ၎င်းတို့၏ မှတ်ပုံတင်မိတ္တူ၊ ဖုန်းနံပါတ် | |

နောက်ဆက်တွဲ(က)

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**
**မြန်မာ့စီးပွားရေးဘဏ်**

**ကိုဗစ်-၁၉ ကြောင့် ထိခိုက်မှုရှိသော နိုင်ငံသားပိုင်စီးပွားရေးလုပ်ငန်းများအတွက် အတိုးနှုန်းသက်သာသည့် ချေးငွေအတွက် အဆိုပြုလျှောက်လွှာ**

နေ့စွဲ၊ ၂၀၂၁ ခုနှစ်၊ လ ရက်

၁။ ကုမ္ပဏီ (သို့မဟုတ်) လုပ်ငန်း၏ အခြေခံအချက်အလက်များ
(က) လျှောက်ထားသောကုမ္ပဏီ/လုပ်ငန်းအမည် - ------------------------------
(ခ) ကုမ္ပဏီ/လုပ်ငန်းမှတ်ပုံတင်အမှတ်နှင့်နေ့စွဲ - ------------------------------
(ဂ) ကုမ္ပဏီ/လုပ်ငန်း၏လိပ်စာအပြည့်အစုံ - ------------------------------
------------------------------
(ဃ) လုပ်ငန်းအမျိုးအစား - ------------------------------
(င) လုပ်ငန်းသက်တမ်း - ------------------------------
(စ) မတည်ရင်းနှီးငွေပမာဏ - ------------------------------
(ဆ) လုပ်ငန်းလည်ပတ်ရင်းနှီးငွေပမာဏ - ------------------------------

၂။ ကိုဗစ်-၁၉ ကြောင့်ထိခိုက်မှုအခြေအနေ
(က) ကိုဗစ်-၁၉ မတိုင်မီ (၃) လအချိန်ကာလ အတွင်းခန့်ထားသည့်ဝန်ထမ်းဦးရေ - ------------------------------
(ခ) လက်ရှိဝန်ထမ်းအရေအတွက် - ------------------------------
(ဂ) ကိုဗစ်-၁၉ မတိုင်မီ (၃) လအချိန်ကာလ အတွင်းရရှိခဲ့သည့်ဝင်ငွေပမာဏ - ------------------------------
(ဃ) လက်ရှိရရှိနေသည့်ဝင်ငွေပမာဏနှင့် ရာခိုင်နှုန်း - ------------------------------
(င) လျော့ကျသွားသည့်ဝင်ငွေပမာဏနှင့်ရာခိုင်နှုန်း - ------------------------------

၃။ ချေးယူလိုသည့်ချေးငွေပမာဏနှင့် - ------------------------------
ချေးယူလိုသောသက်တမ်း (တစ်နှစ်ထက်မပိုရပါ)

လက်မှတ် - ------------------------------
အမည် - ------------------------------
မှတ်ပုံတင်အမှတ်- ------------------------------
ရာထူး - ------------------------------
ဆက်သွယ်ရန် (ဖုန်း/အီးမေးလ်)- ------------------------------

## မိုင်းရယ်မြို့၌ ကိုဗစ်ရောဂါပိုးတွေ့လူနာ များပြားလာမှုကြောင့် နှာခေါင်းစည်းတပ်ဆင်ရေး အသိပညာပေး

**မိုင်းရယ် နိုဝင်ဘာ ၄**

မိုင်းရယ်မြို့နေပြည်သူများ ကိုဗစ်ရောဂါ ကာကွယ်ရေးစည်းကမ်းများနှင့်အညီ သွားလာနေထိုင်ရန်အတွက် နှာခေါင်းစည်းတပ်ဆင်ရေး အသိပညာပေးခြင်းနှင့် အခမဲ့ဖြန့်ဝေခြင်းကို ယနေ့နံနက် ၇ နာရီက မိုင်းရယ်မြို့ မြို့မဈေးကြီးနှင့် မြို့လယ်ဘုရားရှေ့တို့တွင် ပြုလုပ်သည်။



နှာခေါင်းစည်း တပ်ဆင်ရေး အသိပညာပေးခြင်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမင်းအောင် ဦးဆောင်၍ မြို့နယ်အဆင့်ဌာနဆိုင်ရာများက ပြည်သူများအား ပါးစပ်၊နှာခေါင်းစည်းများကို စနစ်တကျ တပ်ဆင်စေပြီး စုစုပေါင်း နှာခေါင်းစည်း ၁၅၀၀ ခန့်ကို ဖြန့်ဝေပေးကြောင်း သိရသည်။ (အပေါ်ပုံ)

မိုင်းရယ် မြို့နယ်အတွင်း ရောဂါပိုး တွေ့ရှိသူများအား မိုင်းရယ် ပြည်သူ့ဆေးရုံတွင် စောင့်ကြည့် ကုသလျက်ရှိပြီး ကိုဗစ်-၁၉ ရောဂါ ပိုးကူးစက်မှုမှ ကာကွယ်နိုင်ရန်အတွက် ကျန်းမာရေး ဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ ပြည်သူလူထုအားလုံး နှာခေါင်းစည်းများ စနစ်တကျ တပ်ဆင်ရေး၊ ရောဂါကာကွယ်ရေးစည်းကမ်းများအား အလေးထားလိုက်နာ ပေးကြပါရန် မြို့နယ် ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းကော်မတီမှ စဉ်ဆက်မပြတ် နှိုးဆော်လျက်ရှိသည်။

**မိုင်းရယ် (ပြန်/ဆက်)**

## သက်ကြီးသတင်းစာ ဆရာကြီးများ ပူဇော်ကန်တော့ပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၄**

မြန်မာ့အလင်းသတင်းစာ မြို့နယ်သတင်းထောက်များလူမှုကူညီရေးအဖွဲ့၏ အသက်(၇၅)နှစ်နှင့်အထက် သက်ကြီးသတင်းစာ ဆရာကြီး ၁၅ ဦးအား စတုတ္ထအကြိမ်ပူဇော်ကန်တော့ပွဲကို နိုဝင်ဘာ ၇ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ကိုးထပ်ကြီးဘုရားဝင်း အတွင်းရှိ သန္တိသုခဓမ္မာရုံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးဆိုင်ရာ သတ်မှတ်ချက်များနှင့်အညီ ကျင်းပမည်ဖြစ်သည်။

**ပူဇော်ကန်တော့မည်**

ယခုနှစ်တွင်ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ ကန်တော့ခံများအား အခမ်းအနားဖြင့်ကန်တော့မည်ဖြစ်ပြီး အဝေးရောက် ကန်တော့ခံများအား ငွေလွှဲစနစ်ဖြင့် ပူဇော်ကန်တော့မည်ဖြစ်သည်။

သို့ပါ၍ တက်ရောက်ကြမည့် အသင်းဝင်များအနေဖြင့် အချိန်မီကြွရောက်နိုင်ပါရန် ဖိတ်ကြားထားကြောင်းသိရသည်။ အသေးစိတ်သိရှိလိုပါက ဖုန်း- ၀၉- ၇၇၆၂၇၃၂၃၇ နှင့် ၀၉-၇၇၇၆၄၂၆၉၉ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**

## နမ္မတူမြို့နယ်၌ ပြည်သူများအား RDT ဖြင့် ကိုဗစ်-၁၉ ရောဂါ ရှောင်တခင်ကွင်းဆင်းစစ်ဆေး

**နမ္မတူ နိုဝင်ဘာ ၄**

ရှမ်းပြည်နယ်မြောက်ပိုင်း နမ္မတူမြို့နယ် ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် မြို့နယ်အတွင်း ပါးစပ်နှင့်နှာခေါင်းစည်း မတပ်ဆင်ထားသော ပြည်သူများအား ကိုဗစ်ပိုး ရှိ/မရှိ RDT ဖြင့် ရှောင်တခင်စစ်ဆေးဆောင်ရွက်ခြင်းကို ယနေ့ နံနက်ပိုင်းက နမ္မတူမြို့နယ် မြို့မဈေးအနီး နမ္မလ ဘုန်းတော်ကြီးကျောင်းနှင့် ခိုဖိတ်ကျေးရွာအနီးတို့၌ ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းမင်းထွန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ကျော်ဇောအောင်၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးဝဏ္ဏထွန်းအေး၊ မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ ဝန်ထမ်းများ ပူးပေါင်းကာ ဒေသခံပြည်သူ ၁၄၀ အား ကိုဗစ်-၁၉ ရောဂါပိုး ရှိ၊ မရှိ အခမဲ့ ရှောင်တခင်စစ်ဆေးခဲ့ရာ ငါးဦးတွင် ပိုးတွေ့ရှိသဖြင့် ကုသဆောင်ရွက်ပေးလျက် ရှိကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ သိရသည်။

**လူမော် (ပြန်/ဆက်)**



သီပေါမြို့နယ်အဝင် စစ်ဆေးရေးဂိတ်၌ ခရီးသွားပြည်သူများအား ကျန်းမာရေးစစ်ဆေးစဉ်။

## မြိုင်မြို့နယ်၌ ကိုဗစ်-၁၉ ကာကွယ်ဆေး ဆက်လက်ထိုးနှံပေးလျက်ရှိ

**မြိုင် နိုဝင်ဘာ ၄**

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး လုံးဝမထိုးနှံရသေးသည့် ဒေသခံပြည်သူများအား ပထမအကြိမ် (တတိယအသုတ်)အဖြစ် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံခြင်းကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၄ ရက်တွင် ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါကာကွယ်ဆေးထိုးနှံခြင်းကို မြိုင်မြို့နယ်အတွင်းရှိ အသက်(၁၈)နှစ်နှင့်အထက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးလုံးဝမထိုးနှံရသေးသော မိဘပြည်သူများအတွက် ဆီနိုဗက် ကိုဗစ်-၁၉ ကာကွယ်ဆေးအလုံးရေပေါင်း ၁၀၀၀ ခွဲတမ်းရရှိပြီး ဆေးတစ်လုံးလျှင် လူငါးဦးနှုန်းဖြင့် နေ့စဉ် နံနက် ၈ နာရီမှ စတင်ကာ ထိုးနှံပေးလျက်ရှိသည်။ ယခုလက်ရှိ ထိုးနှံလျက်ရှိသော ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေးကို နိုဝင်ဘာ ၁ ရက်မှစတင်၍ ထိုးနှံပေးလျက်ရှိရာ လူဦးရေ ၅၆၅ ဦး ထိုးနှံပြီးစီးပြီဖြစ်သည်။

ထို့အပြင် မြိုင်မြို့နယ်အတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံပြီးစီးသူ လူဦးရေ ပေါင်း ၁၀၀၀၀ ကျော်ထိုးနှံပြီးစီးပြီဖြစ်ကြောင်း မြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီထံမှ သိရသည်။

**ဖြိုးမွန်ကျော်(ပြန်/ဆက်)**

## သီပေါမြို့အဝင်၌ ကိုဗစ်-၁၉ စစ်ဆေးရေးဂိတ် ဖွင့်လှစ်ဆောင်ရွက်

**သီပေါ နိုဝင်ဘာ ၄**

ရှမ်းပြည်နယ်မြောက်ပိုင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုပိုမို လျော့နည်းရေးအတွက် မန္တလေး- သီပေါ- လားရှိုး -မူဆယ် ပြည်ထောင်စုလမ်းမကြီး သီပေါမြို့အဝင်အထွက် မန်ဟဲတိုးဂိတ်အနီးတွင် စစ်ဆေးရေးဂိတ်ဖွင့်လှစ်၍ ယနေ့အထိ နေ့စဉ် ကျန်းမာရေးစစ်ဆေးဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးပြည့်ဖြိုးထွန်း ကြီးကြပ်မှုဖြင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီ စေတနာ့ဝန်ထမ်းများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်းအဖွဲ့ဖြင့် ပြည်ထောင်စုလမ်းမကြီးတွင် ဖြတ်သန်းသွားလာကြသည့် မော်တော်ယာဉ်ကြီး၊ ယာဉ်ငယ်မှ ခရီးသည်များကို ကိုယ်အပူချိန် တိုင်းတာခြင်း၊ ကိုဗစ်-၁၉ ရောဂါပိုး ရှိ၊ မရှိ RDT Test Kit ဖြင့် စစ်ဆေးခြင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးဆိုင်ရာများ အသိပညာပေးခြင်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုင်း(သီပေါ)**



တပ်မတော်လေယာဉ်ဖြင့် ရောက်ရှိလာသည့် ကိုဗစ်- ၁၉ ကာကွယ်ဆေးများအား ပြည်နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာမြင့်ကျော်နှင့်တာဝန်ရှိသူများက လက်ခံရယူစဉ်။

## ရှမ်းပြည်နယ်အရှေ့ပိုင်းရှိ ပြည်သူ ၉၆၀၀ ကျော်အတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ရောက်ရှိ

**ကျိုင်းတုံ နိုဝင်ဘာ ၄**

ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့သို့ ဆီနိုဗက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အလုံးရေ ၄၈၀၈ လုံးကို တပ်မတော်လေယာဉ်ဖြင့် ရန်ကုန်မြို့မှ ပို့ဆောင်ပေးခဲ့ရာ နိုဝင်ဘာ ၃ ရက် နံနက် ၁၁ နာရီက ရောက်ရှိသည်။

တပ်မတော် လေယာဉ်ဖြင့် ပေးပို့သည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများနှင့် အတူ ဆေးထိုးအပ်များနှင့် RDT Testkit များ ကျိုင်းတုံမြို့သို့ ရောက်ရှိခဲ့ရာ ရှမ်းပြည်နယ်အရှေ့ပိုင်း ပြည်နယ်ကုသရေးနှင့်ပြည်သူ့ ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာမြင့်ကျော်နှင့် တာဝန်ရှိသူများက ကြိုဆိုလက်ခံကြသည်။

**ဖြန့်ဝေပေးသွားမည်**

အဆိုပါ ရောက်ရှိလာသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အလုံးရေ ၄၈၀၈ လုံးသည် တစ်လုံးလျှင် နှစ်ဦး ထိုးနှံပေးနိုင်သည့်အတွက် လူဦးရေ ၉၆၁၆ ဦးစာအတွက် ရှမ်းပြည်နယ် အရှေ့ပိုင်းရှိ မြို့နယ်များအလိုက် ကာကွယ်ဆေးထိုးနှံပေးနိုင်ရေး ဆက်လက် ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

## အာရှဖလား အမျိုးသမီးဘောလုံးပြိုင်ပွဲအတွက် မြန်မာအသင်း လာမည့်ရက်ပိုင်းအတွင်း စတင်လေ့ကျင့်မည်

**ရန်ကုန် နိုဝင်ဘာ ၄**

မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းသည် ၂၀၂၂ အာရှဖလား အမျိုးသမီးပြိုင်ပွဲ နောက်ဆုံးအဆင့် အတွက် လာမည့် ရက်ပိုင်းအတွင်း စတင်လေ့ကျင့် ပြင်ဆင်မည်ဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် ခြေစစ်ပွဲယှဉ်ပြိုင်ကစားခဲ့သည့် ကစားသမားများကို အခြေခံကာ ပဏာမကစားသမား ၂၅ ဦးဖြင့် စတင်ပြင်ဆင်မည်ဖြစ်ပြီး ပြိုင်ပွဲမတိုင်မီ လုံလောက်သည့် ပြင်ဆင်မှုများရရှိရန် ဆောင်ရွက်သွားမည်ဖြစ်သည်။

ယင်းအသင်းကို နည်းပြချုပ်အဖြစ် ဦးတင်မြင့်အောင်က ဆက်လက်ကိုင်တွယ်မည်ဖြစ်ပြီး အုပ်စုကျုပ်အတွင်း ကျရောက်နေသဖြင့် ခြေစစ်ပွဲမတိုင်မီထက် လုံလောက်သည့် ပြင်ဆင်မှုများ ရရှိရန် ဆောင်ရွက်မည်ဖြစ်သည်။ အိန္ဒိယနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၂၂ အာရှဖလား အမျိုးသမီးပြိုင်ပွဲ နောက်ဆုံးအဆင့် ပွဲစဉ်များကို ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၀ ရက်မှ ဖေဖော်ဝါရီ ၆ ရက်အထိ ကျင်းပမည်ဖြစ်ကာ မြန်မာအမျိုးသမီးအသင်းသည် နောက်ဆုံးအဆင့် ပြိုင်ပွဲ အုပ်စုမဲခွဲမှုအရ အုပ်စု (C) တွင် လက်ရှိချန်ပီယံ ဂျပန်၊ တောင်ကိုရီးယား၊ ဗီယက်နမ် အသင်းတို့နှင့် ကျရောက်နေပြီး ကွာတားဖိုင်နယ်တက်ရောက်ရန် ရုန်းကန်ရဖွယ်ရှိနေသည်။

အခြားအုပ်စုတွင် အုပ်စု (A) ၌ အိမ်ရှင်အိန္ဒိယ၊ တရုတ်၊ တရုတ်(တိုင်ပေ)၊ အီရန်၊ အုပ်စု (B) ၌ ဩစတြေးလျ၊ ထိုင်း၊ ဖိလစ်ပိုင်နှင့် အင်ဒိုနီးရှားအသင်းတို့ ပါဝင်နေသည်။

မြန်မာအသင်းသည် ခြေစစ်ပွဲတွင် လက်ဘနွန်၊ ယူအေအီး၊ ဂူအမ်အသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်ခဲ့ပြီး သုံးပွဲစလုံး အနိုင်ရရှိကာ ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်းဖြစ်သည်။

**ရဲရင့်လွင်**

## မြန်မာ့လက်ရွေးစင်အသင်း ဆူဇူကီးပြိုင်ပွဲမတိုင်မီ အင်ဒိုနီးရှားလက်ရွေးစင်အသင်းအပါအဝင် ခြေစမ်းပွဲသုံးပွဲကစားမည်

ရန်ကုန် နိုဝင်ဘာ ၄

**မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းသည် ၂၀၂၀ အာဆီယံ ဆူဇူကီးဖလားပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင် သည့်အနေဖြင့် တူရကီနိုင်ငံ၌ လေ့ကျင့်လျက်ရှိပြီး အင်ဒိုနီးရှားလက်ရွေးစင်အသင်းအပါအဝင် ခြေစမ်းပွဲသုံးပွဲ ကစားမည်ဖြစ်သည်။**

မြန်မာ့လက်ရွေးစင်အသင်းသည် အောက်တိုဘာလကုန်မှ နိုဝင်ဘာလကုန်အထိ တူရကီနိုင်ငံ Antalya မြို့၌ တစ်လဝန်းကျင်ကြာ လေ့ကျင့်လျက်ရှိပြီး ယခုလအတွင်း ခြေစမ်းပွဲသုံးပွဲကစားသွားမည်ဖြစ်သည်။ မြန်မာ လက်ရွေးစင် အသင်းသည် လက်ရွေးစင်အသင်းနှင့် တစ်ပွဲ၊ ကလပ်အသင်းနှင့် နှစ်ပွဲကစားမည်ဖြစ်ပြီး နိုဝင်ဘာ ၉ ရက်တွင် Manavgatspor အသင်း၊ နိုဝင်ဘာ ၁၃ ရက်တွင် Burundi အသင်း၊ နိုဝင်ဘာ ၂၅ ရက်တွင် အင်ဒိုနီးရှား လက်ရွေးစင် အသင်းတို့နှင့် ခြေစမ်းကစားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ကပ်ရောဂါကြောင့် နှစ်နှစ်နီးပါး နိုင်ငံတကာခြေစမ်းပွဲ ယှဉ်ပြိုင်ကစားနိုင်ခြင်း မရှိခဲ့ဘဲ ယခုမှသာ ပြန်လည်ကစားခြင်း ဖြစ်သည်။ နည်းပြချုပ် အန်တွမ်နီဟေးသည် ယခုနှစ်လယ်ပိုင်းက ၂၀၂၂ ကမ္ဘာ့ဖလားခြေစစ်ပွဲ လက်ကျန်ပွဲများ ယှဉ်ပြိုင်ခဲ့သော လူစာရင်းကိုအခြေခံကာ အာရှဖလား ယူ-၂၃ ခြေစစ်ပွဲယှဉ်ပြိုင်ခဲ့သည့် ကစားသမားအချို့၊ ပြည်ပကလပ်များတွင် သွားရောက် ကစားနေသူအချို့ကို အားဖြည့် ရွေးချယ်ထားခြင်း ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်း နည်းပြချုပ် အန်တွမ်နီဟေးသည် ဆူဇူကီးဖလားပြိုင်ပွဲ ယှဉ်ပြိုင်ရန် ပဏာမကစားသမား ၂၅ ဦး ရွေးချယ်ထားပြီး တူရကီခြေစမ်းခရီးစဉ်အပြီးတွင် အပြီးသတ် ကစားသမားများ ရွေးချယ်သွားမည်ဖြစ်သည်။

မြန်မာ့ လက်ရွေးစင်အသင်းသည် တူရကီနိုင်ငံမှ ဆူဇူကီးပြိုင်ပွဲယှဉ်ပြိုင်မည့် စင်ကာပူနိုင်ငံသို့ တိုက်ရိုက်သွားရနိုင်မည်ဖြစ်သည်။ ကပ်ရောဂါကြောင့် ရွှေ့ဆိုင်းထားသည့် ၂၀၂၀ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၅ ရက်မှ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁ ရက်အထိ ပြန်လည် ကျင်းပမည်ဖြစ်ကာ မြန်မာအသင်းသည် အုပ်စု (က) တွင် ထိုင်း၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ခြေစစ်ပွဲအောင်အသင်း (တီမော/ဘရူနိုင်း)တို့နှင့် ကျရောက်နေသည်။ မြန်မာအသင်းသည် အုပ်စုအဖွင့်ပွဲအဖြစ် ဒီဇင်ဘာ ၅ ရက်တွင် အိမ်ရှင်စင်ကာပူ အသင်းနှင့် စတင်ကစားရမည်ဖြစ်သည်။

**ရဲရင့်လွင်**

## အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံအပ်ချုပ်စက်သင်တန်းဖွင့်လှစ်

**မန္တလေး နိုဝင်ဘာ ၄**

မွန်ပြည်နယ် သထုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အခမဲ့ ဖွင့်လှစ်သည့် အခြေခံအပ်ချုပ်စက်သင်တန်းကို နိုဝင်ဘာ ၁ ရက်က သရက်တောကျေးရွာ မူလတန်း(လွန်)ကျောင်း၌ ဖွင့်လှစ်သည်။



အခမ်းအနားတွင် ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမိုးဝင်းက သင်တန်းဖွင့် အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးမြင့်နိုင်ဦးက ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန၏ဆင်းရဲမှု လျှော့ချရေးလုပ်ငန်းစဉ် တစ်ခုဖြစ်သည့် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရေး ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းအဖြစ် လုပ်ကိုင် ဆောင်ရွက်နိုင်စေရန် ရည်ရွယ်ကာ သင်တန်းများ ဖွင့်လှစ်ပေးလျက် ရှိကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်စန်းယုက သင်တန်းသူများအား သင်ထောက်ကူပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မိုးဝင်း(ကျေးလက်)**

* ကျောဖုံးမှ

အောက်တိုဘာ ၂၀ ရက်က ပထမအကျော့အဖြစ် ယှဉ်ပြိုင်ကစားခဲ့သည့် အက်သလက်တီကို မက်ဒရစ်အသင်း၏ အိမ်ကွင်းတွင်လည်း လီဗာပူးအသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ထို့ကြောင့် အက်သလက်တီကို မက်ဒရစ်အသင်းသည် ပထမအကျော့က ရှုံးကြွေးကို ပြန်ဆပ်ရန်အတွက် လည်းကောင်း၊ ရမှတ်လိုအပ်ချက်အရ လည်းကောင်း ယနေ့ပွဲစဉ်တွင် လီဗာပူးအသင်းကို အားထားရသည့် ကစားသမား အစုံအလင်ဖြင့် ရင်ဆိုင်လာခဲ့သည်။

အက်သလက်တီကို မက်ဒရစ်အသင်းသည် ပထမအကျော့ပြိုင်ပွဲ ပွဲချိန် ၅၂ မိနစ်တွင် အသင်းမှ အဓိက ကစားသမား ဂရစ်ဇ်မန်းကို အနီကတ်ပြ ထုတ်ပယ်ခံခဲ့ရသလို ယနေ့ပွဲစဉ်တွင်လည်း ပွဲချိန် ၃၆ မိနစ်၌ ဖီးလစ်ကို အနီကတ်ပြ ထုတ်ပယ်ခံခဲ့ရသည်။ ထို့ကြောင့် လီဗာပူးအသင်းသည် တစ်ယောက်လျော့ အက်သလက်တီကိုမက်ဒရစ်အသင်းကို ဘောလုံးပိုင်ဆိုင်မှုအသာ၊ ခြေအသာ၊ ဂိုးကန်သွင်းခွင့်အသာဖြင့် ထိန်းချုပ် ကစားနိုင်ခဲ့သည်။

လီဗာပူးအသင်းအတွက် အဖွင့်ဂိုးကို ပွဲချိန် ၁၃ မိနစ်တွင် ဂျိုတာက သွင်းယူပေးပြီး ဒုတိယဂိုးကို ပွဲချိန် ၂၁ မိနစ်တွင် မာနေးက သွင်းယူပေးခဲ့သည်။ ပွဲချိန် ၄၈ မိနစ်တွင် လီဗာပူးအသင်းမှ ဂျိုတာ ဂိုးသွင်း ယူနိုင်ခဲ့သော်လည်း ဗွီအေအာရ်က ပယ်ဖျက်ခဲ့သောကြောင့် နစ်နာခဲ့ရသလို အက်သလက်တီကိုမက်ဒရစ်အသင်းမှ ဆွာရက်ဇ် ပွဲချိန် ၅၇ မိနစ်တွင် ဂိုးသွင်းယူနိုင်ခဲ့သော်လည်း ဗွီအေအာရ်က ပယ်ဖျက်ခဲ့သောကြောင့် နစ်နာခဲ့ရသည်။ ထို့နောက်တွင် တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန် ထိုးဖောက်မှုများရှိသော်လည်း ဂိုးအဖြစ် ပြောင်းလဲနိုင်ခြင်း မရှိသောကြောင့် လီဗာပူးအသင်းက နှစ်ဂိုးပြတ် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

လီဗာပူးအသင်းသည် ယခုအနိုင်ပွဲကြောင့် ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စု (B) တွင် လေးပွဲကစား လေးပွဲနိုင် ရမှတ် ၁၂ မှတ်ဖြင့် ချန်ပီယံလိဂ်ပြိုင်ပွဲ နောက်တစ်ဆင့်သို့ စောစီးစွာ တက်ရောက်နိုင်ခဲ့ခြင်း ဖြစ်သည်။ ပြိုင်ဘက် အက်သလက်တီကို မက်ဒရစ်အသင်းက လေးပွဲကစားပြီး လေးမှတ်သာရရှိထားသောကြောင့် နောက်တစ်ဆင့် တက်ရောက်နိုင်ရန်အတွက် လက်ကျန်ပွဲစဉ်များတွင် ရလဒ်ကောင်းရရှိရန် ကစားရဦးမည်ဖြစ်သည်။

အခြားသောချန်ပီယံလိဂ်ပွဲစဉ်ရလဒ်များတွင် ရီးရဲမက်ဒရစ်က ရှက်တာဒိုးနက်ကို နှစ်ဂိုး-တစ်ဂိုး၊ မန်စီးတီးက ကလပ်ဘရုဂ်ကို လေးဂိုး-တစ်ဂိုး၊ အိုင်းယက်စ်က ဒေါ့မွန်ကို သုံးဂိုး-တစ်ဂိုး၊ စပို့တင်းလစ္စဘွန်း က ဘက်ဆီးတပ်စ်ကို လေးဂိုး-ဂိုးမရှိ၊ အင်တာမီလန်က ရှီးရစ်ဖ်ကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး အေစီမီလန်နှင့် ပေါ်တိုအသင်းတို့ပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သလို လိုက်ပ်ဇစ်နှင့် ပီအက်စ်ဂျီအသင်းတို့ပွဲစဉ်တွင်လည်း တစ်ဖက်နှစ်ဂိုးစီဖြင့် သရေကျခဲ့သည်။

အုပ်စုပွဲစဉ်များ မပြီးဆုံးမီ ချန်ပီယံလိဂ်ပြိုင်ပွဲ နောက်တစ်ဆင့်သို့ လီဗာပူးအသင်းအပြင် အိုင်းယက်စ်၊ ဘိုင်ယန်မြူးနစ်၊ ဂျူဗင်တပ်စ် အသင်းတို့လည်း တက်ရောက်ထားနိုင်သည်။

**အောင်ဇော်**

## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင် ပေ (၄၅ x ၁၅) ကြော်ငြာဘုတ်ကြီးများကို ငှားရမ်းခနှုန်းထား၏ ၅၀ ရာခိုင်နှုန်း လျှော့ချငှားရမ်းသွားမည်

**ရန်ကုန် နိုဝင်ဘာ ၄**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင် ပေ (၄၅ x ၁၅ ) ကြော်ငြာဘုတ်ကြီးများကို ငှားရမ်းခနှုန်းထား၏ ၅၀ ရာခိုင်နှုန်း လျှော့ချငှားရမ်းသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကြော်ငြာဘုတ်ကြီးများတွင် လုပ်ငန်းရှင်များ၏ စီးပွားရေးကြော်ငြာများ တပ်ဆင်ကြော်ငြာနိုင်ရန်အတွက် နေရာအမျိုးအစားပေါ် မူတည်၍ ငှားရမ်းခနှုန်းထားအသီးသီးဖြင့် ငှားရမ်းဆောင်ရွက်လျက်ရှိရာ ယင်း ပေ (၄၅ x ၁၅) ကြော်ငြာဘုတ်ကြီးများကို မူလသတ်မှတ် ငှားရမ်းခ နှုန်းထား၏ ၅၀ ရာခိုင်နှုန်း လျှော့ချငှားရမ်းမည်ဖြစ်ကြောင်း၊ ငှားရမ်းလျှောက်ထားလိုပါက အသေးစိတ်အချက်အလက်များကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ စီမံရေးရာဌာနတွင် စုံစမ်း၍ လျှောက်ထားနိုင်ပြီး ငှားရမ်းလိုသည့် ကြော်ငြာဘုတ်ကို မြေပြင်ကွင်းဆင်းကြည့်ရှုကာ စီမံရေးရာဌာနတွင်လည်းကောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးများတွင် လည်းကောင်း၊ ငွေသွင်းချလန် ရယူ၍ မြို့တော်ဘဏ်၌ နေ့ချင်းပြီး အခွန်ငွေပေးသွင်း၍ ကြော်ငြာတပ်ဆင်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**



## အမ်းမြို့နယ် ထမင်းထုပ်ကျေးရွာအဝင် လူကူးကြိုးတံတားကြံ့ခိုင်ရေး ကွင်းဆင်းစစ်ဆေး

**အမ်း နိုဝင်ဘာ ၄**

ရခိုင်ပြည်နယ် အမ်းမြို့နယ်၌ လူထုဗဟိုပြုစီမံကိန်း(တတိယနှစ်) သဘာဝဘေး ထောက်ပံ့ရန်ပုံငွေကျပ် သန်း၂၀၀၀ ဖြင့် ရွှေမိုကုမ္ပဏီက အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် အမ်းမြို့နယ် အမ်းမြောက်ကျေးရွာအုပ်စု ထမင်းထုပ်ကျေးရွာအဝင်လူကူးတံတား အရှည် ၁၇၅ ပေ ကြံ့ခိုင်ရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးသည်။

အဆိုပါ ရွာအဝင် လူကူးကြိုးတံတားကို ကြံ့ခိုင်ရေးအတွက် ပြင်ဆင်ထိန်းသိမ်းခြင်းများ ဆောင်ရွက်ရန် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါက်တာ လေးလေးဆေနှင့် တာဝန်ရှိသူများက မြေပြင်ကွင်းဆင်းတိုင်းတာခဲ့ကြကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးညီညီထံက သိရသည်။

**အောင်လှဖြူ**

# အမေရိကန်ပြည်ထောင်စုတွင် အသက် ၅ နှစ်မှ ၁၁ နှစ်ကြား ကလေးများအား ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေး

ဝါရှင်တန် နိုဝင်ဘာ ၄

**အမေရိကန်ပြည်ထောင်စုတွင် ကျန်းမာရေးဝန်ထမ်းများက ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုများကို အရှိန်အဟုန်မြင့် လုပ်ဆောင်လျက်ရှိရာ အသက် ၅ နှစ်မှ ၁၁ နှစ်ကြား ကလေးများအား ကိုဗစ်-၁၉ ကာကွယ်ဆေးများ စတင်ထိုးနှံပေးလျက်ရှိသည်။**



အမေရိကန်ပြည်ထောင်စုတွင် အသက် ၅ နှစ်မှ ၁၁ နှစ်ကြား ကလေးငယ်တစ်ဦးအား ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပေးသည်ကို တွေ့ရစဉ်။

အမေရိကန်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာန (စီဒီစီ) က ဖိုက်ဇာ-ဘီရွန်တက်ခ် ကိုဗစ်-၁၉ ကာကွယ်ဆေးကို အသက် ၅ နှစ်မှ ၁၁ နှစ်ကြား ကလေးများကို ထိုးပေးရန် ထောက်ခံအတည်ပြုချက် ပေးခဲ့သည်။

အဆိုပါဆုံးဖြတ်ချက်သည် သတ်မှတ်အသက်အရွယ်အုပ်စုအတွင်းရှိ ကလေးငယ်ပေါင်း ၂၈ သန်းကို သောကြာနေ့က ကိုဗစ်-၁၉ အရေးပေါ်ကာကွယ်ဆေး အသုံးပြုခွင့်ပေးခဲ့သော အမေရိကန်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာန (အက်ဖ်ဒီအေ)၏ ဆုံးဖြတ်ချက်ဖြစ်ကြောင်း သိရသည်။

ကလေးများအတွက် ခွင့်ပြုပေးလိုက်သော ကိုဗစ်-၁၉ ကာကွယ်ဆေး တစ်ခါထိုးပမာဏသည် လူကြီးတစ်ခါထိုးပမာဏ၏ သုံးပုံတစ်ပုံခန့်ရှိကြောင်း သိရပြီး သုံးပတ်ခွာပြီး နှစ်ကြိမ်ထိုးနှံပေးရမည် ဖြစ်ကြောင်း သိရသည်။

ဆေးပမာဏနည်းပါးခြင်းသည် ဘေးထွက်ဆိုးကျိုးနည်းပါးစေရန်အတွက် ဖြစ်သော်လည်း အစွမ်းထက်ထိရောက်မှုကို လျော့ပါးစေမည်မဟုတ်ဘဲ ခုခံမှုစွမ်းအားကို ပိုမိုကောင်းစေမည်ဖြစ်ကြောင်း ဖိုက်ဇာဆေးကုမ္ပဏီက ပြောသည်။

အမေရိကန်ပြည်ထောင်စုတွင် အသက် ၅ နှစ်မှ ၁၁ နှစ်ကြား ကလေးငယ်ပေါင်း ၁၇၂ ဦး ကိုဗစ်-၁၉ ကြောင့် သေဆုံးခဲ့ပြီး ၈၃၀၀ ကျော် ဆေးရုံတက်ကုသခဲ့ရကြောင်း စီဒီစီ၏ ထုတ်ပြန်ချက်များအရ သိရသည်။

ဆင်ဟွာ

## ဗီယင်နာနျူကလီးယားဆွေးနွေးမှုကို နိုဝင်ဘာ ၂၉ ရက်တွင် ပြန်လည်စတင်မည်ဟု အီရန်ပြော

တီဟီရန် နိုဝင်ဘာ ၄



အီရန်နျူကလီးယားအဆင့်မြင့် ညှိနှိုင်းရေးမှူး အလီဘာဂီရီကာနီ။

အီရန်နျူကလီးယား အဆင့်မြင့် ညှိနှိုင်းရေးမှူး အလီဘာဂီရီကာနီက ယခင်က ဘက်ပေါင်းစုံ ပူးပေါင်းလုပ်ဆောင်ရေး လုပ်ငန်းအစီအစဉ် (ဂျေစီပီအိုအေ)ဟု ခေါ်သည့် ၂၀၁၅ ခုနှစ် နျူကလီးယားသဘောတူညီချက် ပြန်လည်အသက်ဝင်ရန် ဗီယင်နာနျူကလီးယား ဆွေးနွေးမှုများကို နိုဝင်ဘာ ၂၉ ရက်တွင် ပြန်လည်စတင်သွားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

တီဟီရန်နှင့် ဘရပ်ဆဲလ်ရှိ ဥရောပပြည်ပရေးရာ ဆောင်ရွက်မှုလုပ်ငန်း ဒုတိယအတွင်းရေးမှူးချုပ် အန်းရစ်မိုရာနှင့် ဖုန်းပြောဆိုပြီးနောက် မိမိတို့သည် ပြန်လည် ညှိနှိုင်းဆွေးနွေးမှုများကို ဗီယင်နာတွင် နိုဝင်ဘာ ၂၉ ရက်တွင် စတင်ရန် သဘောတူခဲ့ကြောင်း ဘာဂီရီကာနီက ပြောကြားလိုက်သည်။

ဘာဂီရီကာနီနှင့် မိုရာတို့ နှစ်ဖက် တွေ့ဆုံဆွေးနွေးမှုများ ပြုပြီးနောက် အီရန်နှင့် ဥရောပသမဂ္ဂတို့သည် ဆွေးနွေးပွဲကို နိုဝင်ဘာတွင် ပြန်လည်စတင်ရန် သဘောတူခဲ့ကြသည်။

အီရန်အစိုးရအဖွဲ့ အပြောင်းအလဲများဖြစ်ပေါ်ပြီးနောက်ပိုင်း ဇွန်လကတည်းက ရပ်ဆိုင်းခဲ့ရသော နျူကလီးယားဆွေးနွေးပွဲကို နိုဝင်ဘာလတွင် ပြန်လည်စတင်မည်ဖြစ်ရာ အဆိုပါအစည်းအဝေး၌ ဂျေစီပီအိုအေကို အပြည့်အဝအကောင်အထည်ဖော်ရေးနှင့် အရေးယူပိတ်ဆို့မှုများ ရုပ်သိမ်းရေးသည် အဓိကဆွေးနွေးမည့် အကြောင်းအရာများဖြစ်လိမ့်မည် ဖြစ်သည်။

ဆင်ဟွာ

## ဥရောပကော်မရှင်က တောင်ဆူဒန်ရှိ ရေဘေးဒုက္ခသည်များအတွက် အမေရိကန်ဒေါ်လာ ၂ ဒသမ ၃ သန်း ထောက်ပံ့

ဂျူဘာ နိုဝင်ဘာ ၄

ဥရောပကော်မရှင် (အီးစီ)က တောင်ဆူဒန် ရေဘေးဒုက္ခသည်များကို အရေးပေါ်လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ရန်ပုံငွေတစ်ရပ်အနေဖြင့် ယူရို နှစ်သန်း (အမေရိကန်ဒေါ်လာ ၂ ဒသမ ၃ သန်း) ခွဲဝေသတ်မှတ်ခဲ့ကြောင်း ကြေညာခဲ့သည်။

အီးစီက ၂၀၂၁ ခုနှစ်ကုန်တွင် လူပေါင်း တစ်သန်းကျော် ရေဘေးဒုက္ခကြောင့် ဆိုးကျိုးခံစားရနိုင်ကြောင်း ဖော်ပြထားသည်။

တောင်ဆူဒန်ရှိ ရေကြီးမှုများသည် ရာသီဥတုပြောင်းလဲမှုအပေါ် အရေးတကြီး ဆောင်ရွက်မှုတွေ လုပ်ဆောင်သင့်နေပြီဆိုသည့် အချက်ကို အချိန်ကိုက်သတိပေးလိုက်ခြင်းသာဖြစ်ကြောင်း၊ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ညီလာခံ၏ ယူဆချက်ဖြစ်သည့် ရာသီဥတုပြောင်းလဲခြင်း၏ အကျိုးသက်ရောက်မှုသည် အမှန်စင်စစ်ဖြစ်ပေါ်လာသည့်ဆိုသည့် အချက်နှင့် အခုဖြစ်ပျက်နေပြီဆိုသည့် အချက်ကို မီးမောင်းထိုးပြလိုက်ခြင်းဖြစ်ကြောင်း၊ ရာသီဥတုပြောင်းလဲခြင်း၏ အကျိုးသက်ရောက်မှုကို အောက်ခြေလူတန်းစားအလွှာများ ပိုမိုခံစားရနိုင်ကြောင်း သဘာဝအကျပ်အတည်း စီမံခန့်ခွဲမှုဆိုင်ရာ အီးစီကော်မရှင်နာ ဂျနက်လီနာစစ်က ကြေညာချက်တွင် ပြောကြားထားသည်။



တောင်ဆူဒန်ရှိ အိမ်အချို့ ရေလွှမ်းမှုဖြစ်ပွားနေသည်ကို တွေ့ရစဉ်။

တောင်ဆူဒန် ရေကြီးမှုကြောင့် အနည်းဆုံး လူ ၄၀ ခန့် သေဆုံးနိုင်ပြီး လူပေါင်း ၇၅၀၀၀၀ ဆိုးကျိုးသက်ရောက်နိုင်ကြောင်း ခန့်မှန်းဖော်ပြထားသည်။ နိုင်ငံအတွင်း စီရင်စု ၇၈ ခုအနက် စီရင်စု ၃၁ စုရှိ ပြည်သူများ ရေဘေးကြောင့် အိုးပစ်အိမ်ပစ် ထွက်ပြေးခဲ့ကြကြောင်း ဖော်ပြထားသည်။

ပြင်းထန်ဆိုးရွားသည့် ရေကြီးမှုများကြောင့် တောင်ဆူဒန်ရှိ ဒေသအတော်များများတွင် ရှိရင်းစွဲ လူသားချင်းဆိုင်ရာဘေးဒုက္ခကို ပုံကြီးချဲ့လိုက်သလို ပိုမိုဆိုးရွားစေသည်။

ဆင်ဟွာ

## အမေရိကန်ပြည်ထောင်စု လော့စ်အိန်ဂျလိစ်မြို့တော်ဝန် ကိုဗစ်-၁၉ ရောဂါဖြစ်ပွား

လော့စ်အိန်ဂျလိစ် နိုဝင်ဘာ ၄

စကော့တလန်၊ ဂလက်စ်ဂိုးတွင် ကျင်းပပြုလုပ်သော ကုလသမဂ္ဂ ရာသီဥတုညီလာခံသို့ တက်ရောက်ခဲ့သော လော့စ်အိန်ဂျလိစ်မြို့တော်ဝန် အဲရစ်ဂါဆက်တီသည် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားခဲ့ကြောင်း ၎င်း၏ရုံးက မကြာသေးမီတွင် ကြေညာချက်ထုတ်ပြန်လိုက်သည်။

အဲရစ်ဂါဆက်တီသည် အခြေအနေကောင်းမွန်လျက်ရှိပြီး ၎င်း၏ ဟိုတယ်အခန်းတွင် သီးသန့်ခွဲခြားစောင့်ကြည့်မှုခံယူလျက်ရှိကြောင်း ၎င်း၏ရုံး တွစ်တာတွင်ဖော်ပြလိုက်ပြီး ဂါဆက်တီသည် ကိုဗစ်-၁၉ ကာကွယ်ဆေးကို အပြည့်အဝထိုးထားကြောင်းလည်း ထပ်မံအသိပေး ပြောကြားခဲ့သည်။

အရာအားလုံးကို လိုက်နာသော်လည်း မိမိတို့၏ ကာကွယ်မှု လျော့နည်းသွားသည်နှင့်တစ်ပြိုင်နက် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားနိုင်ကြောင်းကို သတိပေးလိုက်ခြင်းဖြစ်ကြောင်း၊ သို့သော်လည်း ကိုဗစ်-၁၉ ကို ကျော်လွှားသွားနိုင်မည့် အခွင့်အလမ်းတစ်ရပ်ရှိနေသေးကြောင်းနှင့် ကာကွယ်ဆေးသည် အရေးကြီးကြောင်း အေဘီစီရုပ်မြင်သံကြား အွန်လိုင်းတွေ့ဆုံမေးမြန်းမှုတွင် ဂါဆက်တီက ပြောကြားခဲ့သည်။

ကုလသမဂ္ဂလမ်းညွှန်ချက်များနှင့်အညီ ဂါဆက်တီသည် ခရီးစဉ်တစ်လျှောက် ကိုဗစ်-၁၉ စမ်းသပ်စစ်ဆေးခဲ့သော်လည်း နှစ်ကြိမ်တိုင်တိုင် ကိုဗစ်-၁၉ ပိုး မတွေ့ရှိခဲ့ကြောင်း သိရသည်။

နိုဝင်ဘာ ၂ ရက်က ဂါဆက်တီနှင့် ၎င်း၏ဝန်ထမ်းတို့ အမေရိကန်ပြည်ထောင်စုသို့ပြန်ရန် ပီစီအာရ်စမ်းသပ်စစ်ဆေးမှုပြုလုပ်စဉ် ဂါဆက်တီတွင် ကိုဗစ်-၁၉ ပိုး တွေ့ရှိခဲ့ခြင်းဖြစ်သည်။

ဆင်ဟွာ

## တောင်ကိုရီးယားနိုင်ငံက နောက်ထပ် ကိုဗစ်-၁၉ ကာကွယ်ဆေးများ ဗီယက်နမ်သို့ လှူဒါန်း

ဆိုးလ် နိုဝင်ဘာ ၄

တောင်ကိုရီးယားက နောက်ထပ် အက်စ်ထရာဇနီကာ ကိုဗစ်-၁၉ ကာကွယ်ဆေးပမာဏ ၂၉၀၀၀၀ ခန့်ကို ဗီယက်နမ်နိုင်ငံသို့ လှူဒါန်းရန် ဆုံးဖြတ်ခဲ့ကြောင်း ဆိုးလ်နိုင်ငံခြားရေးဝန်ကြီးဌာနက နိုဝင်ဘာ ၄ ရက်တွင် သတင်းထုတ်ပြန်ကြေညာလိုက်သည်။

တောင်ကိုရီးယားသည် ဗီယက်နမ်နိုင်ငံသို့ အက်စ်ထရာဇနီကာ ကိုဗစ်-၁၉ ကာကွယ်ဆေး ၁ ဒသမ ၁ သန်း၊ ထိုင်းနိုင်ငံသို့ အောက်တိုဘာ ၁၂ ရက်တွင် အလားတူ ကိုဗစ်-၁၉ ကာကွယ်ဆေး ၄၇၀၀၀၀၊ အီရန်နိုင်ငံသို့ အောက်တိုဘာ ၂၅ ရက်တွင် တစ်သန်း လှူဒါန်းခဲ့သည်။

တောင်ကိုရီးယားနှင့် ဗီယက်နမ်နိုင်ငံအကြား ဆက်ဆံရေးပိုမိုတိုးတက်ကောင်းမွန်စေရန်နှင့် ကိုဗစ်-၁၉ ကပ်ရောဂါ အကျပ်အတည်းကို ကိုင်တွယ်ဖြေရှင်းရာတွင် ကမ္ဘာ့အဆင့် အားထုတ်ကြိုးပမ်းမှုအနေဖြင့် နောက်ထပ် ကိုဗစ်-၁၉ ကာကွယ်ဆေးလှူဒါန်းမှုများ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း တောင်ကိုရီးယားနိုင်ငံခြားဝန်ကြီးဌာနက ကြေညာချက်တွင် ထုတ်ပြန်ဖော်ပြထားသည်။ တောင်ကိုရီးယားနိုင်ငံတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးအပြည့်အဝထိုးနှံပြီးသူ ၇၀ ရာခိုင်နှုန်းကျော် ရောက်ရှိလာပြီဖြစ်သည်။

ဆင်ဟွာ

# အိုင်အက်စ်-ကေအဖွဲ့ရဲ့ ခြိမ်းခြောက်တိုက်ခိုက်မှုကို ရင်ဆိုင်နေရတဲ့ ကဘူးလ်မြို့

**နှင်းမိုးအိမ်**

တာလီဘန်တို့ ကဘူးလ်မြို့ကို ထိန်းချုပ်ပြီးနောက် လအနည်းငယ်အကြာတွင် အာဖဂန်နစ္စတန်နိုင်ငံ၌ လုံခြုံရေးကို ပြန်လည်ထိန်းသိမ်းသွားမည်ဟု ကတိပြုခဲ့သည်။ အာဖဂန်နိုင်ငံသားအများစုသည် မမြင်ရသည့် ရန်သူများကို ကြောက်ရွံ့နေရသည်။ အထူးသဖြင့် အိုင်အက်စ်တို့၏ တိုက်ခိုက်မှုများကို ကြောက်ရွံ့နေကြခြင်းဖြစ်သည်။ အမေရိကန်တို့ ကျောထောက်နောက်ခံပေးခဲ့သည့် ယခုဖြုတ်ချခံထားရသည့် အာဖဂန်အစိုးရကို တာလီဘန်များ တိုက်ခိုက်စဉ်က အသုံးပြုခဲ့သည့် နည်းလမ်းများအတိုင်းပင် အိုင်အက်စ်တို့က ပုံတူကူးကာ လုပ်ဆောင်လျက်ရှိသည်။ သေနတ်ပစ်ခတ်မှုနှင့် အသေခံဗုံးခွဲတိုက်ခိုက်မှုမှာ နိုဝင်ဘာ ၂ ရက်က ကဘူးလ်မြို့ စစ်ဘက်ဆိုင်ရာဆေးရုံတွင် ဖြစ်ပွားခဲ့သည်။




နိုဝင်ဘာ ၂ ရက်က ဒဏ်ရာရရှိသူများကို ကုသမှုပေးရန် ဆေးရုံဝင်ပေါက်တွင် စောင့်ဆိုင်းနေသည့် အာဖဂန်ဆေးဘက်ဆိုင်ရာဝန်ထမ်းများ။

## အသေခံဗုံးခွဲမှုကျူးလွန်

တိုက်ခိုက်မှုဖြစ်ပွားပြီး တစ်ရက်အကြာတွင် လမ်းမပေါ်၌ ပေကျံနေသည့် သွေးများကို ဆေးကြောနေသည့်မြင်ကွင်းကို တွေ့မြင်ရသည်။ တာလီဘန်တိုက်ခိုက်ရေးသမားတစ်ဦးသည် အခင်းဖြစ်ပွားရာနေရာမှ အနိဋ္ဌာရုံများကို ပြသနေသည်။

အိုင်အက်စ် -ကေ ဟု အမည်ပေးထားသည့် ဒေသတွင်း အိုင်အက်စ်အုပ်စုတစ်စုက ယခုလို အသေခံဗုံးခွဲမှုနှင့် တိုက်ခိုက်မှုကျူးလွန်ခဲ့ခြင်းဖြစ်ပြီး လူ ၁၉ ဦး သေဆုံးခဲ့ရသည်။ အဆိုပါ တိုက်ခိုက်မှုကြောင့် တာလီဘန်တို့က ဘာဒရီအထူးတပ်ဖွဲ့ကို စစ်ဆင်ရေးဆင်နွှဲရန် တာဝန်ပေးခဲ့ပြီး အင်အားပြသသည့်အနေဖြင့် ရဟတ်ယာဉ်အဖွဲ့တစ်ဖွဲ့ကိုလည်း တပ်ဖြန့်ချထားခဲ့သည်။

## အကြံပြုချက်ကိုအရေးမစိုက်

ကဘူးလ်မြို့ လုံခြုံရေးအကြီးအကဲဖြစ်သူ ဟမ်ဒူလာ မော့ခ်ခါလစ်နှင့် အခြားသော တာလီဘန် သုံးဦးမှာလည်း စစ်သွေးကြွများနှင့် တိုက်ပွဲအတွင်း သေဆုံးခဲ့ရသည်။

ဆေးရုံ ဆေးဘက်ဆိုင်ရာ ဝန်ထမ်းတစ်ဦးကမူ အဆောက်အအုံအပြင်ဘက်ရှိ ယာဉ်သွားယာဉ်လာများကို ကြပ်မတ်ပေးရန် တာလီဘန်များကို သတိပေးခဲ့ကြောင်း၊ အတိတ်ကာလတုန်းကလည်း အဆိုပါဆေးရုံမှာမကြာခဏဆိုသလို ပစ်မှတ်ထားကာ တိုက်ခိုက်ခြင်းခံရကြောင်း ပြောကြားခဲ့သည်။

**တာလီဘန်တို့ အာဖဂန်နစ္စတန်နိုင်ငံကို ထိန်းချုပ်ပြီးနောက် အကြမ်းဖက် တိုက်ခိုက်မှုများ တိုးလာခဲ့ရာ ယခု ဗုံးခွဲတိုက်ခိုက်မှုသည်လည်း တစ်ခုအပါအဝင် ဖြစ်လာသည်။ ဆယ်စုနှစ်များစွာကြာ စစ်ပွဲအပြီးတွင် အာဖဂန်နစ္စတန်နိုင်ငံ၏ လုံခြုံရေး ပြန်လည်တည်ဆောက်မည်ဟု အခိုင်အမာပြောဆိုခဲ့သော်လည်း အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ၎င်းတို့၏ လုံခြုံရေးဆိုင်ရာကတိကို လျော့ပါးသွားစေသည်**

သို့သော်လည်း တာလီဘန်များက ၎င်း၏ အကြံပြုချက်ကို အရေးမစိုက်ဟုလည်း ဆေးရုံဝန်ထမ်းတစ်ဦးက ဆိုသည်။

## မည်သို့ကိုင်တွယ်ရမည်ကို ကောင်းကောင်းမသိ

လက်ရှိအခြေအနေများကို မည်သို့ ကိုင်တွယ်ရမည်ကိုလည်း ဆေးရုံဝန်ထမ်းများ ကောင်းကောင်း မသိကြဟု ၎င်းက ဆက်ပြောသည်။ ဒုတိယအကြိမ်ပေါက်ကွဲမှုအတွင်း မီးတောက်ထဲတွင်ကားလေးစီး မီးလောင်နေသည်ကို တွေ့မြင်ရသည်။ သို့သော်လည်း မီးသတ်သမားကို ခေါ်ရကောင်းမှန်း သူတို့မသိကြ။ သူတို့ထံတွင်လည်း မီးသတ်စခန်းဖုန်းနံပါတ်မရှိကြ။

## ပို၍ ကြောက်စရာကောင်း

အဆိုပါဆေးရုံသည် ၂၀၁၇ ခုနှစ်ကလည်း တိုက်ခိုက်ခံရပြီး အိုင်အက်စ်-ကေအေ ဟု အမည်ပေးထားသည့်အဖွဲ့က ကျူးလွန်ခဲ့ခြင်းဖြစ်သည်။ ခြောက်နာရီကြာ သေနတ်ပစ်ခတ်မှုဖြစ်ပွားခဲ့ပြီး စစ်သွေးကြွများသည် အခန်းများအတွင်း ဝင်ထွက်ကာ လူနာများကို သတ်ဖြတ်ခဲ့သည်။

အိုင်အက်စ်များသည် တာလီဘန်များကဲ့သို့ပင်ဖြစ်သော်လည်း တာလီဘန်များထက် ပို၍ဆိုးရွားသည်ဟု ဆရာဝန်တစ်ဦးက ပြောသည်။ ၎င်းတို့နှစ်ဖွဲ့ကြား ခြားနားမှုကို ရှာမတွေ့ဟုလည်း ၎င်းက ဆက်ပြောသည်။ အချို့သောသူများက အိုင်အက်စ်-ကေများသည် တာလီဘန်များထက် ပို၍ကြောက်စရာကောင်းသည်ဟု ပြောသည်။ အိုင်အက်စ် -ကေများသည် ပိုမိုရှုပ်ထွေးသည့်နည်းလမ်းများ၊ ဗုံးခွဲမှုနည်းလမ်းများကို သိသည်ဟုလည်း ပြောကြသည်။

## ယခင်ကတည်းတွေ့ကြုံဖူး

နိုဝင်ဘာ ၂ ရက် တိုက်ခိုက်မှုတွင် မော်တော်ဆိုင်ကယ်မောင်းလာသည့် အသေခံဗုံးခွဲသူသည် ဆေးရုံပင်မဂိတ်ကို ဝင်တိုက်ခဲ့ပြီး ၎င်းနောက်မှ ပါလာသော သေနတ်သမားသည် သေနတ်ဖြင့် ပစ်ခတ်ခဲ့သည်။ ထို့နောက် မိနစ် ၂၀ အကြာတွင် တာလီဘန်အထူးတပ်ဖွဲ့ဝင်များ ရောက်ရှိလာကြသည်။

အသေခံဖောက်ခွဲရေးပြုလုပ်ရာတွင် အသုံးပြုခဲ့သည့်ကားမှာ တက္ကဆီတစ်စီးနှင့် တူသည်ဟုလည်း မျက်မြင်သက်သေများက ပြောသည်။ ယခင်ကလည်း ယခုလိုနည်းလမ်းများ အသုံးပြုခဲ့သည်ကို မြင်ဖူးကြောင်း နောက်ထပ်ဆရာဝန်တစ်ဦးက ပြောသည်။

ပထမတစ်ကြိမ်ပေါက်ကွဲမှုအပြီးတွင် လူများဒဏ်ရာရကာ အတုံးအရုံးလဲကျနေသည်ကို တွေ့မြင်ရကြောင်း၊ သို့သော်လည်း ၎င်းတို့ကို ချက်ချင်းကုသမှု မပေးနိုင်သေးကြောင်း၊ အဘယ်ကြောင့်ဆိုသော် ဒုတိယအကြိမ်ပေါက်ကွဲမှုမှာ မကြာမီဖြစ်ပေါ်လာတော့မည်ကို သိထား၍ဖြစ်ကြောင်း ဆရာဝန်တစ်ဦးက ပြောသည်။ ၎င်းထင်ထားသည့်အတိုင်းပင်ဖြစ်ခဲ့ကြောင်း ဆက်လက်ပြောကြားခဲ့သည်။

## လုံခြုံရေးများကိုတင်းကျပ်

ပေါက်ကွဲမှုအပြီး နောက်ရက်တွင် လုံခြုံရေးများ တင်းကျပ်ခဲ့သည်။ အမေရိကန်အစိုးရက ကျောထောက်နောက်ခံပေးခဲ့သည့် ယခင်အာဖဂန်အစိုးရဟောင်းထံမှ သိမ်းယူထားသည့် လက်နက်ကြီးတပ်ဆင်ထားသော ထရပ်ကားဖြင့် တာလီဘန်များ ကင်းလှည့်နေသည်ကို တွေ့မြင်ရသည်။ ဖြတ်သန်းသွားလာသည့် ကားများကို ရပ်တန့်ကာ ရှာဖွေမှုများ ပြုလုပ်သကဲ့သို့ စာရွက်စာတမ်းစစ်ဆေးမှုများလည်း ပြုလုပ်ခဲ့သည်ဟု သိရသည်။

## လုံခြုံစိတ်ချရသည်ဟုမခံစားရ

ကုသမှုခံယူရန်အတွက် မြို့တော်သို့ လာခဲ့သည့် ဂျောဂျန်ပြည်နယ်မှလာသော လယ်သမားတစ်ဦးဖြစ်သူ ဟတ်ဇ်ရက်နော်သည် တာလီဘန်တို့ အောင်မြင်မှုအတွက် ကျေနပ်မှုရကြောင်း၊ နှစ်ပေါင်း ၄၀ ကာလအတွင်းတစ်ခါမျှ လုံခြုံစိတ်ချရသည်ဟု မခံစားရကြောင်း ပြောသည်။ ကဘူးလ်မြို့ရှိ စစ်ဘက်ဆိုင်ရာ ဆေးရုံတိုက်ခိုက်ခံရမှုကြောင့် ၁၉ ဦးထက်မနည်း သေဆုံးကာ ၄၃ ဦး ဒဏ်ရာရရှိခဲ့သည်ဟု ပြည်ထဲရေးဝန်ကြီးဌာနက သတင်းအရင်းအမြစ်အရ သိရသည်။

## ကုလမှရှုတ်ချ

ကုလသမဂ္ဂ အာဖဂန်နစ္စတန်ဆိုင်ရာ လုပ်ငန်းအဖွဲ့ကလည်း အဆိုပါတိုက်ခိုက်မှုကိုရှုတ်ချခဲ့ပြီး အရေးယူပေးရန်လည်း တာဝန်ရှိသူများကို တောင်းဆိုခဲ့သည်။ ဆေးရုံတွင် တိုက်ခိုက်ခံရမှုကို ကုလသမဂ္ဂအနေဖြင့် ရှုတ်ချကြောင်း ဆေးဘက်ဆိုင်ရာဝန်ထမ်းများနှင့် ကုသမှုခံယူနေသည့် လူနာများကို တိုက်ခိုက်ခြင်းမှာ လူ့အခွင့်အရေးနှင့် အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုဥပဒေကို ချိုးဖောက်ခြင်းပင်ဖြစ်ကြောင်း ဖော်ပြထားသည်။

## လုံခြုံရေးဆိုင်ရာ ကတိကဝတ်ကို လျော့ပါးသွားစေ

ဩဂုတ်လအတွင်း တာလီဘန်တို့ အာဖဂန်နစ္စတန်နိုင်ငံကို ထိန်းချုပ်ပြီးနောက် အကြမ်းဖက်တိုက်ခိုက်မှုများ တိုးလာခဲ့ရာ ယခု ဗုံးခွဲတိုက်ခိုက်မှုသည်လည်း တစ်ခုအပါအဝင် ဖြစ်လာသည်။ ဆယ်စုနှစ်များစွာကြာ စစ်ပွဲအပြီးတွင် အာဖဂန်နစ္စတန်နိုင်ငံ၏ လုံခြုံရေးပြန်လည်တည်ဆောက်မည်ဟု အခိုင်အမာပြောဆိုခဲ့သော်လည်း အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ၎င်းတို့၏ လုံခြုံရေးဆိုင်ရာကတိကို လျော့ပါးသွားစေသည်။ ။

**ကိုးကား – အေအက်ဖ်ပီ**

# ကိုဗစ် – ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး သတင်းအချက်အလက်နှင့် အသိပညာပေး

❑ *ကျောဖုံးမှ*

- မိမိတို့ နေအိမ်တွင် အသက် (၆၅) နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူ၊ ဆီးချို၊ သွေးတိုး၊ နှလုံးစသည့် နာတာရှည် ရောဂါတစ်ခုခု ခံစားနေရသူရှိပါက ထိုသူအား ပါးစပ်နှင့် နှာခေါင်းစည်းကို တပ်ဆင်ထားစေခြင်း၊
- ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၃–၁၁–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၄–၁၁–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂၂,၇၃၁) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁,၀၀၂) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၄.၄၁) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၉၆၂,၄၈၀)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၅၀၃,၉၈၁) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁,၅၃၉) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၄၇၃,၉၀၃) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်–၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၂၂) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၈,၇၆၆) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၄–၁၁–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁,၂၂၈) ခု | (၂၀) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၈၂) ခု | (၄) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၆၂၈) ခု | (၄) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၇၈) ခု | (၃) ဦး |
| ပြင်ဦးလွင်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံ (ခုတင် ၇၀၀) | (၇၁) ခု | (၃) ဦး |
| စစ်တွေမြို့၊ အမှတ် (၁၇) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၃၁) ခု | (၁) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၀၂၈) ခု | (၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၇၂၀) ခု | (၅၇) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၈,၈၆၅) ခု | (၉၀၈) ဦး |
| **စုစုပေါင်း** | (၂၂,၇၃၁) ခု | (၁,၀၀၂) ဦး |

- **ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် “ရုံးလုပ်ငန်းဌာနများတွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်” နှင့် “တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်” အတိုင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။**
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန




## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေး ဆေးနှင့် ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေး

နေပြည်တော် နိုဝင်ဘာ ၄

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်–၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ကုသရေး ပစ္စည်းများအား ရေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ်လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ နိုဝင်ဘာ ၄ ရက်နေ့တွင် ရန်ကုန်ဆိပ်ကမ်းများမှ Oxygen Plant နှစ်ခု၊ Disposable Gown ၂၅၀၀၀၊ နယ်စပ် မြဝတီ၊ ချင်းရွှေဟော်တွင် ကုမ္ပဏီ ငါးခုမှ Mask ၁၆၂၅၉ ခု၊ Amino Injection ၁၂၆၀၀၀၊ Sodium Chloride Injection ၈၇၂၁၀ ၊ Bcom Injection ၃၃၈၀၀၀၀၊ Vitamin B1 Tablet ၃၈၈၈၀၊ Diclo Injection ၁၂၀၀၀၊ Dexa–2 Injection ၄၂၁၂၀၀၊ Dexa–5 Injection ၃၃၅၄၀၀၊ Glucose Injection ၄၄၄၀၀၊ Liquid Oxygen ၁၅၃၆၅ ဒသမ ၉၅ m³၊ Oxygen Gas ၆ ဒသမ ၂၃ m3 တို့အား ထုတ်ပေးခဲ့ကြောင်း သတင်းရရှိပါသည်။

သတင်းစဉ်



**တတ်နိုင်သမျှ မိမိအိမ်တွင်သာ နေပါ**

## ၄-၁၁ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၄၇၁၀၅၄၆၈ | ၃၇၁၁၆၆၀၄ | ၇၇၀၈၅၄ |
| ၂။ | အိန္ဒိယ | ၃၄၃၂၁၀၄၂ | ၃၃၇၀၄၃၆၅ | ၄၅၉၆၆၁ |
| ၃။ | ဘရာဇီး | ၂၁၈၃၅၇၈၅ | ၂၁၀၃၅၂၆၃ | ၆၀၈၃၀၄ |
| ၄။ | ဗြိတိန် | ၉၁၇၁၆၆၀ | ၇၄၆၂၁၅၇ | ၁၄၁၁၈၁ |
| ၅။ | ရုရှား | ၈၆၇၃၈၆၀ | ၇၄၇၇၃၆၆ | ၂၄၃၂၅၅ |
| ၆။ | တူရကီ | ၈၁၂၁၂၂၆ | ၇၅၈၂၆၂၄ | ၇၁၂၉၈ |
| ၇။ | ပြင်သစ် | ၇၁၈၀၈၃၂ | ၆၉၅၆၄၇၄ | ၁၁၇၈၀၂ |
| ၈။ | အီရန် | ၅၉၆၄၈၂၄ | ၅၅၆၀၉၅၁ | ၁၂၆၉၂၁ |
| ၉။ | အာဂျင်တီးနား | ၅၂၉၂၅၄၉ | ၅၁၅၈၅၀၅ | ၁၁၆၀၂၉ |
| ၁၀။ | စပိန် | ၅၀၁၉၂၅၅ | ၄၈၇၅၁၂၉ | ၈၇၄၆၂ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

၄- ၁၁ - ၂၀၂၁

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၂၄၆၈၀၂ | ၄၀၉၁၉၃၈ | ၁၄၃၅၀၀ |
| ဖိလစ်ပိုင် | ၂၇၉၅၆၄၂ | ၂၇၁၄၆၅၈ | ၄၃၈၂၅ |
| မလေးရှား | ၂၄၈၆၆၃၀ | ၂၃၉၀၃၇၉ | ၂၉၀၉၁ |
| ထိုင်း | ၁၉၄၃၄၂၄ | ၁၈၂၆၄၉၂ | ၁၉၄၆၂ |
| ဗီယက်နမ် | ၉၄၆၀၄၃ | ၈၃၅၄၀၆ | ၂၂၃၄၂ |
| မြန်မာ | ၅၀၃၉၈၁ | ၄၇၃၉၀၃ | ၁၈၇၆၆ |
| စင်ကာပူ | ၂၀၇၉၇၅ | ၁၇၆၅၀၈ | ၄၄၂ |
| ကမ္ဘောဒီးယား | ၁၁၈၈၇၀ | ၁၁၅၂၀၇ | ၂၈၀၃ |
| လာအို | ၄၄၀၆၁ | ၃၆၂၈၆ | ၇၆ |
| ဘရူနိုင်း | ၁၃၅၄၅ | ၁၂၀၉၈ | ၉၁ |

# တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေး၊ ဆွမ်းပဒေသာပင်အလှူငွေများ ပေးအပ်လှူဒါန်း



နေပြည်တော် နိုဝင်ဘာ ၄

တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင် အလှူရှင်များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများလှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေး စစ်ဆေးပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ်(၁၀) ရပ်ကွက်ရှိ ဓမ္မစကြာရိပ်သာကျောင်းတိုက်၊ ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မဟာဇေယျသိဒ္ဓိ အဓိဋ္ဌာန်ကျောင်းတိုက်နှင့် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် တပ်ဦးမဟာဂန္ဓာရုံကျောင်းတိုက်တို့ရှိ ဆရာတော်၊ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ အလှူငွေများနှင့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် အသီးသီးမှ တာဝန်ရှိသူများက သွားရောက် ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကာတွန်းဆရာကြီး ဦးဘဂျမ်း၏ ခေတ်အမြင် ကာတွန်း




# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ် - ၁၉ ရောဂါကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

နေပြည်တော် နိုဝင်ဘာ ၄

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များအပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၅၅ နှစ်အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား၊ အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများအတွင်းရှိ ပြည်သူများ၊ အသက် ၁၂ နှစ်အထက် အခြေခံပညာအလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများစသည့် ဦးတည်အုပ်စုများသတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေး ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲ မြို့နှင့်သီပေါမြို့တို့၌ ဒေသခံပြည်သူ ၁၀၆၀၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ခိုလမ်မြို့၌ သံဃာတော် ၂၁ ပါး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အတွင်းရှိ မြို့နယ် လေးမြို့နယ်တို့၌ ဒေသခံပြည်သူ ၂၇၈၅ ဦး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ မြို့နယ် လေးမြို့နယ်တို့၌ ဒေသခံပြည်သူ ၁၁၈၀၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် သုံးမြို့နယ်၌ ဒေသခံပြည်သူ ၁၇၄၉ ဦး၊ ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်နှင့် ရန်ကင်းမြို့နယ်တို့၌ ဒေသခံပြည်သူ ၁၆၅၀၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၂၈၅၂၁ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ငါးမြို့နယ်တို့၌ ဒေသခံပြည်သူ ၇၃၈၀၊ စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့နယ်၌ ဒေသခံပြည်သူ ၁၃၀၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခရိုင်မှ ဒေသခံပြည်သူ ၉၅၄၀ တို့ကို တပ်မတော်မှဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်၌ ကျောင်းသား ကျောင်းသူ ၁၀၀၀၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၃၃၉၄ ဦးနှင့် ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ်၌ ကျောင်းသား ကျောင်းသူ ၁၀၈၀ တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ ကိုဗစ်- ၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



## လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်

နေပြည်တော် နိုဝင်ဘာ ၄

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

# ကျန်းမာရေးစောင့်ရှောက်မှုယန္တရားလည်ပတ်မှုကို ထိခိုက်ယိုယွင်းစေရန်နှင့် ကျောင်းနေအရွယ်ကလေးသူငယ်များ၏ ပညာသင်ယူခွင့်ကို ပျက်စီးစေရန်အတွက် PDF အကြမ်းဖက်သမားများက ပြည်သူ့ဆေးရုံများနှင့် စာသင်ကျောင်းများအား ဖောက်ခွဲဖျက်ဆီးမှုများပြုလုပ်

**နေပြည်တော် နိုဝင်ဘာ ၄**

အကြမ်းဖက်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့၏ ကိုယ်ကျိုးအတ္တကိုအခြေခံ၍ ၎င်းတို့ကို ထောက်ခံအားပေးခြင်းမရှိသော အများပြည်သူအား သေကျေထိခိုက်ဒဏ်ရာ ရရှိစေရန်နှင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်စေရန် အကြမ်းဖက်တိုက်ခိုက်မှုများ၊ လမ်း/တံတား ဖောက်ခွဲဖျက်ဆီးမှုများ၊ နိုင်ငံတော်နှင့် ပုဂ္ဂလိကပိုင် စက်ရုံ/ အလုပ်ရုံများအား မီးရှို့ဖျက်ဆီး ဖောက်ခွဲတိုက်ခိုက်ခြင်းများကို အချို့ဒေသများတွင် လုပ်ဆောင်လျက်ရှိရာ ကျောင်းများပြန်လည်ဖွင့်လှစ်သည့် ယခုအခါတွင်လည်း ကျောင်းသား ကျောင်းသူများ ပညာသင်ကြားလျက်ရှိသည့် စာသင်ကျောင်းများနှင့် အများပြည်သူများ တက်ရောက်ကုသလျက်ရှိသည့် ပြည်သူ့ဆေးရုံများ၊ တိုက်နယ်ဆေးရုံများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများ ပြုလုပ်၍လည်း ကျန်းမာရေးစောင့်ရှောက်မှု ယန္တရားလည်ပတ်မှု ယိုယွင်းစေရန် ဦးတည်လုပ်ဆောင်လာကြောင်း တွေ့ရှိရသည်။

ထိုသို့လုပ်ဆောင်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ်ရှိ ပြည်သူ့ဆေးရုံသို့ နိုဝင်ဘာ ၃ ရက် နံနက် ၈ နာရီခန့်တွင် ဆိုင်ကယ်စီးနင်းလာသည့် အကြမ်းဖက်သမားနှစ်ဦးက လက်ပစ်ဗုံးဖြင့်ပစ်ပေါက်ခဲ့ရာ အဆိုပါ လက်ပစ်ဗုံးသည် ဆေးရုံကျန်းမာရေးဝန်ထမ်းအိမ်ရာရှိ သူနာပြုဆောင် ခြောက်ခန်းတွဲ လိုင်းခန်းအရှေ့သို့ ကျရောက်ခဲ့ပြီး အကြမ်းဖက်သမား နှစ်ဦးမှာ ဆိုင်ကယ်ဖြင့် ထွက်ပြေးသွားခဲ့သည်။ အဆိုပါ လက်ပစ်ဗုံးမှာ ပေါက်ကွဲမှုမရှိခဲ့သဖြင့် လူနှင့် အဆောက်အဦ ထိခိုက်ဒဏ်ရာရရှိမှုမရှိခဲ့ကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ 10.74 HAND Grenade စာတန်းပါ M-67 လက်ပစ်ဗုံးဖြစ်ကြောင်း သိရှိရသည်။



မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်၌ အကြမ်းဖက်လက်နက်ကိုင်အဖွဲ့များက စာသင်ကျောင်းအား လက်လုပ်မိုင်းဖြင့် ဖောက်ခွဲမှု။



စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ်၌ မပေါက်ကွဲသေးသည့် လက်ပစ်ဗုံးတစ်လုံး တွေ့ရှိမှု။

အလားတူ မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် ဆင်ကျွန်းကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်းသို့ ယနေ့နံနက် ၄ နာရီခွဲခန့်တွင် PDF အကြမ်းဖက်အဖွဲ့ ၂၀ ဦးခန့်ရောက်ရှိလာပြီး လက်လုပ်မိုင်းနှစ်လုံးဖြင့် အကြောင်းမဲ့ဖောက်ခွဲဖျက်ဆီးခဲ့ရာ ကျောင်းဝင်းအတွင်းရှိ ကျောင်းဆောင် တစ်ဆောင်၏ ပြတင်းပေါက်တံခါးများ ပြုတ်ထွက်၍ ကျောင်းဆောင် အုတ်နံရံများ ပြိုကျပျက်စီးခဲ့မှုဖြစ်ပွားခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်များအရ အကြမ်းဖက်သမားများသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများ ဆောင်ရွက်နေသည့်ကာလအတွင်း ဆေးရုံများနှင့် ကျန်းမာရေးစောင့်ရှောက်မှု စင်တာများ၌ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ပုံမှန်လည်ပတ်မှုမရှိစေရန်၊ အနာဂတ်မျိုးဆက်သစ် ကလေးသူငယ်များ၏ ပညာသင်ယူခွင့်ကို အနှောင့်အယှက်ဖြစ်စေရန်နှင့် ပြည်သူလူထု၏ အကျိုးစီးပွားပျက်စီးကာ နယ်မြေဒေသ တည်ငြိမ်မှုပျက်ပြားစေလိုသော ရည်ရွယ်ချက်များဖြင့် ယခုကဲ့သို့ အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်နေခြင်းဖြစ်သဖြင့် ၎င်းတို့အား ဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်နိုင်ရန်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက မိဘပြည်သူများနှင့်ပူးပေါင်း၍ အမြန်ဆုံး ဖမ်းဆီးရမိနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် ဆက်လက်လက်ခံလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၄**

ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် လက်ခံဆောင်ရွက်ပေးလျက်ရှိရာ နိုဝင်ဘာ ၃ ရက်တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) ချင်းရွှေဟော်မြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ကိုးဦး၊ အမျိုးသမီး ၁၀ ဦး စုစုပေါင်း ၁၉ ဦးနှင့် လောက်ကိုင်မြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသားနှစ်ဦး၊ အမျိုးသမီးနှစ်ဦး စုစုပေါင်း လေးဦးတို့ကို လက်ခံခဲ့ကြသည်။

ထိုသို့လက်ခံရာတွင် သက်ဆိုင်ရာ ပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ် - ၁၉ ရောဂါစစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက်ရမည့် အထောက်အထားစာရွက်စာတမ်းများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို ရှင်းလင်းပြောကြားခြင်းတို့ကို စနစ်တကျ ဆောင်ရွက်ပေးပြီး တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက စီစဉ်ဆောင်ရွက်ပေးသည့် ခရီးသည်တင်မော်တော်ယာဉ်များဖြင့် ၎င်းတို့နေရပ်အသီးသီးသို့ လိုက်လံပို့ဆောင်ပေးခဲ့ကြောင်းနှင့် ရောဂါပိုးတွေ့ရှိသူများအား သက်ဆိုင်ရာနေရာများတွင် သီးသန့်ထားရှိ၍ လိုအပ်သည့် ကျန်းမာရေးဆိုင်ရာများနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကို အဆင်ပြေ ချောမွေ့အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများအား ပြည်ပမှ အဆင်ပြေချောမွေ့စွာတင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၄**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများ၊ မြဝတီကုန်သွယ်ရေးဇုန်နှင့် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းတို့မှ တင်သွင်းရာ၌ ကုမ္ပဏီနှစ်ခုမှ ယာဉ်လေးစီးဖြင့် အောက်ဆီဂျင် (အရည်) Bowser ယာဉ်နှစ်စီး တန် ၄၀၊ အောက်ဆီဂျင် Plant နှစ်ခုနှင့် Mask နှာခေါင်းစည်း ၁၀ တန်တို့ကို တင်သွင်းခဲ့ပြီး အောက်ဆီဂျင် (အရည်) Bowser ယာဉ်နှစ်စီးမှာ မြဝတီကုန်သွယ်ရေးဇုန်မှ နေပြည်တော်နှင့် ရန်ကုန်မြို့တို့သို့ တစ်စီးစီဖြစ်ပြီး အောက်ဆီဂျင် Plant နှစ်ခုမှာ ရန်ကုန်မြို့သို့ ဖြစ်ကြောင်း သိရှိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိပါကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့်ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားပါကြောင်း သိရှိရသည်။

**သတင်းစဉ်**



## လောက်ကိုင်မြို့နယ်ရှိ ပြည်သူများအား ကိုဗစ်-၁၉ ရောဂါပိုးရှိမရှိ ကျန်းမာရေးစစ်ဆေး

**လောက်ကိုင် နိုဝင်ဘာ ၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လောက်ကိုင်မြို့ ပြည်သူ့ဆေးရုံအဆင်းလမ်းဆုံ၌ ယနေ့နံနက် ၁၁ နာရီက Testkit ဖြင့် ကိုဗစ်-၁၉ ရောဂါပိုးရှိ မရှိ စစ်ဆေးပေးလျက်ရှိသည်။

လောက်ကိုင်မြို့နယ်တွင် နိုဝင်ဘာ ၃ ရက်က မြို့မဈေး၌လည်းကောင်း၊ နိုဝင်ဘာ ၄ ရက်က ပြည်သူ့ဆေးရုံအဆင်းလမ်းဆုံ၌ လည်းကောင်း ပြည်သူများအား ကိုဗစ်-၁၉ ရောဂါပိုးရှိ မရှိ နှာခေါင်းတို့ဖတ်ယူ၍ ကျန်းမာရေး စစ်ဆေးပေးသည်။

အဆိုပါ ကျန်းမာရေး စစ်ဆေးပေးခြင်းကို နိုဝင်ဘာ ၅ ရက်တွင် ကားကြီးဝင်းနေရာ၊ နိုဝင်ဘာ ၆ ရက်တွင် ဈေးဟောင်းနေရာနှင့် နိုဝင်ဘာ ၇ ရက်တွင် ကျင်ဖူးဟိုတယ်အနီး မီးပွိုင့်လမ်းဆုံ၌ ဆက်လက်စစ်ဆေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ယူသူလား ပေးသူလား

ဇော်လေး

(၁)

လူတွေလူတွေ တော်တော်ဆင်းရဲကြတယ်နော်။ ကမ္ဘာပေါ်မှာကော၊ ကျွန်တော်တို့နိုင်ငံမှာကော။ မိသားစုအတော်များများဟာ လူတန်းစေ့အောင် မနေနိုင်ကြဘဲ ငတ်မွတ်ခေါင်းပါးခြင်း ဘေးဆိုးကြီး ဆိုက်ရောက်နေလို့ သေမင်းနှုတ်ခမ်းဝကျရောက်နေကြသူတွေ ကမ္ဘာပေါ်မှာ ၄၂ သန်းကျော် ရှိနေပါတယ်တဲ့။ ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် ညွှန်ကြားရေးမှူး ဒေးဗစ်ဘီစလေဆိုသူက CNN သတင်းဌာနကို ပြောပြလို့သိရတယ်။ အစာဆန်ရေ ပေါတဲ့မြေမို့ ကျွန်တော်တို့ တော်ပေသေး။ ကမ္ဘာပေါ်ရှိ လူသား သန်းလေးဆယ်ကျော် စားစရာ လုံးဝမရှိကြလို့ မနက်ဖြန်သန်ဘက် သေမင်းလက်တွင်း ကျရောက်တော့မယ်ဆိုတာကြားလို့လား၊ သုံးလို့ဖြုန်းလို့ မကုန်နိုင်အောင်ကို ကြွယ်ဝချမ်းသာနေလို့လားတော့မသိ။ အလှူဒါန စေတနာအတွက် အလှူရှင်ကို လက်ကိုင်ဖုန်းထဲက သိရတဲ့သတင်းနဲ့တင် သာဓုအကြိမ်ကြိမ်ခေါ်ပြီး ချီးမွမ်းမိပါတယ်။ ကောင်းလေစွ၊ တော်ပေစွ။

ကမ္ဘာ့ကျော်သန်းကြွယ်သူဌေးတွေ များစွာထဲမှာ အချမ်းသာဆုံးပုဂ္ဂိုလ် အဲလွန်မတ်စ် Elon Musk ဆိုသူက အမေရိကန်ဒေါ်လာသန်းခြောက်ထောင် တိတိကို ငတ်မွတ်သူ လူသားများအတွက် လှူပါမယ်လို့ ၁-၁၁-၂၀၂၂ ရက်နေ့က ကြေညာခဲ့ပါတယ်။ Getty Image News မှာ ဖတ်ရတယ်။ အဲလွန်မတ်စ် ဆိုတာ အမေရိကန်ဒေါ်လာ သန်း ထောင်ပေါင်း ၃၀၀ ချမ်းသာတဲ့ တယ်လ်ဆာနဲ့ စပေ့စ်အိပ်ဆ် (Tesla and Space X) ကုမ္ပဏီကြီးများရဲ့ ဥက္ကဋ္ဌနဲ့ အမှုဆောင်အရာရှိချုပ်ပါ။ အမေဇုန်ကုမ္ပဏီ CEO ဂျက်ဖ် ဘေးဇော့ (Jeff Bezos)တို့၊ ဖေ့စ်ဘွတ်ပိုင်သူ မတ်ဇူကာဘတ် (Mark Zuckerberg) တို့ထက် ပိုပြီး ချမ်းသာပါတယ်။ ဖေ့စ်ဘွတ် ဒုက္ခပေးပုံတွေကိုတော့ မပြောလိုပါ။ အဲလွန်မတ်စ်ရဲ့ ၂၀၂၀-၂၀၂၂ တစ်နှစ်တာအတွင်းရတဲ့ ဝင်ငွေသက်သက်ဟာ အမေရိကန်ဒေါ်လာ သန်းထောင်ပေါင်း ၁၄၀ ထက်များပါသေးတယ်တဲ့။ အံ့သြစရာ များပြားကြီးမားလွန်းလှတဲ့ အမြတ်အစွန်းဝင်ငွေတွေပဲပေါ့။

ကမ္ဘာပေါ်မှာ ချမ်းသာကြွယ်ဝသူ ထောင်ပေါင်းများစွာဟာ ရွှေငွေရတနာ ပစ္စည်းဥစ္စာထားစရာ မရှိအောင် ချမ်းသာကြွယ်ဝနေကြတယ်။ တစ်ချိန်တည်းမှာပဲ လူသားသန်းထောင်ပေါင်း ၇၅၀၀ ကျော်အနက် ရောဂါဘေး၊ ငတ်မွတ်ဘေး၊ စစ်မက်ဘေးဒုက္ခတွေကြောင့် ဆင်းရဲကြီးစွာ ကြမ်းတမ်းခက်ထန်တဲ့ဘဝတွေနဲ့ သေလုမြောပါး ခံစားနေကြရရှာတဲ့သူတွေလည်း ရှိနေကြတယ်။ ချမ်းသာဆင်းရဲ ကွာခြားလွန်းလှတယ်။

(၂)

**ဆင်းရဲတာ ဘာကြောင့်ဆင်းရဲကြသလဲ။**

တစ်ဦးချင်းကြည့်ကြည့်၊ မိသားစုလိုက်ပဲကြည့်ကြည့် ယေဘုယျအချက်က ဒါတွေပါလား။

၁။ ပညာရေးနိမ့်ပါးတယ်။
၂။ စာမတတ်ဘူး။
၃။ စာတတ်သော်လည်း စာမဖတ်ဘူး။
၄။ အသိပညာဗဟုသုတအလွန်ခေါင်းပါး။
၅။ အခြေအနေမှန်ကိုမသိ။
၆။ သတင်းမှန်ကို မရရှိ။
၇။ စဉ်းစားဉာဏ်နိမ့်။
၈။ ယုံလွယ်။
၉။ အလုပ်အကိုင်ရှားပါး၊ ဘာမှလည်း ဟုတ်တိပတ်တိ မလုပ်ကိုင်တတ်။
၁၀။ ဝင်ငွေနည်းပါး။
၁၁။ အကြွေးတင်။
၁၂။ မိသားစုကိုထောက်ပံ့ဖို့ခက်ခဲ။
၁၃။ အရင်းအနှီး နည်းပါး/ မရှိ။
၁၄။ လိမ်ညာဆွဲဆောင်လာရင် လိုက်ပါပြီး ရှေ့နောက် ဘာမှမမြော်မြင်ဘဲ၊ ခေါ်ရာလိုက်၊ ခိုင်းတာလုပ်။
၁၅။ ဘာသာတရားအဆုံးအမ ရခဲ့တာနည်းရှာ။ လိုက်နာကျင့်သုံးမှု အားနည်း။
၁၆။ အသိဆင်းရဲ၊ စာရိတ္တဆင်းရဲ၊ ထို့ပြင် အတတ်ပညာမရှိရှာ စသည်....

ကျောင်းမနေခဲ့ရခြင်း၊ စာမသင်ခဲ့ရခြင်း၊ စာမတတ်ခြင်းနဲ့ စာမဖတ်ခြင်း အရင်းခံကျဆုံးအကြောင်းရင်းတရားကနေ ပြဿနာအမျိုးမျိုးနဲ့ ကွင်းဆက် ဆိုးကျိုးဒုက္ခ နောက်ဆက်တွဲတွေဟာ ကြောက်စရာကောင်းအောင် ပြင်းထန်ဆိုးရွားလှပါတကား။

**ကျောင်းနေရမယ့်အရွယ် ကျောင်းထားပါ။ ဘယ်လိုအတားအဆီး အခက်အခဲရှိရှိ ကျောင်းကိုပို့ပါ။ စာတတ်အောင်သင်ပေးဖို့ အားပေးပါ။ အထောက်အကူ ဝိုင်းဝန်းကြပါ။ ဒါဟာ တစ်ဦးချင်းစီရဲ့ ဘဝအတွက်လည်း အရေးကြီးတယ်။ နိုင်ငံနဲ့ လူမျိုးအတွက်လည်း အရေးကြီးတယ်။ ကမ္ဘာသူကမ္ဘာသား လူ့အသိုက်အဝန်းအတွက်လည်း အရေးအကြီးဆုံးပါပဲ။**

**❒ ကျောင်းနေရမယ့်အရွယ် ကျောင်းထားပါ။ ဘယ်လိုအတားအဆီး အခက်အခဲရှိရှိ ကျောင်းကိုပို့ပါ။ စာတတ်အောင်သင်ပေးဖို့ အားပေးပါ။ အထောက်အကူ ဝိုင်းဝန်းကြပါ။ ဒါဟာ တစ်ဦးချင်းစီရဲ့ ဘဝအတွက်လည်း အရေးကြီးတယ်။ နိုင်ငံနဲ့ လူမျိုးအတွက်လည်း အရေးကြီးတယ်။ ကမ္ဘာသူကမ္ဘာသား လူ့အသိုက်အဝန်းအတွက်လည်း အရေးအကြီးဆုံးပါပဲ**

စားစရာ ငတ်မွတ်ခြင်းထက် အသိဉာဏ်ပညာ စာတတ်မြောက်မှုမရှိခြင်းက ပိုမိုခါးသီးပြင်းထန်ပါသေးတယ်။ မေတ္တာထားတတ်ကြပါစေ။

စာသင်ကျောင်းကို ဖုံးခွဲ၊ ကျောင်းကို မီးရှို့၊ ဆရာ ဆရာမတွေကို ရက်ရက်စက်စက်သတ်ဖြတ်လုပ်ဆောင်သူတွေရဲ့ အသိဉာဏ်ခေါင်းပါးမှုဟာ အံ့သြစရာ ရိုင်းစိုင်းယုတ်မာမှုတွေပဲ။ ဒါတွေက လူမဆန်တဲ့ အကြမ်းဖက်မှုတွေပဲ။

တိုင်းပြည်ကို ငတ်မွတ်ဆင်းရဲခြင်းဘေးတွေက အသိပညာ ဆည်းပူးသင်ယူမှုကို ပိတ်ပင်တားဆီးနေကြတဲ့ ဘေးရန်မှ တားဆီးကြဖို့ဟာ ပြည်သူအားလုံးမှာ တာဝန်ရှိကြပါတယ်။

အပြုနဲ့အဖျက်က ဆန့်ကျင်ဘက်၊ တစ်လမ်းစီသွားနေကြတယ်။

ကမ္ဘာ့ကျော်သန်းကြွယ်သူဌေးများစွာကို သုတေသနပြုလုပ် လေ့လာကြည့်တဲ့အခါ အောက်ပါ ၁၂ ချက်မှာ တူညီနေကြကြောင်း သိသာထင်ရှားစွာတွေ့ရှိရပါတယ်တဲ့။ သုတေသနရလဒ်က ဖော်ပြချက်လေ-

၁။ ကြိုးစားလုပ်ဆောင်ရာတွင် သူတကာထက်သာလွန်တယ်။
၂။ စည်းကမ်းနဲ့နေတတ်၊ လုပ်တတ်၊ ပြောတတ်တယ်။
၃။ ဆရာကောင်းသမားကောင်း ရှိခဲ့တယ်။
၄။ ပါရမီဖြည့်ဖက်ဇနီး ရှိခဲ့တယ်။
၅။ မိမိအလုပ်ကို ချစ်မြတ်နိုးတယ်။
၆။ လူအများနဲ့ ရိုးသားစွာဆက်ဆံတယ်။
၇။ ပြိုင်ဆိုင်လိုစိတ်ပြင်းထန်တယ်။
၈။ အခြားသူများကို ဆွဲဆောင်နိုင်တယ်။
၉။ လူအများနဲ့ လိုက်လျောညီထွေနေတတ်တယ်။
၁၀။ စည်းစနစ်အလွန်ကျတယ်။
၁၁။ အများလေးစားခံရလောက်အောင် နေထိုင်တတ်တယ်။
၁၂။ ခေါင်းဆောင်မှုအရည်အသွေးမြင့်ကြတယ်။

(၃)

အောင်မြင်ကြီးပွားသူနဲ့ မအောင်မြင်မကြီးပွားတဲ့လူက ဘာကွာသလဲ။ အေးတာနဲ့ပူတာ၊ ချမ်းသာတာနဲ့ ဆင်းရဲတာကွာတာပေါ့။

ဘယ်လိုအကြောင်းရင်းတွေကြောင့် ကွာခြားနေကြတာလဲ။ သိချင်တယ်လား။

အဓိကအခြေခံ အကြောင်းရင်းက ရှင်းရှင်းလင်းလင်း ဒီနှစ်ချက်ပါပဲ။ လူသာ ပဓာနပေါ့။ လူတစ်ဦးချင်းစီရဲ့ အရည်အသွေးဆိုပါတော့-

၁။ လုပ်ချင်ကိုင်ချင်စိတ် (Will)
ဆန္ဒာဓိပတိ၊ စိတ္တာဓိပတိ
၂။ လုပ်တတ်ကိုင်တတ်ခြင်း (Skill)
ဝီရိယာ ဓိပတိ၊ ဝီမံသာ ဓိပတိ

ဒီတော့ လူတွေကို အုပ်စုခွဲကြည့်လိုက်ရင် လုပ်ချင်ကိုင်ချင်စိတ်လည်းရှိတယ်။ ထက်သန်တက်ကြွတယ်။ လုပ်တတ်ကိုင်တတ်လည်းရှိတယ်။ လုပ်ငန်းဆိုင်ရာကို ကောင်းစွာတတ်မြောက်ကျွမ်းကျင်မှုနဲ့ ပြည့်စုံတယ်ဆိုရင် ပထမတန်းစား အောင်မြင်နေကြတယ်။ လက်တွေ့လေ့လာကြည့်လေ။

လုပ်ချင်ကိုင်ချင်စိတ်လည်းမရှိဘူး။ ထို့ပြင် လုပ်တတ်ကိုင်တတ်လည်း မရှိဘူးဆိုတဲ့ လူတွေက အများစုပဲ။ သူတို့ဟာ ဆင်းရဲမွဲတေ။

ဘဝမှာ ဘယ်နေရာပဲနေနေ၊ ဘယ်ဘဝပဲရောက်ရောက် အထက်မှာဖော်ပြတဲ့ လုပ်ချင်ကိုင်ချင်စိတ်နဲ့ လုပ်တတ်ကိုင်တတ်ရှိသူ တစ်ယောက်ကတော့ လမ်းဘေး ရွှံ့တော၊ ဗွက်တောထဲရောက်နေလည်း သူ့ရဲ့အရည်အသွေးကြောင့် ပတ္တမြားမှန်ရင် နွံမနစ်ပါဆိုသလို ထိုက်တန်တဲ့နေရာကိုရောက်လာမှာ မလွဲပါ။

**မိမိကိုယ်ကို ဆန်းစစ်ပါ။**

လုပ်ချင်ကိုင်ချင်စိတ် ဘယ်လောက်ရှိသလဲ။ ခေးတောင်ကိုကျော်၍ မီးပင်လယ်ကိုဖြတ်မယ်ဆိုတဲ့ စိတ္တာဓိပတိ၊ ဆန္ဒာဓိပတိ မွေးနိုင်ရဲ့လား။ ဒါဟာ တရုတ်စာပေထဲက ဂန္ထဝင်စကားပဲ။

ဗုဒ္ဓဘာသာ နိပါတ်တော်တွေထဲမှာလည်း ဒါမျိုး ပါခဲ့ပြီးသားပါပဲ။ ဆရာမြသန်းတင့်ရဲ့ အလွန်ထင်ရှားတဲ့ ဝတ္ထုရှည်တစ်ပုဒ်ရဲ့ အမည်လည်းဟုတ်တယ်။ ပြဇာတ်၊ ဒါရိုက်တာ မြို့တော်မောင်ယဉ်အောင်ရဲ့ ထူးခြားအောင်မြင်လှတဲ့ ပြဇာတ်အမည် (ဝတ္ထုမူရင်း ဆရာမြသန်းတင့်)လည်း ဖြစ်ပါတယ်။

လုပ်တတ်ကိုင်တတ်၊ ကျွမ်းကျင်ပိုင်နိုင်တတ်မြောက်မှုရှိရဲ့လား။ ကျောင်းသင်ပညာနဲ့ အသက်မွေးဖို့ရာ မလုံလောက်သေးဘဲ ဆေးပညာ၊ ဥပဒေပညာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုလက်မှုပညာ အားလုံးမှာ စာတွေ့သုတအပြင် ကိုယ်တိုင်ထိတွေ့ကိုင်တွယ် ဖြတ်သန်းရတဲ့ မှတကိုယ်တွေ့နားလည်တတ်မြောက်ခြင်းလည်း ရှိရပါတယ်။ စာသင်ခန်းထဲက စနစ်တကျ သင်ပြပေးလိုက်တာကို အိမ်စာကျေအောင် ကိုယ်တိုင်လုပ်ဆောင်ခဲ့ရတယ်။ ကွင်းဆင်းပြီး ဖြတ်သန်းခဲ့ရမယ်။

နိုင်ငံရေးသမားလုပ်မယ်ဆိုလည်း ထောင်ကျဖူးရုံနဲ့ တိုင်းပြည်ကောင်းအောင် မပြုစု၊ မပျိုးထောင်နိုင်သေးပါဘူး။ လမ်းပေါ်တက် အော်ရုံမျှနဲ့လည်း မတိုးတက်ဘူး။ လက်နက်ကိုင်၊ တောခို၊ လူသတ်၊ အကြမ်းဖက်တာနဲ့လည်း မအောင်မြင်နိုင်ဘူး။ အမျိုးသားအကျိုးစီးပွားနဲ့ ပြည်ထောင်စုစိတ်ဓာတ် အခြေခံနဲ့ သုတမုတ အမြော်အမြင်ရယ် လိုအပ်ပါတယ်။ ပြည်သူက လေးစားယုံကြည်ထိုက်အောင် ခေါင်းဆောင်မှု အရည်အသွေးကို လက်တွေ့မှတ်ကျောက်တင်ခံနိုင်သူတွေ ဖြစ်ရပေမယ်။

(၄)

**နိဂုံးပိုင်းရောက်ပါပြီ။**

ကြီးပွားတိုးတက်ခဲ့သူတိုင်းဟာ ဟောဒီနည်းနာနိသယတွေ ကျင့်သုံးပြီး ထိပ်တန်းသို့ တက်လှမ်းခဲ့တာပါပဲ။

**စာဖတ်သူအတွက် လက်ဆောင် -**

၁။ **စာပေလေ့လာဖတ်ရှုပါ။** နေ့စဉ်စာဖတ်ပါ။ စာပေထဲမှာ မိမိမသိတာတွေ ရှိနေပါတယ်။ သိမြင်နားလည်အသုံးချတတ်အောင် ရှာဖွေဆည်းပူးပါ။ ရှာဖွေလေလေ တွေ့ရှိလေလေ။ နည်းသစ်၊ စနစ်သစ်၊ ထိရောက်တဲ့အတွေးအခေါ်သစ်တွေ ပေါ်နေတာကိုး။

ရပ်နေလို့မရပါ၊ ကျန်ရစ်ခဲ့မှာပေါ့။ ဖတ်နေရမှာ။ ခေါင်းဆောင်လုပ်မယ်ဆိုရင် ပြတင်းပေါက်တွေ ကျယ်ကျယ်ဖွင့်မှ။

၂။ **မိတ်ဆွေကောင်းများရှိပါစေ။** ပညာရှိများထံ သြဝါဒခံယူပါ။ မိတ်ဆွေကောင်း၊ ကျွမ်းကျင်တတ်မြောက်သူတွေဆီက အကြံကောင်း၊ ဉာဏ်ကောင်းတွေနဲ့ စဉ်းစားပါ။ တိုင်ပင်ဆွေးနွေးရင် မတွေးမိတာတွေ တွေးနိုင်လာတယ်။ မမြင်သေးတာတွေ မြင်လာမယ်။ စုပေါင်းဉာဏ်စွမ်း Synergy က အလွန်စွမ်းအားကြီးမားတယ်။

၃။ **ကျန်းမာရေးဂရုစိုက်ပါ။** လေ့ကျင့်ခန်း မှန်မှန်လုပ်ပါ။ လမ်းပုံမှန်လျှောက်ပါ။ အစားအစာ မျှတပါစေ။ အအိပ်အနေမှန်ပါစေ။ စိတ်ကို ငြိမ်းချမ်းကြည်လင်ပါစေ။

၄။ **စိတ်ကောင်းထားပါ။** လူအများအတွက် ဆောင်ရွက်ပါ။ သူတစ်ပါးကို ကူညီပါ။ လူတစ်ဖက်သားကို စာနာပါ။ အားလုံးအပေါ် မေတ္တာထားပါ။ စိတ်ရှည်သည်းခံပြီး လူမှုဆက်ဆံရေးမှာ အဆင်ပြေပါစေ။

၅။ **ရိုးသားပါ၊ နှိုးကြားပါ၊ ကြိုးစားပါ။** ခေါင်းဆောင်ကောင်းတွေများမှ တိုင်းပြည်ကောင်းလာမှာပါ။

၆။ **ရည်မှန်းချက်ရှိပါ။** မဖြစ်မနေ အကောင်အထည်ဖော်ပါ။ အောင်မြင်မှာ မလွဲပါ။

၇။ **ဇွဲလုံ့လ၊ စည်းကမ်း၊ ကတိသစ္စာရှိပါ။** ခိုင်မြဲသောတန်ဖိုးများ မိမိမှာရှိနေပါစေ။

၈။ **ငွေကိုစနစ်တကျသုံးပါ။** စိစစ်ပါ။

၉။ **မိမိလုပ်ငန်းကို ကျွမ်းကျင်အောင် အမြဲလေ့လာပါ။** ထောင့်စေ့အောင်ရှုမြင်ပါ။ ဘာသာစုံအောင်မှ စာမေးပွဲအောင်ပါတယ်။

ပျော်ပျော်ရွှင်ရွှင်နဲ့ ချောချောမောမောအောင်မြင်စေမယ့် အချက်အလက်တွေကို တစ်ထိုင်တည်းနဲ့ ရခဲ့ပြီ။

ကိုယ်က အလှူခံသူ ဆင်းရဲမွဲတေသူ မဖြစ်ရဘဲ အလှူပေးသူ၊ ကူညီသူ၊ မျှဝေလှူဒါန်းနိုင်သူ မဖြစ်ချင်ပေဘူးလား။

ယူသူမဟုတ်ဘဲ ပေးသူဖြစ်ပါစေ။ (ချမ်းသာပေးပါ၊ ဒုက္ခမပေးပါနဲ့ဗျာ)

ယူသူက ပူရတယ်လေ။

ပေးရသူက အေးမြတယ်လေ။ ကောင်းကျိုးချမ်းသာ မျှဝေပေးနိုင်ဖို့ရာ ကြိုးစားရမှာ။ ကြိုက်ရာရွေးပါ။

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၅-၁၁-၂၀၂၁ သောကြာနေ့

**MRTV HD**

| | | | |
|---|---|---|---|
| ၀၆:၀၀ | ဓမ္မစကြာသုတ်၊ ရတနသုတ်၊ မေတ္တသုတ် အနတ္တလက္ခဏသုတ်ပရိတ်တရားတော် | ၁၇:၁၀ | ရွှေရောင်လွှမ်းသူများရဲ့မှတ်တမ်းများ စုဝေးရာ(အားကစားပြခန်းအကြောင်း) |
| ၀၇:၀၀ | နံနက်ခင်းသတင်း | ၁၇:၃၅ | Weekly Sports Info |
| ၀၇:၃၅ | MRTV Travelogue | ၁၈:၀၀ | ပြည်တွင်းသတင်း |
| ၀၈:၃၅ | မျှဝေအသိပေးကိုဗစ်-၁၉ရောဂါ ကာကွယ်ထိန်းချုပ်ရေး | ၁၈:၃၀ | သုတဝေဖြာသိရိဂေဟာ |
| ၀၉:၁၀ | မျက်မှောက်ရေးရာအဖြာဖြာ | ၁၉:၁၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'ဟယာမျက်နှာဖုံး' (အပိုင်း-၄) |
| ၀၉:၃၀ | Soccer View | | |
| ၀၉:၄၅ | ဟားစည်မြေမှရောင်စုံအလှ(အပိုင်း-၂) | ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၁၀:၀၀ | သတင်းထဲကသတင်း | | |
| ၁၀:၃၀ | လူမှုစီးပွားမြင်ကွင်းများ | | |
| ၁၃:၃၀ | MRTV National News | ၂၁:၀၀ | 'တေးဆိုတူပြိုင်လတန်ဆောင်တိုင်' ဖျော်ဖြေပွဲတိုက်ရိုက်ထုတ်လွှင့်မှု |
| ၁၅:၀၀ | Grade-10 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ 'ရူပဗေဒဘာသာရပ်' | ၂၂:၁၀ | ရုပ်မြင်သံကြားဇာတ်လမ်း 'ဝိတ်ငါးဝေရာ' |
| ၁၆:၃၅ | လူငယ်မျိုးဆက်သစ် အစီအစဉ် | | |

သောကြာနေ့ ညတိုင်းတွင် တေးဂီတဖျော်ဖြေပွဲ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပေးလျက်ရှိပါသည်

MRTV online www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal SCAN ME

**mitv**

| | |
|---|---|
| 07:01 | News |
| 07:27 | Global Partnership for Brighter Future: Russia Pavilion at Expo 2020 Dubai |
| 07:33 | Evergreen Classic: Metta Inngyin Yagon (Sein Lei Lei) |
| 07:42 | Myanma Agarwood |
| 08:01 | Myanmar Puppeteers (Duet Dance) |
| 08:11 | Myanmar Masterclass: Contemporary Art |
| 08:18 | Talk & Discussion: All about Weight Loss |
| 09:01 | Chef Life: Zin Minn Htun |
| 09:09 | The Third Prize Winner |
| 09:26 | Myanmar Orchestra: A Blend of Arts! |
| 09:39 | Geographic Center of Myanmar |
| 10:01 | Discovering Tribes: Akha- Their Life and Customs |
| 10:17 | Egg Shell |

**MRTV NRC**

**ကယား (၀၆:၀၀ မှ ၀၈:၀၀)**
ယင်းတလဲတိုင်းရင်းသားနှင့် သမိုင်းဝင်စောလုံကျေးရွာ

**ဝကောကရင် (၀၈:၀၀ မှ ၀၉:၀၀)**
ရှုမြင်ခံစားအလှတရားများ

**အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)**
သဘာဝမိချောင်းများပျော်စံရာမိန်းမလှကျွန်း

**အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)**
အစာအိမ်ရောဂါအကြောင်းသိကောင်းစရာ

**ချင်း (လိုင်စိုး) (၁၁:၀၀ မှ ၁၂:၀၀)**
ဆေးဖက်ဝင်သခွပ်ပင်

**ချင်း (ချိုး) (၁၂:၀၀ မှ ၁၃:၀၀)**
ဘိုးဘွားတို့ရဲ့ဆိုဆုံးမစကား

**မွန် (၁၃:၀၀ မှ ၁၅:၀၀)**
ရာမညမြေမှအလှတရားများ(အပိုင်း-၃)

**ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)**
ညီငယ်မင်းသားလေးနှင့်ကျွန်တော်

**ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)**
သာယာလှပတဲ့နမ့်ထေးရေတံခွန်သို့

**ဝ (၁၉:၀၀ မှ ၂၁:၀၀)**
ဘာသာစကားပြောကြရအောင်(အပိုင်း-၂)

**ကချင် (၂၁:၀၀ မှ ၂၃:၀၀)**
မနောအလှမယ်(အပိုင်း-၂)

**MRTV PARLIAMENT**

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊အလံ |
| ၁၀:၀၀ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက် သတင်းများ |
| ၁၀:၃၀ | ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း(အပိုင်း-၆) |
| ၁၁:၀၀ | ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ကာကွယ်ခုခံပိုင်ခွင့်ရှိသော အပိုင်းအခြား' |
| ၁၁:၃၀ | အတွေးအမြင် (အပိုင်း-၆) |

**MRTV SPORTS**

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၁၀ | အခြေခံအားကစားနည်းစနစ်များ |
| ၀၇:၀၀ | Sports News |
| ၀၇:၃၀ | Soccer View/ Weekly Sports Info |
| ၀၇:၄၅ | အားကစားလောကထဲက သူတို့အကြောင်း |
| ၀၈:၀၀ | ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ |
| ၂၀:၀၀ | ပြည်တွင်းသတင်း |

MRTV Farmers' Channel MRTV FARMERS ကို နေ့စဉ်နံနက် (၆:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ၊ Education Channel ကို ဝနေ့တနင်္ဂနွေမှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

# ကျန်းမာရေးဝန်ထမ်းများနှင့် ကိုဗစ်-၁၉ ရောဂါအတည်ပြုလူနာများအတွက် စားသောက်ဖွယ်ရာနှင့် ရောဂါကာကွယ်ရေးအထောက်အကူပြုပစ္စည်းများ ပေးအပ်

**နေပြည်တော် နိုဝင်ဘာ ၄**

စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)အဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ဒေသခံပြည်သူများ စားရေးအဆင်ပြေစေရေးအတွက် တပ်မတော်နှင့် စေတနာရှင်အလှူရှင်များက စားသောက်ဖွယ်ရာများနှင့် ရောဂါကာကွယ်ရေးအထောက်အကူပြုပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိသည်။



ထိုသို့ ပေးအပ်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာလေမြို့ရှိ ကျန်းမာရေးဝန်ထမ်းများနှင့် ကိုဗစ်-၁၉ ရောဂါအတည်ပြု လူနာများအတွက် စားသောက်ဖွယ်ရာများ၊ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများနှင့် အဝတ်အထည်များကို တြိဂံဒေသတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက် ထောက်ပံ့ပေးအပ်ခဲ့ရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါအတည်ပြုလူနာများအား ကိုဗစ်စင်တာများ၌ ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၄**

ကိုဗစ်-၁၉ ရောဂါအတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများ ထားရှိရန်အတွက် တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီးရှိ တပ်မတော်ဆေးရုံများ၊ နယ်မြေခံသင်တန်းကျောင်းများ၊ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းများ၌ စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ည ၇ နာရီထိ နေပြည်တော် စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ သီးသန့်စောင့်ကြည့်ရမည့်သူ အမျိုးသား ၉၀ နှင့် အမျိုးသမီး ၇၄ ဦး စုစုပေါင်း ၁၆၄ ဦးတို့ကို လက်ခံထားရှိကြောင်း သိရှိရသည်။

အဆိုပါ စောင့်ကြည့်လူနာများနှင့် ဓာတ်ခွဲအတည်ပြုပိုးတွေ့လူနာများ၏ နေထိုင်စားသောက်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံဆေးကုသရေးအဖွဲ့များနှင့် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၄ - ၁၁ - ၂၀၂၁

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၇၉၀၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၆၈၄၇၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၇၉၀၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၆၈၄၇၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၃၃၅/၁၃၅၀ ကျပ် | ၁၃၆၉/၁၃၈၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၃၄၅/၁၃၆၅ ကျပ် | ၁၃၇၅/၁၃၉၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၄၀၀/၁၄၃၅ ကျပ် | ၁၄၀၇/၁၄၈၅ ကျပ် |
| အောက်တိန်း ၉၅ | ၁၄၇၀/၁၅၀၅ ကျပ် | ၁၅၇၅/၁၅၉၀ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၇၆၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၀၃၈ . ၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၀၄ . ၀ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၂ . ၈၂၉ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၄၅ . ၄ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၂၃ . ၇၄ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၇၅ . ၁၄ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၆၂၉ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၆၀၀ | ၈၈၀၀ | ၈၀၅ | ၆၉၅၈၄၀၀ |
| MTSH | ၃၂၅၀ | ၃၂၅၀ | ၁၉၃ | ၆၂၇၂၅၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၂၀၀၀၀ | ၂၀၀၀၀ | ၄၉ | ၉၈၀၀၀၀ |
| TMH | ၂၇၀၀ | ၂၇၀၀ | ၄ | ၁၀၈၀၀ |
| EFR | ၂၉၅၀ | ၂၉၅၀ | ၁ | ၂၉၅၀ |
| AHP | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်

**မြန်မာ့အလင်း**

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - မြင့်စိုး |
| သတင်းထောက်မှူး | - ခင်ရတနာ |
| စာတည်းများ | - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန်စာတည်း | - ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော် |
| အငယ်တန်းသတင်းထောက်များ | - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး |
| ဓာတ်ပုံသတင်းထောက် | - တင်စိုး |
| သုတေသန | - အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၀၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ရခိုင်ပြည်နယ်၏ ရေချိုပုစွန်ထုပ်ကြီး စမ်းသပ်သားဖောက်အောင်မြင်မှုမှသည်...

မြင့်မြတ်သစ္စာ

**ရခိုင်ပြည်နယ်သည် ရှည်လျားသည့်ပင်လယ်ကမ်းရိုးတန်းနှင့် မြင့်မားသည့်ရခိုင်ရိုးမတောင်စွယ်၊ တောင်တန်းတို့ကြောင့် ဒီရေရောက်တောများ၊ ဒီရေအတက် အကျရှိသည့် ရေငန်မြစ်နှင့်ချောင်းများ၊ ရေချို/ ရေငန်စပ်ဇရိယာများ၊ ရေချိုချောင်းများ ပေါများစွာ တည်ရှိရာဒေသတစ်ခုဖြစ်သည်။ ရေငန်မြစ်နှင့် ချောင်းများ၊ ရေချို/ ရေငန်စပ်ဇရိယာများစွာ တည်ရှိသောကြောင့် ရေချို/ ရေငန် ငါး၊ ပုစွန်မျိုးစိတ်ပေါင်းများစွာ နေရာဒေသအလိုက် ပေါများစွာ ရှင်သန်ပေါက်ပွားလျက်ရှိသည်။**

ထိုဒေသ၌ ရှင်သန်ပေါက်ပွားလျက်ရှိသည့် ငါး၊ ပုစွန်၊ ကဏန်းမျိုးစိတ်ပေါင်းများစွာတို့တွင် ရေငန်ပုစွန်ကျား (Penaeus Monodon Tiger Shrimp) မျိုးစိတ်တစ်ခုတည်းကိုသာ အဓိကထား သားဖောက်မွေးမြူထုတ်လုပ်ခြင်းနှင့် တစ်ပိုင်တစ်နိုင် ရေချိုငါးမွေးမြူခြင်းလုပ်ငန်း အနည်းငယ်ရှိသည်မှအပ ရေချို/ ရေငန်ငါးပုစွန်ထုတ်လုပ်ရာ၌ ပင်လယ်ပြင်နှင့်သဘာဝရေပြင်ကိုသာ အဓိကထား၍ ဖမ်းဆီးလုပ်ကိုင်ခဲ့ကြသည်။

### ရလဒ်ကောင်းများ

ရခိုင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနပိုင် စခန်းတို့တွင် ရေငန်ပုစွန်ကျားတစ်မျိုးတည်းကိုသာ သားဖောက်ထုတ်လုပ်ခဲ့ပြီး ရေချိုငါးသားပေါက်များကို ဒေသတွင်း၌ ထုတ်လုပ်ဖြန့်ဖြူးပေးခဲ့သည်။ ရခိုင်ပြည်နယ်တွင် ငါး၊ ပုစွန်၊ ကဏန်းတို့ကို ဒေသခံတို့ကနည်းမျိုးစုံဖြင့် အလွန်အကျွံ ဖမ်းဆီးခဲ့မှုတို့ကြောင့် ရေသတ္တဝါမျိုးစိတ်များ မျိုးသုဉ်းရှားပါးလာမှုကို ရင်ဆိုင်လာရလျက်ရှိရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏လမ်းညွှန်မှုနှင့်အညီ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏အနီးကပ်ကြီးကြပ်မှုဖြင့် ငါး/ ပုစွန် မွေးမြူရေးလုပ်ငန်းဘက်စုံဖွံ့ဖြိုးရေးနှင့် ရေချို/ ရေငန်မွေးမြူရေးလုပ်ငန်းများ တိုးတက်ရေးကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ခဲ့သည်။ ရခိုင်ပြည်နယ်၏ မြစ်၊ ချောင်းများအတွင်း၌ ပြည်ပဈေးကွက်ဝင် ဒေသမျိုးရင်း ရေချိုပုစွန်ထုပ်ကြီးများကို စမ်းသပ်သားဖောက်မွေးမြူခြင်းလုပ်ငန်း အောင်မြင်မှုရရှိခဲ့ရာ မွေးမြူရေးကဏ္ဍအတွက်သာမက နိုင်ငံ၏ ရေထွက်ကုန်ပြည်ပတင်ပို့မှု ဖွံ့ဖြိုးရေးအတွက် တန်ဖိုးဖြတ်၍မရသော ရလဒ်ကောင်းများကို ရရှိခဲ့သည်။

### အားရဂုဏ်ယူဖွယ်

ရေချိုပုစွန်ထုပ်ကြီး (Macrobrachium rosen bergii)(Giant Tiger Prawn)မွေးမြူမှုအားကောင်းသော ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ပြည်တွင်းမျိုးစိတ်ရှားပါးလာမှုကြောင့် ပြည်ပနိုင်ငံတို့မှ မျိုးစိတ်များတင်သွင်း၍ သားဖောက်မွေးမြူခဲ့ရာ ပြည်တွင်းမျိုးစိတ်နှင့် ပြည်ပမျိုးစိတ် ရောနှောသွားသည့်အတွက် မျိုးမှန်သောဒေသမျိုးစိတ် ဖြစ်တည်မှုလျော့နည်း၍ ကြီးထွားမှုနှုန်း ကျဆင်းလာခြင်းဖြင့် ပြည်တွင်းမျိုးစိတ်များရှားပါးလာမှုကို ရင်ဆိုင်ခဲ့ရသည်။ ရခိုင်ပြည်နယ်သည် ရေထွက်ကုန်အများဆုံး ရှင်သန်ပေါက်ပွားရာဒေသတစ်ခုအဖြစ် ပိုင်ဆိုင်ထားရာ မြန်မာနိုင်ငံ၏ သားငါးကဏ္ဍဖွံ့ဖြိုးရေးအတွက် အခွင့်အလမ်းတစ်ခုလည်း ဖြစ်သည်။ သို့ရာတွင် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်၊ ပင်လယ်ပြင်နှင့် ထိစပ်နေသည့် မြစ်၊ ချောင်းများ၌ ငါး၊ ပုစွန်၊ ကဏန်းနှင့် ရေသယံဇာတထွက်ရှိမှု ကျဆင်းလာမှုကြောင့် နိုင်ငံ၏ အခြေခံစားသောက်ကုန်ဖြစ်သော ငါး၊ ပုစွန်များ ဆက်လက်မွေးမြူထုတ်လုပ်နိုင်ရန် ရေချိုပုစွန်သားဖောက်ခြင်းလုပ်ငန်းကို ငါးလုပ်ငန်းဦးစီးဌာနမှ ပညာရှင်တို့၏ စွမ်းဆောင်မှုဖြင့် စမ်းသပ်သားဖောက်ခဲ့ခြင်းဖြစ်သည်။

ဒေသမျိုးရင်းဖြစ်သော ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ် ကုလားတန်မြစ်အတွင်း ရှင်သန်ကျက်စားလျက်ရှိသည့် အရောင်အဆင်းလှပပြီး အရသာကောင်းမွန်သော အရွယ်အစားကြီးသည့် ရေချိုပုစွန်ထုပ်သည် ပြည်ပဈေးကွက်ဝင်သည့်အတွက် ရခိုင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ကန်များတူးဖော်ကာ သားဖောက်စခန်းမှ ပုစွန်သားပေါက်များကို ထုတ်လုပ်မွေးမြူလျက်ရှိသည်မှာ အနာဂတ်ရေချိုပုစွန်ထွက်ကုန်ဖွံ့ဖြိုးရေးအတွက် အားရဂုဏ်ယူဖွယ်ပင်ဖြစ်သည်။



ရခိုင်ပြည်နယ်၏ ဒေသမျိုးစိတ်ဖြစ်သော ပြည်ပဈေးကွက်ဝင် ရေချိုပုစွန်ထုပ်ကြီးများ။

**✻ ရေချိုပုစွန်ထုပ်ကြီး (Macrobrachium rosen bergii) (Giant Tiger Prawn) မွေးမြူမှုအားကောင်းသော ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ပြည်တွင်းမျိုးစိတ် ရှားပါးလာမှုကြောင့် ပြည်ပနိုင်ငံတို့မှ မျိုးစိတ်များတင်သွင်း၍ သားဖောက်မွေးမြူခဲ့ရာ ပြည်တွင်းမျိုးစိတ်နှင့် ပြည်ပမျိုးစိတ် ရောနှောသွားသည့်အတွက် မျိုးမှန်သော ဒေသမျိုးစိတ်ဖြစ်တည်မှု လျော့နည်း၍ ကြီးထွားမှုနှုန်း ကျဆင်းလာခြင်းဖြင့် ပြည်တွင်းမျိုးစိတ်များ ရှားပါးလာမှုကို ရင်ဆိုင်ခဲ့ရသည်**



ကန်အတွင်းရှိ ရေအရည်အသွေးကို ပုံမှန်တိုင်းတာနေစဉ်။



ကန်အတွင်းသို့ ရေချိုပုစွန်ထုပ်သားပေါက်များ လွှတ်ပေးနေစဉ်။

### အကျိုးဖြစ်ထွန်း

ရခိုင်ပြည်နယ်အတွင်းရှိ မြစ်၊ ချောင်းတို့တွင် ပြည်ပမျိုးစိတ် ရောနှောမှုမရှိသေးဘဲ မျိုးစိတ်မှန်သော ဒေသမျိုးရင်း ရေချိုပုစွန်ထုပ်ကြီးများကို လွန်ကျွံစွာဖမ်းဆီးမှုကြောင့် မျိုးသုဉ်းရှားပါးလာသည့် အန္တရာယ်မှကာကွယ်ရန်၊ မျိုးရောနှောမှုများ မဖြစ်ပေါ်စေရန် ဒေသရင်းမျိုးစိတ်တစ်ခုကို ချဲ့ထွင်မွေးမြူထုတ်လုပ်ခြင်းဖြင့် ရခိုင်ပြည်နယ်၏ ငါး၊ ပုစွန်မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေလျက်ရှိသည်။ ထို့အပြင် ရေချိုပုစွန်ထုပ်ကို ဒေသခံမွေးမြူရေးတောင်သူတို့ တိုးချဲ့မွေးမြူခြင်းသည် ယင်းတို့၏ လူမှုစီးပွားများ ဖွံ့ဖြိုးတိုးတက်စေပြီး မွေးမြူရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်မှုသည် ဒေသခံတို့၏ အလုပ်အကိုင် အခွင့်အလမ်းကို အကျိုးဖြစ်ထွန်းစေလျက်ရှိသည်။

### အောင်မြင်မှုရရှိခဲ့

ပင်လယ်ကမ်းရိုးတန်းနှင့် မြစ်၊ ချောင်းပေါများသော ရခိုင်ပြည်နယ်တွင် ဒေသမျိုးရင်း ရေချိုပုစွန်ထုပ်များ သားဖောက်စမ်းသပ်မွေးမြူခြင်းဖြင့် ထိုဒေသတွင် ရေချိုပုစွန်ထုပ်ကြီးမျိုးစိတ် ရှားပါးလာမှုနှင့် မျိုးစိတ်များရောနှောလာမှုကို ကာကွယ်ထိန်းချုပ်နိုင်ရန်၊ ရခိုင်ပြည်နယ်၏ ရေငန်ပုစွန်မွေးမြူမှုနှင့်အတူ ရေချိုပုစွန်ကို မွေးမြူထုတ်လုပ်ခြင်းဖြင့် ထိုဒေသ၏ ရေထွက်ကုန်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်နှင့် ဒေသခံတို့၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရန် စသည့်ရည်ရွယ်ချက်တို့ဖြင့် ဒေသမျိုးစိတ်ဖြစ်သော ရေချိုပုစွန်ထုပ်ကို စမ်းသပ်သားဖောက်ခဲ့ခြင်းဖြစ်သည်။ ရခိုင်ပြည်နယ်တွင် ရေချိုပုစွန်ထုပ်ကြီးမျိုးကို စမ်းသပ်မွေးမြူသားဖောက်ရာတွင် ရေချိုပုစွန်သားပေါက်များ ထုတ်လုပ်နိုင်ရန် ပဏာမရည်မှန်းချက်ထားရှိပြီး ကျောက်ဖြူမြို့ ရေငန်ပုစွန်သားပေါက်စခန်းတွင် ငါးလုပ်ငန်းဦးစီးဌာနက ၂၀၂၁ ခုနှစ် ဇွန် ၁၀ ရက်မှ ဩဂုတ် ၁၀ ရက်အထိ စမ်းသပ်မွေးမြူသားဖောက်ခဲ့ရာ အောင်မြင်မှုရရှိခဲ့ပြီဖြစ်သည်။

### သားဖောက်ခြင်းအဆင့်ဆင့်

ရေချိုပုစွန်ထုပ်သားဖောက်ရာတွင် အပူချိန်ကွာခြားချက် ၁ ဒီဂရီစင်တီဂရိတ်ထက် မပိုရန် နေ့စဉ်အပူချိန်တိုင်းတာခြင်း၊ ရေ၏အရောင်ကြည်လင်မှု ရှိ မရှိနှင့် အနံ့အသက် ရှိ မရှိ စစ်ဆေးခြင်း၊ ရေ၏ ရူပ/ဓာတု အရည်အသွေးတို့ကိုစစ်ဆေးခြင်း(PH, Salinity, NH3, NO3, D. O)၊ ပြုစုကန်အတွင်းကျွေးမွေးထားသော ဖြည့်စွက်အစာနှင့် Artemia များ လက်ကျန် ရှိ မရှိ စစ်ဆေးခြင်း၊ သားလောင်း၏အစာစားမှု၊ လှုပ်ရှားမှု၊ အရောင်အဆင်း၊ အစာလမ်းကြောင်း (Get)တွင် အစာ ရှိ မရှိ စစ်ဆေးခြင်း၊ သားလောင်းများ အရေလဲခြင်း(Molting) ရှိ မရှိနှင့် ကန်ရေမျက်နှာပြင်၌ အရေခွံများ ရှိ မရှိ စစ်ဆေးခြင်း၊ အစာကျွေးစဉ် သားလောင်းများ အစာစား/ မစားကို တစ်ကောင်ချင်း ဂရုစိုက်ကြည့်ရှုစစ်ဆေးခြင်း၊ အစာကျွေးရာတွင် လေပိတ်၍ကျွေးရာ၌ ၅ မိနစ်ခန့်အကြာ လေကိုဖြည်းညင်းစွာပြန်ဖွင့်ခြင်း၊ သားလောင်းကို နှစ်ရက်သားမှစတင်၍ Artemia Live ကို စတင်ကျွေးမွေးပြီး ထိုသို့ကျွေးမွေးနိုင်ရန် တစ်ရက်ကြိုတင်၍

*စာမျက်နှာ ၂၁ သို့*

စာမျက်နှာ ၂၀ မှ

သားဖောက်ထားခြင်း၊ သားလောင်းကို ၄- ၅ ရက်သားမှစတင်၍ ဖြည့်စွက်အစာ(Egg Custard) ကိုတစ်ရက်လျှင် လေးကြိမ်မှ ခြောက်ကြိမ်အထိ ကျွေးခြင်း၊ အစာကျွေးရာ၌ အစာထည့်သွင်းမှုမများ စေရန် ချင့်ချိန်၍ ကျွေးရခြင်း၊ ကန်အတွင်း၌ ဖြည့်စွက်အစာများ ကျန်ရှိခြင်း ရှိ မရှိ ပုံမှန်စစ်ဆေး ရမည်ဖြစ်ပြီး ကျန်ရှိပါက အစာကျန်များကို Siphon နည်းဖြင့် မနက်တစ်ကြိမ်၊ ညတစ်ကြိမ် စုပ်ထုတ်ခြင်း၊ ကန်ရေအခြေအနေနှင့် သားလောင်း များ၏ ကျန်းမာရေးအခြေအနေပေါ် မူတည်၍ ကန်ရေလဲလှယ်မှုကို ၂၅ ရာခိုင်နှုန်းမှ ၁၀၀ ရာခိုင်နှုန်း အထိ လဲလှယ်ပြီး လိုအပ်ပါက အားဆေး၊ ရောဂါ ကာကွယ်ဆေးနှင့် ပိုးသတ်ဆေးများ ထည့်သွင်းခြင်း ဖြင့် ရေချိုပုစွန်ထုပ်သားဖောက်ခြင်းလုပ်ငန်းကို အဆင့်ဆင့် လုပ်ကိုင်လျက်ရှိသည်။

**အနည်စုပ်ထုတ်ခြင်းနှင့် ရေလဲလှယ်ခြင်း**

သားလောင်းပြုစုကန်အတွင်း၌ သားလောင်း များမှစွန့်ပစ်သော အညစ်အကြေးနှင့် အစာကြွင်း အစာကျန်များ၊ အရေခွံလဲထားသော အခွံများကို အနည်စုပ်ပိုက်ဖြင့် နေ့စဉ်အနည်းဆုံး တစ်ကြိမ် ရေစုပ်လဲလှယ်လေ့ရှိသည်။ ရေထုတ်စဉ်အချိန်၌ လေကိုပိတ်ထားစဉ်သားလောင်းများ ရေမျက်နှာပြင် ပေါ်သို့ တက်လာလေ့ရှိရာ ထိုအခါ Siphon Pipe ဖြင့်အောက်ခြေကြမ်းပြင်အနှံ့ အနည်စုပ်၍ သန့်စင် ပေးသည်။ ထိုသို့ အနည်စုပ်စဉ် ပုစွန်သားလောင်း များမလာနိုင်သဖြင့် ရေလျော့သွားသော နေရာနှင့် ကန်နံရံများကို KMNo4 (သို့မဟုတ်) Formalin စိမ်ထားသော အဝတ်စနှင့်ပွတ်၍ ဆေးကြောသည်။ ယင်းသို့ဆေးကြောရာ၌ ဆေးကြောထားသောရေ များ ကန်အတွင်းသို့မကျရန် ဂရုစိုက်လျက် လျော့သွားသောရေကို ပြန်လည်ဖြည့်ပေးသည်။ ညနေပိုင်းတွင် သားလောင်းများကို အစာကျွေးပြီး အစာကျန်များမရှိစေရန် Siphon ဖြင့် ထိုးပေးသည်။ ကန်အတွင်းမှအနည်များစုပ်ထုတ်ရာတွင် လေကို မိနစ် ၃၀ ထက်ပို၍ ပိတ်ထားခြင်းမရှိဘဲ လုပ်ဆောင် လေ့ရှိရာ ကန်ရေတွင် Ammonia, Nitrite မြင့်တက် လာပါက နံနက်ပိုင်း၌ အရေးပေါ် ရေလဲပေးလေ့ ရှိသည်။ ထိုသို့လုပ်ဆောင်မှုဖြင့် ကန်အခြေအနေ ပြောင်းလဲမှုမရှိပါက နေ့လယ်ပိုင်းတွင် ရေကို ၂၀ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းထိ ထပ်မံလဲလှယ်ပေးလေ့ ရှိသည်။

**ရေချိုပုစွန်အဖြစ်ကျင့်ယူ**

သားလောင်းပြုစုကန်၌ ၂၁ ရက်တွင်ဖြစ်စေ၊ ၂၃ ရက်ခန့်တွင်ဖြစ်စေ သားပေါက်အနည်းငယ်ကို စတင်တွေ့ရှိရတတ်ပြီး ရက်ပေါင်း ၂၀ မှ ၃၅ ရက် အတွင်း သားပေါက် ၉၀ ရာခိုင်နှုန်းခန့်အထိ တွေ့ရှိ ရတတ်သည်။ သားပေါက်များကို တွေ့ရှိပါက ၁၀၀၀၀ မိုက်ခရွန်ဆန်ခါဖြင့် ဖမ်းယူ၍ သားပေါက် နှင့် သားလောင်းကို ခွဲခြားလေ့ရှိသည်။ ထိုသို့ မခွဲ ပါက အကောင်များသောအုပ်စုက အကောင်နည်း သောအုပ်စုကို ပြန်စားတတ်သည့်အတွက် သားပေါက်ထွက်နှုန်း ကျဆင်းတတ်သောကြောင့် ဖြစ်သည်။ သားပေါက်ကန်အတွင်းရေငန်ကို ၂၀ ရာခိုင်နှုန်းမှ ၂၅ ရာခိုင်နှုန်းအထိ လျှော့ချ၍ ရေချိုကို အဆိုပါ ရာခိုင်နှုန်းအတိုင်း ပြန်ထည့်ကာ ရေငန်နှုန်း ကို လျှော့ချပေးသည်။ ထိုသို့ နေ့စဉ်လုပ်ဆောင်မှုဖြင့် ရေငန်နှုန်း သုညအဆင့်မှ ရေချိုအဆင့်သို့ ရောက်ရှိသည်အထိ ရေချိုပုစွန်အဖြစ် ကျင့်သားရရန် ကျင့်ယူလေ့ရှိသည်။



ကန်အတွင်းမှ အစာကျန်များနှင့် အနည်အညစ်များကို Siphon ပိုက်ဖြင့် စုပ်ထုတ်နေစဉ်။

**ဖမ်းဆီး၊ ထုပ်ပိုး၊ ဖြန့်ဖြူးခြင်း**

ပုစွန်သားပေါက်များ ရေချိုတွင်ကျင့်သားရသော အချိန်၌ မွေးကန်များသို့ ဖြန့်ဖြူးခြင်း၊ သဘာဝ ရေပြင်တို့တွင် မျိုးစိုက်ထည့်ခြင်းကို ဆောင်ရွက် နိုင်ပြီဖြစ်သည်။ သားပေါက်များကို ဖမ်းဆီးရန် ပြုစုကန်အတွင်းရှိရေများကို ၈၀ မှ ၉၀ ရာခိုင်နှုန်း အထိလျှော့ချ၍ ၁၀၀၀ မိုက်ခရွန်ဆန်ခါ (Scoop Net) ဖြင့် ကန်အတွင်းဆင်းကာ ဖြည်းညင်းစွာ ခပ်ယူသည်။ ဖမ်းဆီးရမိသော သားပေါက်များကို ၅၀၀ လီတာဆံ့ ကန်တစ်ခုအတွင်း ထည့်ပြီး ပို့ ဆောင်ရမည့်ခရီးအကွာအဝေးပေါ် မူတည်၍ ရေချိုပုစွန်သားပေါက်များကို ထုပ်ပိုးလေ့ရှိသည်။

ထိုသို့ ထုပ်ပိုးရာ၌ ၁၈ လက်မ၊ ၃၀ လက်မအရွယ် ပလတ်စတစ်အိတ်အတွင်း ရေကို သုံးပုံတစ်ပုံခန့် ဖြည့်၍ အောက်ဆီဂျင်ဖြည့်သွင်းကာ သားပေါက်များ ကို ထုပ်ပိုးလေ့ရှိသည်။ သားပေါက်များ ဖြန့်ဖြူး မည့် ခရီးအကွာအဝေးပေါ် မူတည်၍ ဖော့ဘူးအတွင်း ရှိ သားပေါက်အိတ်နံဘေး၌ ရေခဲထုပ်ငယ်များ ထည့်သွင်း၍ အပူချိန်(၂၂-၂၅)ဒီဂရီစင်တီဂရိတ်ထိ လျှော့ချကာ သယ်ယူလေ့ရှိသည်။ ထိုသို့ လုပ်ဆောင် ခြင်းသည် ဒဏ်ပိခြင်း(Stress)နည်းပြီး ရှင်သန်နှုန်း ကောင်းမွန်သောကြောင့် ဖြစ်သည်။

သားပေါက်များလွှတ်မည့် မွေးမြူကန်ဖြစ်စေ၊ သဘာဝရေပြင်တွင်ဖြစ်စေ အဆိုပါသားပေါက်အိတ် များကို ရေပြင်၌ နာရီဝက်ခန့် စိမ်ထားပြီးနောက် အိတ်ကိုဖွင့်ကာ ကန်ရေကို ဖြည်းဖြည်းချင်း ဖြည့်သွင်း၍ ရေကျင့်ပေးပြီးနောက် သားပေါက်အိတ် အတွင်း ရေပြည့်သွားပါက ပုစွန်သားပေါက်များကို ဖြည်းညင်းစွာရေပြင်အတွင်း လွှတ်ပေးလေ့ရှိသည်။

**နိုင်ငံခြားဝင်ငွေတိုးမြှင့်ရရှိ**

ရခိုင်ပြည်နယ်တွင် ရေချိုပုစွန်ထုပ်ကြီး စမ်းသပ် သားဖောက်ရာ၌ ရေချိုပုစွန်သားပေါက်ကောင်ရေ ၁ ဒသမ ၂ သိန်း ထွက်ရှိခဲ့ပြီး သားပေါက်ငါးသောင်း ကိုရောင်းချ၍ ကျန်သားပေါက် ခုနစ်သောင်းအား ရေချိုကန်နှင့် ပုစွန်ကန်အချို့တွင် လွှတ်ပေးခဲ့ကြ သည်။ ကနဦး စမ်းသပ်သားဖောက်ခြင်းဖြစ်သည့် အတွက် အခက်အခဲများရှိသော်လည်း အတွေ့အကြုံ များကို သင်ခန်းစာယူကာ ရေချိုပုစွန် သားဖောက် မွေးမြူခြင်းလုပ်ငန်း ပိုမိုအောင်မြင်မှုရရှိရန် ကြိုးပမ်းဆောင်ရွက်မှုသည် ရေထွက်ကုန်ဖွံ့ဖြိုး တိုးတက်မှုဖြင့် နိုင်ငံခြားဝင်ငွေကို တိုးမြှင့်ရရှိစေမည် ဖြစ်သည်။

**အရှိန်မပြတ်**

ရခိုင်ပြည်နယ်ရှိ ရေငန်ပုစွန်သားဖောက်စခန်း များအနေဖြင့် အဓိကသားဖောက်ထုတ်လုပ်သည့် ရေငန်ပုစွန် သားဖောက်ရာသီကာလပြီးဆုံးသည့် ဧပြီလတွင် ရေချိုပုစွန်ထုပ်ကြီးကို သားဖောက် ထုတ်လုပ်ခြင်းဖြင့် ကြားကာလ၌ အလုပ်ပြတ်လပ်မှု မရှိဘဲ နည်းပညာစွမ်းဆောင်မှုကို မြှင့်တင်ပေးနိုင် ပြီး သားဖောက်ထုတ်လုပ်မှု ပိုမိုအောင်မြင်ခြင်းဖြင့် ဌာနအနေဖြင့် ဝင်ငွေကို ပိုမိုရှာဖွေနိုင်မည်ဖြစ်သည်။ ပြည်တွင်းမျိုးနှင့် ပြည်ပမျိုး ရောနှောနေချိန်၌ ရခိုင်ပြည်နယ်၏ သဘာဝမြစ်၊ ချောင်းမှ ရရှိသည့် ရေချိုပုစွန်များ မျိုးရောနှောမှုနှင့် မျိုးသုဉ်းရှားပါးမှု မရှိစေရန် ထိန်းသိမ်းနိုင်သည်။ သားပေါက် များအား သီးသန့်ကန်ဖြင့် မွေးမြူသောအဆင့်သို့ မလုပ်ဆောင်မီကြားကာလ၌ ရေချိုရရှိသည့်ကန် အချို့နှင့် စပါးကွင်းများတွင် ထည့်သွင်းမွေးမြူ စေခြင်းဖြင့် စိုက်ပျိုးမွေးမြူရေးတောင်သူတို့၏ လူမှု စီးပွားတိုးတက်မှုကို ရရှိစေမည်ဖြစ်သည်။ ရခိုင် ပြည်နယ်တွင်ရေငန်ပုစွန်သားဖောက်လုပ်ငန်းအပြင် ရေချိုပုစွန်ထုပ်သားဖောက်လုပ်ငန်းကို လာမည့် သားဖောက်ရာသီကာလ၌ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းသည် ရခိုင်ပြည်နယ်၏ ရေချို/ ရေငန်ပုစွန် မွေးမြူသားဖောက်ခြင်းလုပ်ငန်း အတွက် အရှိန်မပြတ်အောင်မြင်မှုကို ဆက်လက် ရရှိနေမည်ဖြစ်သည်။

**အလားအလာကောင်းများ**

မြန်မာနိုင်ငံသည် တောင်ပေါ်ဒေသ၊ မြေပြန့် ဒေသနှင့် ရှည်လျားသော ကမ်းရိုးတန်းကို ပိုင်ဆိုင် ထားသော နိုင်ငံဖြစ်သောကြောင့် သယံဇာတ ပေါကြွယ်ဝသည့်အပြင် ရေသယံဇာတကို ထုတ်ယူ သုံးစွဲနိုင်သော နိုင်ငံလည်းဖြစ်သည်။ ပြည်တွင်း စားသုံးမှုဖူလုံရုံသာမက ပြည်ပပို့ကုန်အဖြစ် နိုင်ငံခြားဝင်ငွေရှာဖွေနိုင်သော တိုင်းပြည်ဖြစ်သည်။ ရေထွက်ကုန်ဈေးကွက်ရရှိထားသော ဒေသတွင်း နိုင်ငံတို့ထက် အားသာချက်များစွာ ရရှိထားသည့် အတွက် နည်းပညာဖြည့်စွက်မှုဖြင့် ထုပ်ပိုးခြင်းနှင့် ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နိုင်မှုသည် တစ်ချိန်တွင် အရှေ့တောင်အာရှ၌ မြန်မာနိုင်ငံသည် ရေထွက်ကုန်တင်ပို့မှုမှ နိုင်ငံခြားဝင်ငွေ စံချိန်တင် ရရှိသောနိုင်ငံတစ်ခုအဖြစ် အလားအလာကောင်း များစွာ စောင့်ကြိုလျက်ရှိသည်။ မြန်မာနိုင်ငံတွင် ရခိုင်ပြည်နယ်အပါအဝင် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့ရှိ ရေချိုငါး၊ ပုစွန်မွေးမြူရေးကန် များမှ ရေထွက်ကုန်များ နှစ်စဉ်ထွက်ရှိလျက် ရှိသည်။

**လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေ**

မြန်မာနိုင်ငံသည် စိုက်ပျိုးမွေးမြူရေးကိုအခြေခံ သောတိုင်းပြည်ဖြစ်သည်နှင့်အညီ စပါးနှင့် သား ငါးရိက္ခာကဏ္ဍသည် နိုင်ငံ၏အဓိက အခြေခံအစား အစာပင်ဖြစ်သည်။ သန်း ၅၀ ကျော် ပြည်သူတို့၏ အာဟာရပြည့်ဝရေးနှင့် စားနပ်ရိက္ခာ ဖူလုံရေး အတွက် ငါး၊ ပုစွန်မွေးမြူထုတ်လုပ်ရေးသည် အဓိက အခန်းကဏ္ဍတွင် ရပ်တည်လျက်ရှိသည်။ ရခိုင် ပြည်နယ်တွင် ဒေသမျိုးရင်း ရေချိုပုစွန်ထုပ်ကြီး စမ်းသပ်သားဖောက်အောင်မြင်ခဲ့မှုသည် လာမည့် သားဖောက်ရာသီ၌ သားပေါက်များ ပိုမိုထုတ်လုပ် နိုင်ခြင်းဖြင့် မွေးမြူရေးကဏ္ဍအတွက် အထောက် အပံ့ကောင်းများရရှိစေမည် ဖြစ်သည်။ ထို့အပြင် ရခိုင်ပြည်နယ်မွေးမြူရေးတောင်သူတို့ လိုအပ်သော ရေငန်ကကတစ်(ငါးသားတစ်) သားဖောက်ထုတ် လုပ်ခြင်းနှင့် ရွှံ့ကဏန်းသားဖောက်ထုတ်လုပ်ခြင်း တို့သည် ရခိုင်ပြည်နယ်၏ ရေသယံဇာတ လျော့နည်း လာမှုကို ကာကွယ်နိုင်မည့်အပြင် ဒေသခံတို့၏ လူမှု စီးပွားများ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ ဖြစ်စေမည်ဖြစ်သည်။

**အောင်မြင်မှု အသီးအပွင့်များ**

ထို့ကြောင့် ရခိုင်ပြည်နယ်တွင် ရေချိုပုစွန်ထုပ် စမ်းသပ်သားဖောက်အောင်မြင်မှုသည် ထိုဒေသ၏ ရေထွက်ကုန်ထုတ်လုပ်မှုအတွက် တွန်းအားတစ်ရပ် ဖြစ်ပေါ်စေသည့်အပြင် ဈေးကွက်ဝင် ရေချိုပုစွန် တင်ပို့မှုမှ နိုင်ငံခြားဝင်ငွေ နှစ်စဉ်ရရှိစေသောကြောင့် အဆိုပါ ရေချိုပုစွန်ထုပ်ကြီး စမ်းသပ်သားဖောက် အောင်မြင်မှုသည် နိုင်ငံ၏မွေးမြူရေးကဏ္ဍအတွက် တန်ဖိုးဖြတ်၍မရသော အောင်မြင်မှုအသီးအပွင့် များကို ရရှိပိုင်ဆိုင်ခြင်းသာဖြစ်ပါကြောင်း ရေးသား တင်ပြလိုက်ရပါသည်။ ။

## ရေကြီးနစ်မြုပ်မှုကြောင့် မိုးစပါးပျက်စီးသည့် လယ်မြေဧက ၉၀၀၀ ကျော်အတွက် ဓာတ်မြေဩဇာများ ထောက်ပံ့ပေးအပ်

သထုံ နိုဝင်ဘာ ၄

မွန်ပြည်နယ် သထုံမြို့နယ်တွင် ယခုနှစ် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးနစ်မြုပ်မှုများကြောင့် မိုးစပါးစိုက်ဧကများ ထိခိုက်ပျက်စီး ခဲ့ရသည့်ကျေးရွာများမှတောင်သူများအတွက် ယူရီးယားဓာတ်မြေဩဇာ များကို နိုဝင်ဘာ ၂ ရက်က သုဝဏ္ဏဝတီမြို့ ကျိုက္ကော်ရပ်ကွက်ရှိ စိုက်ပျိုးရေးဦးစီးဌာန နည်းပညာပြန့်ပွားရေးစင်တာ၌ ထောက်ပံ့ ပေးအပ်သည်။

မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇင်မောင်မောင်က အမှာ စကားပြောကြားပြီး ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးစောလှကြည်က ဓာတ်မြေဩဇာများ ထောက်ပံ့ပေးအပ်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်း ပြောကြားပြီးနောက် ပြီးခဲ့သည့် ဇူလိုင်လအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် ရေကြီးရေလျှံမှုတို့ကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် မိုးကောင်း၊ တံတားဦး၊ ကျိုက္ကော်၊ ကတိုက်ကလေး၊ ကတိုက်ကြီး၊ ခနုကတိုက်ကျေးရွာအုပ်စုများမှ လယ်မြေဧက ၉၁၄၀ အတွက် ယူရီးယားဓာတ်မြေဩဇာ ၆၇၃၂ အိတ်ကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက တောင်သူများထံ လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်သည်။

ကိုကိုဦး(ပြန်/ဆက်)



# မကွေးတိုင်းဒေသကြီး၌ ကလေးအလုပ်သမားပပျောက်ရေး လုပ်ငန်းဆောင်ရွက်မှုအခြေအနေတင်ပြထားမှုကို ခွင့်ပြုငွေချထားပေး

**မကွေး နိုဝင်ဘာ ၄**

မကွေးတိုင်းဒေသကြီး ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၂ ရက်က မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင် တက်ရောက်အမှာစကား ပြောကြားသည်။ (ယာပုံ)

### ကလေးအလုပ်သမား ပပျောက်ရေး

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီ နာယက ဦးတင့်လွင်က နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုသည် ကလေးအလုပ်သမားများ အပေါ် အကျိုးသက်ရောက်မှုရှိသည်ကို တွေ့ရှိရကြောင်း၊ ကလေးအလုပ်သမား အများစုသည် ကောင်းစွာပညာမသင်ကြားရဘဲ ပညာရေးနိမ့်ပါးသူများဖြစ်သည်ကို တွေ့ရှိရပြီး ကလေးအလုပ်သမား ပပျောက်ရေးသည် နိုင်ငံတိုင်း အလေးထားဖြေရှင်းရမည့် ကိစ္စများဖြစ်ကြောင်း၊ မိမိတို့ မြန်မာနိုင်ငံအနေဖြင့် ကလေးသူငယ် အခွင့်အရေးများနှင့် ပတ်သက်သည့် ဥပဒေပြဋ္ဌာန်းချက်များကို ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေတွင် ပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီနှင့်အတူ အမျိုးသားအဆင့်ကော်မတီ (၈) ရပ်ကို သက်ဆိုင်ရာဝန်ကြီးဌာနများဖြင့် ဦးဆောင်ဖွဲ့စည်းထားပြီး တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့်



တိုင်းဒေသကြီး ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ လုပ်ငန်းဆပ်ကော်မတီ (၈) ရပ်အနေဖြင့် ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ မတ်လအထိ ခြောက်လတာကာလအတွင်း လုပ်ငန်းဆောင်ရွက်မှုအခြေအနေ တင်ပြထားမှုကို ခွင့်ပြုငွေချထားပေးပြီးဖြစ်ကြောင်း၊ လုပ်ငန်းဆပ်ကော်မတီအဖွဲ့များ အနေဖြင့်လည်း မိမိတို့ သက်ဆိုင်ရာကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်ပြီး ဆပ်ကော်မတီအချင်းချင်း ပူးပေါင်းဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

### ရှင်းလင်းဆွေးနွေး

ဆက်လက်၍ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး၊ တိုင်းဒေသကြီး ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဦးစိုးပိုင်မြင့်က ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြီး တိုင်းဒေသကြီး ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ လုပ်ငန်းဆပ်ကော်မတီဥက္ကဋ္ဌများက မိမိတို့ သက်ဆိုင်ရာ ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြကာ လုပ်ငန်းဆပ်ကော်မတီများ၏ တင်ပြချက်များအပေါ် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီနာယကက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြောင်း သိရသည်။

**မောင်ညီညာ(မကွေး)**

# ခန္တီးမြို့နယ် ခန္တီး-ဆင်သေ-လဟယ်လမ်းပေါ် နန့်စလိမ်ချောင်းတံတား တည်ဆောက်

# လဟယ်မြို့ရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး

မုံရွာ နိုဝင်ဘာ ၄

**စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်သည် တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ နိုဝင်ဘာ ၁ ရက်က ခန္တီးမြို့နယ် ခန္တီး-ဆင်သေ-လဟယ်လမ်းပေါ်ရှိ နန့်စလိမ်ချောင်းတံတား တည်ဆောက်ရေး ရှင်းလင်းဆောင်သို့ ရောက်ရှိရာ တံတားအထူးအဖွဲ့(၂)မှ ညွှန်ကြားရေးမှူး (မြို့ပြ) ဦးဇေယျာစိုးက နန့်စလိမ်တံတား တည်ဆောက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။**



ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က နန့်စလိမ်ချောင်းတံတား တည်ဆောက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နန့်စလိမ်ချောင်းတံတား တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။ (အပေါ်ပုံ)

### ရာနှုန်းပြည့်ပြီးစီး

အဆိုပါ တံတားသည် ခန္တီးမြို့ - ဆင်သေ - လဟယ်မြို့ လမ်းပေါ်တွင် တည်ရှိပြီး အရှည် ၃၃၀ ဒသမ ၄၅ ပေ၊ တံတားအကျယ် ၃၀ ဒသမ ၅ ပေ၊ တံတားခံနိုင်ဝန် တန် ၆၀၊ တံတားကင်းလွတ်အမြင့် သုံးပေဖြစ်ပြီး တံတားတည်ဆောက်ရေး လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ရာ တံတားအပေါ် ကတ္တရာခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

### လှူဖွယ်ပစ္စည်းများဆက်ကပ်

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လဟယ်မြို့သို့ ရောက်ရှိရာ ဒေသခံတိုင်းရင်းသားများနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး လဟယ်မြို့ ထေရဝါဒဗုဒ္ဓသာသနာပြု (ဗဟို) ကျောင်းတိုက် ဆရာတော်ကြီးထံ သင်္ကန်း၊ ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

### စားသောက်ဖွယ်ရာများပေးအပ်

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လဟယ်မြို့ အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိရာ ကျောင်းသား ကျောင်းသူများ တည်ငြိမ်အေးချမ်းစွာ ပညာသင်ကြားနေမှုကို ကြည့်ရှုအားပေးပြီး ဆရာ ဆရာများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်အားပေးကာ စားသောက်ဖွယ်ရာများ ပေးအပ်သည်။ ဆက်လက်၍ လဟယ်မြို့ ပြည်သူ့ဆေးရုံသို့ သွားရောက်ပြီး ဝန်ထမ်းများနှင့် ဆေးကုသမှုခံယူနေသော လူနာများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်သည်။ လဟယ်မြို့ မြို့မနှစ်ခြင်းခရစ်ယာန်ကျောင်းသို့ ရောက်ရှိရာ အသင်းအုပ်ဆရာထံ စားသောက်ဖွယ်ရာများ ပေးအပ်သည်။

### ဒေသခံများနှင့် တွေ့ဆုံ

ဆက်လက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လဟယ်မြို့ အမျိုးသမီးအိမ်တွင်းမှု သင်တန်းကျောင်းခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ဒေသခံ တိုင်းရင်းသားများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုး အလုံး ၃၀၊ Concentrator ၁၀ လုံးနှင့် ပန်းခင်းစီမံချက်အရ နိုင်ငံသားစိစစ်ရေးကတ်ပြားများ၊ လုံခြုံရေး တပ်ဖွဲ့ဝင်များအတွက် ထောက်ပံ့ငွေ၊ ကိုဗစ် -၁၉ ရောဂါ ကာကွယ်ရေးသုံးပစ္စည်းများ၊ စားသောက်ဖွယ်ရာများ၊ အားကစားပစ္စည်းများနှင့် ဒေသခံတောင်သူများအတွက် စိုက်ပျိုးရေးသုံးပစ္စည်းများကို တာဝန်ရှိသူများထံ ပေးအပ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး**
**(ပြန်/ဆက်)**

# ကွမ်းလုံမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုမရှိစေရေး ဆောင်ရွက်

**ကွမ်းလုံ နိုဝင်ဘာ ၄**

ကွမ်းလုံမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုလျော့ကျစေရန်အတွက် ရပ်ကွက်၊ ကျေးရွာများနှင့် ဈေးများအတွင်း ဈေးရောင်းချသူများနှင့် အများနှင့်ထိတွေ့မှုရှိသော ဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်သူများအနေဖြင့် လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းသတ်မှတ်ချက်များကို သိရှိလိုက်နာစေရန် မြို့နယ် ကိုဗစ်-၁၉ ကော်မတီဝင်များ၊ ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများက နိုဝင်ဘာ ၃ ရက်မှစ၍ စာရင်းကောက်ယူအသိပေးကြေညာသည်။

အဆိုပါအမိန့်ကြေညာချက်သည် နိုဝင်ဘာ ၁၆ ရက်အထိ အကျုံးဝင်မည်ဖြစ်ကြောင်း မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီက ထုတ်ပြန်ဆောင်ရွက်လျက်ရှိပြီး စည်းကမ်းလိုက်နာမှုမရှိသူများအား တည်ဆဲဥပဒေနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**ဖြိုးမမ(ကွမ်းလုံ)**

# ဆွမ်ပရာဘွမ်မြို့၌ အခြေခံစစ်ရေးပြ(လက်နက်မဲ့)သင်တန်းပို့ချ

**ဆွမ်ပရာဘွမ် နိုဝင်ဘာ ၄**

ကချင်ပြည်နယ် ဆွမ်ပရာဘွမ်မြို့တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ရုံးမှဝန်ထမ်းများအား အခြေခံစစ်ရေးပြ (လက်နက်မဲ့)သင်တန်းပေးခြင်းကို ယမန်နေ့က မြို့နယ်ဘန်ရှူခန်းမ၌ သင်တန်းပို့ချသည်။

အဆိုပါသင်တန်းပို့ချမှုကို မြို့နယ် ကိုဗစ်-၁၉စည်းကမ်းချက်များနှင့် အညီ သင်တန်းပို့ချနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဆွမ်ပရာဘွမ်မြို့နယ်ဦးစီးမှူး ဦးလှငြိမ်း ဦးဆောင်ကာ သင်တန်းသားများအား အခြေခံစစ်ရေးပြ (လက်နက်မဲ့) ရက်တိုသင်တန်းကို မြို့နယ်ရဲတပ်ဖွဲ့ရုံးမှ (နည်းပြ) တပ်ကြပ်ကြီးစိုးနိုင်က ပို့ချပေးရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များက ကြည့်ရှုအားပေးကြောင်း သိရသည်။

**ဟင်နရီမီကိုဆာ(ဆွမ်ပရာဘွမ်)**



# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်

❒ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည် ဖြစ်ပါသည်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့ နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

**၃။ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာ တစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**




## ရှမ်းပြည်နယ်အစိုးရအဖွဲ့က မြို့နယ်များသို့ မီးသတ်ယာဉ် ကိုးစီး လွှဲပြောင်းပေးအပ်

**တောင်ကြီး နိုဝင်ဘာ ၄**

ရှမ်းပြည်နယ်အစိုးရအဖွဲ့က ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း ဝယ်ယူထားသည့် မီးသတ်ယာဉ်များကို မြို့နယ်အသီးသီးသို့ နိုဝင်ဘာ ၂ ရက်က လွှဲပြောင်းပေးအပ်သည်။

တောင်ကြီးမြို့ရှိ ပြည်နယ်မီးသတ်ဦးစီးမှူးရုံး၌ ကျင်းပသည့် လွှဲပြောင်းပေးအပ်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက ရှမ်းပြည်နယ်မီးသတ်ဦးစီးဌာနတွင် ၂၀၁၄ ဘဏ္ဍာနှစ်မှ ၂၀၂၁ ဘဏ္ဍာနှစ်အထိ မီးသတ်ယာဉ် / စက် ၂၅၃ စီး ဝယ်ယူဖြည့်တင်းဆောင်ရွက်နိုင်ခဲ့ပြီး ယခုလက်ရှိတွင် မီးသတ်ယာဉ်၊ စက်အင်အား စုစုပေါင်း ၅၄၈ စီးအထိ ဖြန့်ခွဲထုတ်ပေးထားကာ မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းနေ့တွင် အထပ်မြင့် မီးငြိမ်းသတ်ရေးယာဉ် (Water Tower) တစ်စီးနှင့် ရှာဖွေကယ်ဆယ်ရေး ကရိန်းကားတစ်စီး အပါအဝင် စုစုပေါင်း မီးသတ်ယာဉ် ကိုးစီးကို ထုတ်ပေးမည်ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအရ လိုအပ်လျက်ရှိသော မီးသတ်ယာဉ် ၆၁ စီးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းသုံး ပစ္စည်းကိရိယာများကိုလည်း ဘဏ္ဍာရန်ပုံငွေရရှိမှုအပေါ် မူတည်ပြီး ဆက်လက်ဖြည့်တင်းပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မီးသတ်ယာဉ်များနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်ဥပဒေချုပ်တို့က ခရိုင်/မြို့နယ်/ နယ်မြေမီးသတ်စခန်းများမှ တာဝန်ရှိသူများထံ လွှဲပြောင်းပေးအပ်ကာ မီးသတ်ယာဉ်များ၏ ယာဉ်/စက် စွမ်းရည်ပြသမှုများကို ကြည့်ရှုအားပေးသည်။

မီးသတ်ယာဉ် လွှဲပြောင်းပေးအပ်ရာတွင် ပြည်နယ်မီးသတ်ဦးစီးဌာနအတွက် အထပ်မြင့် မီးငြိမ်းသတ်ယာဉ် တစ်စီး၊ လွိုင်လင်ခရိုင်အတွက် ဂါလန် ၈၀၀ဆံ့ မီးငြိမ်းသတ်ယာဉ် တစ်စီး၊ လင်းခေးခရိုင်အတွက် ရှာဖွေကယ်ဆယ်ရေးယာဉ် တစ်စီး၊ ကျိုင်းတုံခရိုင်အတွက် မီးငြိမ်းသတ်ယာဉ်(FOAM) တစ်စီး၊ လားရှိုးခရိုင်အတွက် မီးငြိမ်းသတ်ယာဉ် (FOAM) တစ်စီး၊ ကျောက်မဲခရိုင်အတွက် ဂါလန် ၈၀၀ ဆံ့ မီးငြိမ်းသတ်ယာဉ် တစ်စီး၊ လောက်ကိုင်ခရိုင်အတွက် ဂါလန် ၈၀၀ ဆံ့ မီးငြိမ်းသတ်ယာဉ် တစ်စီး၊ ဟိုပန်ခရိုင်အတွက် မီးငြိမ်းသတ်ယာဉ် (FOAM) တစ်စီး၊ မူဆယ်ခရိုင်အတွက် မီးငြိမ်းသတ်ယာဉ် (FOAM) တစ်စီး စုစုပေါင်း ကိုးစီးကို လွှဲပြောင်းပေးအပ်ခဲ့သည်။

**အင်းသားလေး(တောင်ကြီး)**



# ထန်းတပင်မြို့နယ်တွင် ကျောင်းသား ကျောင်းသူ ၁၀၀၀၀ နီးပါး တက်ရောက်ပညာသင်ကြားနေ

**ထန်းတပင် နိုဝင်ဘာ ၄**

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ်၌ အခြေခံပညာကျောင်း ၁၄၉ ကျောင်း၊ ကိုယ်ပိုင်ကျောင်းခြောက်ကျောင်းနှင့် ဘုန်းတော်ကြီးသင်ပညာရေး ကျောင်းနှစ်ကျောင်းတို့ကို နိုဝင်ဘာ ၁ ရက်မှစတင်၍ ဖွင့်လှစ်သင်ကြားလျက်ရှိရာ ကျောင်းအပ်နှံသည့် ကျောင်းသား ကျောင်းသူ ၂၅၄၃၈ ဦးရှိသည့်အနက် နိုဝင်ဘာ ၃ ရက်တွင် ကျောင်းသား ကျောင်းသူ ၉၉၃၅ ဦး တက်ရောက်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။



ကျောင်းအလိုက် ကျောင်းအပ်နှံမှုနှင့် တက်ရောက်မှုအနေဖြင့် အခြေခံပညာကျောင်း ၁၄၉ ကျောင်းတို့တွင် အထက်တန်းအဆင့် ၉၇၉ ဦး၊ အလယ်တန်းအဆင့် ၇၂၁၆ ဦးနှင့် မူလတန်းအဆင့် ၁၆၄၉၉ ဦး စုစုပေါင်း ၂၄၆၉၄ ဦး အပ်နှံပြီး တက်ရောက်သည့်ဦးရေမှာ ၉၅၄၇ ဦး ဖြစ်သည်။ ကိုယ်ပိုင်ကျောင်းခြောက်ကျောင်းတွင် အပ်နှံထားသူ ၄၆၀ ရှိပြီး တက်ရောက်သူဦးရေမှာ ၃၁၆ ဦးဖြစ်ကာ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများတွင် အပ်နှံသူ ၂၈၄ ဦးနှင့် တက်ရောက်သူ ၇၂ ဦးရှိသည်။

မြို့နယ်အတွင်း စာသင်ကျောင်းများ ဖွင့်လှစ်ရာတွင် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေး လမ်းညွှန်ချက်များနှင့်အညီ ဖွင့်လှစ်လျက်ရှိသလို ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနိုင်ရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ မြို့နယ်အခြေခံပညာဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ရပ်ကွက်/ ကျေးရွာ အုပ်ချုပ်ရေးအဖွဲ့များမှ တာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

# ဆေးလိပ်နှင့် ဆေးရွက်ကြီးအန္တရာယ်အကြောင်း စာဖတ်ဝိုင်းဆွေးနွေး

**အိမ်မဲ နိုဝင်ဘာ ၄**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဇဟုဌာန ခန်းမတွင် စာအုပ်စာစောင် ချစ်မြတ်နိုးသူအဖွဲ့ဝင်များပူးပေါင်း၍ သတိပြုဆင်ခြင်ဖွယ် ဆေးလိပ်နှင့် ဆေးရွက်ကြီး အန္တရာယ်ခေါင်းစဉ်ဖြင့် စာဖတ်ဝိုင်းဆွေးနွေးပွဲကို နိုဝင်ဘာ ၂ ရက်က ပြုလုပ်သည်။

ဆွေးနွေးပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးလွှမ်းသီဟက လူငယ်လူရွယ်များ စာဖတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရန်၊ စာဖတ်ရှိန် မြင့်မားလာစေရန်၊ စာအုပ်စာပေ ဖတ်ရှုခြင်းဖြင့် အတွေးအခေါ် ရင့်သန်လာစေရန် ရည်ရွယ်၍ စာဖတ်ဝိုင်းများ ကျင်းပပြုလုပ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီးနောက် တက်ရောက်သူများက "သတိပြုဆင်ခြင်ဖွယ် ဆေးလိပ်နှင့် ဆေးရွက်ကြီးအန္တရာယ်"၊ "ဆေးလိပ်နှင့် ဆေးရွက်ကြီးဖြတ်ခြင်းဖြင့် ရရှိနိုင်မည့် အကျိုးကျေးဇူးများ"၊ "ဆေးလိပ်နှင့် ဆေးရွက်ကြီးဖြတ်ဖို့ ဒစ်ဂျစ်တယ်နည်းပညာများဖြင့် အဖြေရှာခြင်း" စသည့် ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြသည်။

**ချစ်သက်လယ်(အိမ်မဲ)**

# မိုင်းယောင်းမြို့နယ်၌ ကိုဗစ်-၁၉ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံပေးလျက်ရှိ

**မိုင်းယောင်း နိုဝင်ဘာ ၄**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းယောင်းမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးလုပ်ငန်းများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ဆက်လက်ထိုးနှံပေးလျက်ရှိရာ နိုဝင်ဘာ ၁ ရက်မှ ၂ ရက်အတွင်း ဒေသခံပြည်သူ ၃၀၉၅ ဦး လာရောက်ထိုးနှံခဲ့ကြောင်း သိရသည်။

နိုဝင်ဘာ ၁ ရက်က ဒေသခံပြည်သူ ၁၅၆၀ အား ဒုတိယအသုတ် ဒုတိယအကြိမ် ကာကွယ်ဆေးများနှင့် နိုဝင်ဘာ ၂ ရက်တွင် ပြည်သူ ၁၅၃၅ ဦးအား ပထမအသုတ် ပထမအကြိမ် ကာကွယ်ဆေးများ ထိုးနှံပေးခြင်းဖြစ်ပြီး ဆေးထိုးနှံပေးနေမှုအခြေအနေများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေမြတ်သူနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးမြင့်ဦးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေး၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးနေကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း**






**ပညာရေးဝန်ကြီးဌာန**
**အခြေခံပညာဦးစီးဌာန**

### ကျောင်းအုပ်ကြီးများ ကြိုတင်ဆောင်ရွက်ရမည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးနှင့် ပတ်သက်၍ အသိပေးနှိုးဆော်ချက်

၁။ ကျောင်းသား/သူ၊ ဆရာ/မ၊ ရုံးဝန်ထမ်းများအတွက် ပါးစပ်နှင့် နှာခေါင်းစည်း (Mask)များ လိုအပ်ပါက ပံ့ပိုးနိုင်ရေး စီစဉ်ထားရှိရန်၊

၂။ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးဆိုင်ရာ အပူချိန်တိုင်းကိရိယာ၊ ရေ၊ ဆပ်ပြာ၊ လက်သန့်ဆေးရည်၊ အမှိုက်ပုံး၊ ပိုးသတ်သန့်စင်ဆေးရည်၊ PPE ဝတ်စုံ၊ လက်အိတ် စသည့်ပစ္စည်းများ လုံလောက်အောင် စုဆောင်းထားရန်နှင့် အရေးပေါ်ဆေးသေတ္တာများ အဆင်သင့်ပြင်ဆင်ထားရန်၊

၃။ ကျောင်းမလာမီ၊ ကျောင်းချိန်အတွင်း၊ ကျောင်းဆင်းချိန် လိုက်နာရန် နှိုးဆော်ချက်များ ကျောင်းဝင်းအဝင်ဝ၌ ချိတ်ဆွဲထားရန်၊

၄။ ကျောင်းဝင်းအတွင်း ရေနှင့် မိလ္လာစနစ် ကောင်းမွန်စေရေး စီစဉ်ထားရှိရန်၊

၅။ စာသင်ဆောင်၊ ကျောင်းဝင်းသန့်ရှင်းရေးကို သောကြာနေ့တိုင်း ဆောင်ရွက်ရန်၊

၆။ စာသင်ခန်းအတွင်း စာသင်ခုံများ (၄) ပေကွာ ထားရှိရန်၊ သန့်စင်ခန်းသွားလမ်းများနှင့် ကျောင်းဝင်းအဝင်လမ်းများ၌ (၄) ပေကွာ အမှတ်အသားများ စီစဉ်ထားရှိရန်၊

၇။ ကျောင်းဝင်းအဝင်ဝ၊ စာသင်ခန်းရှေ့များနှင့် သန့်စင်ခန်းများ၌ လက်ဆေးရန် ဘေစင်များတွင် ဆပ်ပြာနှင့် ရေပြည့်စုံစွာ စီစဉ်ထားရှိရန်၊

၈။ ကျောင်းမုန့်ဈေးဆိုင်များတွင် ပလတ်စတစ်အကာ(သို့) မှန်အကာထားရှိစေပြီး သန့်ရှင်းစေရေး ကြပ်မတ်ဆောင်ရွက်ရန်၊

၉။ အမှိုက်ကန်ထားရှိခြင်း(သို့မဟုတ်) အမှိုက်သိမ်းစနစ်ကို စနစ်တကျ ဆောင်ရွက်ရန်၊

၁၀။ ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ တားဆီးရေး စီစဉ်ဆောင်ရွက်မှုအခြေအနေ ဆန်းစစ်ပုံစံ(Readiness Assessment Checklist Version-4) လမ်းညွှန်ချက်များနှင့်အညီ ကျောင်းနှင့် စာသင်ခန်းများကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန်နှင့် လမ်းညွှန်ချက်များအား အလေးထားလိုက်နာစေရေး စီစဉ်ဆောင်ရွက်ရန်၊

၁၁။ ကျောင်း၏ဘက်စုံတိုးတက်ရေး၊ ကူးစက်ရောဂါကာကွယ်ရေးအတွက် မူဝါဒ၊ လမ်းညွှန်ချက်များနှင့်အညီ ရပ်ရွာလူထု၊ လူမှုကူညီရေးအဖွဲ့အစည်းများ၊ သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊

၁၂။ အရေးပေါ်ဆက်သွယ်ရန် ဖုန်းနံပါတ်များကို မြင်သာသောနေရာတွင် ချိတ်ဆွဲထားရန်၊

၁၃။ ထူးခြားဖြစ်စဉ်များနှင့် လိုအပ်ချက်များရှိပါက အချိန်နှင့်တစ်ပြေးညီ အထက်အဆင့်ဆင့်သို့ တင်ပြရန်၊

## ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ယာဉ်မောင်းလိုင်စင်ဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ ပြန်လည်စတင်မည်ဖြစ်ကြောင်း အသိပေးကြေညာ

၁။ ကိုဗစ်-၁၉ ရောဂါကို ပိုမိုထိရောက်စွာကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ခေတ္တရပ်ဆိုင်းထားသည့် ယာဉ်မောင်းလိုင်စင်ဝန်ဆောင်မှုလုပ်ငန်းများအား တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်ရုံးများအားလုံးတွင် (၈.၁၁.၂၀၂၁) ရက်နေ့မှစ၍ အောက်ပါအတိုင်း ပြန်လည်လက်ခံ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်-

**(က) ယာဉ်မောင်းလိုင်စင်အသစ်ဖြေဆိုထုတ်ပေးခြင်း**

(၁) ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ “ခ” ယာဉ်မောင်း လိုင်စင်၊ “ဃ” ယာဉ်မောင်းလိုင်စင်၊ “င”ယာဉ်မောင်းလိုင်စင် အသစ်ဖြေဆိုမည့်သူများသည် Online Booking စနစ်ဖြင့် ကြိုတင်ရက်ချိန်းရယူကြရန်ဖြစ်ပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးသင်တန်း၊ ရေးဖြေ ဖြေဆိုခြင်းနှင့် လက်တွေ့ယာဉ်မောင်းဖြေဆိုခြင်းများကို တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)တွင် ဖွင့်လှစ်လက်ခံ ဆောင်ရွက်ပေးသွားပါမည်။

(၂) ကျန်တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်ရုံးများ [မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး လက်အောက်ခံရုံးများဖြစ်သော ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)တို့မှအပ] တွင် ဖြေဆိုမည့်သူများသည် Online Booking ရယူရန် မလိုဘဲ သက်ဆိုင်ရာရုံးအစီအစဉ်ဖြင့် ဖြေဆိုနိုင်ရေး ဆောင်ရွက်ပေးသွားပါမည်။

**(ခ) ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးခြင်း**

(၁) ယာဉ်မောင်းလိုင်စင်များ သက်တမ်းတိုးခြင်းအတွက် ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး လက်အောက်ခံရုံးများအားလုံးတွင် “က-၁” ယာဉ်မောင်းလိုင်စင်၊ “က” ယာဉ်မောင်းလိုင်စင်၊ “ခ” ယာဉ်မောင်းလိုင်စင်၊ “ဃ” ယာဉ်မောင်းလိုင်စင်၊ “င” ယာဉ်မောင်းလိုင်စင်များကို Online Booking စနစ်ဖြင့် ရက်ချိန်းရယူပြီးမှ လက်ခံဆောင်ရွက်ပေးပါမည်။

(၂) ကျန်တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်ရုံးများတွင် Online Booking ရယူရန်မလိုဘဲ သက်ဆိုင်ရာ ရုံးအစီအစဉ်ဖြင့် သက်တမ်းတိုးဆောင်ရွက်ပေးပါမည်။

၂။ အောက်ပါကာလအတွင်း သက်တမ်းကုန်ဆုံးရက် ကျရောက်နေသော ယာဉ်မောင်းလိုင်စင်များအား ယှဉ်တွဲပါ ဒဏ်ကြေးကင်းလွတ်ခွင့်ကာလအတွင်း နှစ်လဲသက်တမ်းတိုး လာရောက်ဆောင်ရွက်ကြရန် ဖြစ်ပါသည်-

| စဉ် | လိုင်စင်သက်တမ်းကုန်ဆုံးရက် | ဒဏ်ကြေးကင်းလွတ်ခွင့်ပြုမည့်ကာလ |
|---|---|---|
| (က) | ၁.၆.၂၀၂၀ မှ ၃၀.၆.၂၀၂၀ အတွင်း | ၈.၁၁.၂၀၂၁ မှ ၃၀.၁၁.၂၀၂၁ အထိ |
| (ခ) | ၁.၉.၂၀၂၀ မှ ၃၀.၉.၂၀၂၀ အတွင်း | ၈.၁၁.၂၀၂၁ မှ ၃၁.၁၂.၂၀၂၁ အထိ |
| (ဂ) | ၁.၁၀.၂၀၂၀ မှ ၃၁.၁၂.၂၀၂၀ အတွင်း | ၈.၁၁.၂၀၂၁ မှ ၃၁.၁.၂၀၂၂ အထိ |
| (ဃ) | ၁.၁.၂၀၂၁ မှ ၃၁.၃.၂၀၂၁ အတွင်း | ၈.၁၁.၂၀၂၁ မှ ၂၈.၂.၂၀၂၂ အထိ |
| (င) | ၁.၄.၂၀၂၁ မှ ၃၀.၆.၂၀၂၁ အတွင်း | ၈.၁၁.၂၀၂၁ မှ ၃၁.၃.၂၀၂၂ အထိ |
| (စ) | ၁.၇.၂၀၂၁ မှ ၃၀.၉.၂၀၂၁ အတွင်း | ၈.၁၁.၂၀၂၁ မှ ၃၀.၄.၂၀၂၂ အထိ |
| (ဆ) | ၁.၁၀.၂၀၂၁ မှ ၃၀.၁၁.၂၀၂၁ အတွင်း | ၈.၁၁.၂၀၂၁ မှ ၃၁.၅.၂၀၂၂ အထိ |

၃။ ဝန်ဆောင်မှုလုပ်ငန်းများ ခေတ္တရပ်ဆိုင်းခဲ့ခြင်းကြောင့် ယာဉ်မောင်းလိုင်စင် သက်တမ်း တစ်ဆက်တည်း (၅)နှစ်ကျော်၍ နှစ်ပြတ်နိုင်သည့် အောက်ပါယာဉ်မောင်းလိုင်စင်များသည် ယှဉ်တွဲပါ ဒဏ်ကြေးကင်းလွတ်ခွင့်ကာလအတွင်း သက်တမ်းတိုးဆောင်ရွက်ရန်နှင့် ၎င်းသတ်မှတ်ကာလ ကျော်လွန်ပါက (၅)နှစ်ကျော် နှစ်ပြတ်လိုင်စင်အဖြစ် သတ်မှတ်မည်ဖြစ်ပါသည်-

| စဉ် | လိုင်စင်သက်တမ်းကုန်ဆုံးရက် | ဒဏ်ကြေးကင်းလွတ်ခွင့်ပြုမည့်ကာလ |
|---|---|---|
| (က) | ၁.၆.၂၀၁၅ မှ ၃၀.၆.၂၀၁၅ အတွင်း | ၈.၁၁.၂၀၂၁ မှ ၃၀.၁၁.၂၀၂၁ အထိ |
| (ခ) | ၁.၉.၂၀၁၅ မှ ၃၀.၉.၂၀၁၅ အတွင်း | ၈.၁၁.၂၀၂၁ မှ ၃၁.၁၂.၂၀၂၁ အထိ |
| (ဂ) | ၁.၁၀.၂၀၁၅ မှ ၃၁.၁၂.၂၀၁၅ အတွင်း | ၈.၁၁.၂၀၂၁ မှ ၃၁.၁.၂၀၂၂ အထိ |
| (ဃ) | ၁.၁.၂၀၁၆ မှ ၃၁.၃.၂၀၁၆ အတွင်း | ၈.၁၁.၂၀၂၁ မှ ၂၈.၂.၂၀၂၂ အထိ |
| (င) | ၁.၄.၂၀၁၆ မှ ၃၀.၆.၂၀၁၆ အတွင်း | ၈.၁၁.၂၀၂၁ မှ ၃၁.၃.၂၀၂၂ အထိ |
| (စ) | ၁.၇.၂၀၁၆ မှ ၃၀.၉.၂၀၁၆ အတွင်း | ၈.၁၁.၂၀၂၁ မှ ၃၀.၄.၂၀၂၂ အထိ |
| (ဆ) | ၁.၁၀.၂၀၁၆ မှ ၃၀.၁၁.၂၀၁၆ အတွင်း | ၈.၁၁.၂၀၂၁ မှ ၃၁.၅.၂၀၂၂ အထိ |

၄။ ဒဏ်ကြေးငွေလျှော့ပေါ့ခွင့်ပြုထားသည့် သတ်မှတ်ကာလများအတွင်း အချိန်မီလာရောက် ဆောင်ရွက်ခြင်းမပြုပါက ဒဏ်ကြေးငွေလျှော့ပေါ့ခွင့်ရမည် မဟုတ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

## ချမ်းမြသာစည်၊ ရေး၊ ကျိုင်းတုံနှင့် တာချီလိတ်မြို့နယ်တို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၄**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၃ ရက် နံနက် ၁၀ နာရီခွဲတွင် ချမ်းမြသာစည်မြို့နယ် မြို့သစ်အမှတ်(၃)ရပ်ကွက် ၁၀၇ လမ်းနှင့် ၁၀၈ လမ်းကြားရှိ စားသောက်ဆိုင်ရှေ့တွင် စိုင်းထွေး၊ မနန်းငင်းဆိနှင့် သက်မင်းစိုး (ခ) ရွှေသီးတို့အား မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ ဘိန်းဖြူ ၀ ဒသမ ၂၉၇ ကီလို သိမ်းဆည်းရမိခဲ့သည်။

နိုဝင်ဘာ ၂ ရက် မွန်းလွဲ ၃ နာရီခွဲတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ရေးမြို့နယ် ခေါဇာမြို့ အမှတ်(၁) ရပ်ကွက်တွင်တွေ့ရှိသူ ဝင်းအောင်ကျော်နှင့် ကိုဦးတို့အား စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၉၄ ပြားကိုလည်းကောင်း။

ထို့အတူ နိုဝင်ဘာ ၃ ရက် ညနေ ၄ နာရီတွင် ကျိုင်းတုံမြို့နယ် မိုင်းလန်းကျေးရွာအုပ်စု ဝမ်ကန်ကျေးရွာအနီးတွင် အိုက်ရီ(ခ) အိုက်ပင်း မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကိုလည်းကောင်း။

ယင်းနေ့ ည ၇ နာရီ ၃၅ မိနစ်တွင် တာချီလိတ်မြို့ ဆန်ဆိုင်း(ခ) ရပ်ကွက်တွင် မြင့်ကျော်(ခ) အသေးလေးကို မသင်္ကာဖွယ် တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **ရဲပြန်ကြား**



မနန်းငင်းဆိ၊ စိုင်းထွေးနှင့် သက်မင်းစိုး(ခ)ရွှေသီးတို့အား သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

## သဃ်္ဃန်းကျွန်းနှင့် စမ်းချောင်းမြို့နယ်တို့တွင် ငွေကျပ်သိန်း ၃၀၀၀ ကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၄

**သင်္ဃန်းကျွန်းမြို့နယ်နှင့် စမ်းချောင်းမြို့နယ်တို့တွင် ငွေကျပ်သိန်း ၃၀၀၀ ကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။**



ပြစ်မှုကျူးလွန်သူများအား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၃ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ် ငမိုးရိပ်ရပ်ကွက် ငမိုးရိပ် (၆) လမ်းနေ မြတ်ပိုင်စိုး(၃၅ နှစ်)၏နေအိမ်အား သတင်းအရ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀၀ သိမ်းဆည်းရမိခဲ့ကြောင်း၊ ကွင်းဆက် ဖော်ထုတ်ချက်အရ ညနေ ၆ နာရီခွဲ စမ်းချောင်းမြို့နယ် လင်းလွန်း(တောင်) ရပ်ကွက် လင်းလွန်းလမ်းနေ ချစ်ကိုနိုင်(ခ) ရွှေငါး(၃၁ နှစ်)၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၇၆၀၀၀ နှင့် Isuzu မော်တော်ယာဉ်တစ်စီး ထပ်မံသိမ်းဆည်းရမိခဲ့ပြီး စုစုပေါင်း ဒေသကာလတန်ဖိုး ငွေကျပ်သိန်း ၃၀၀၀ ကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၆၀၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ သုံးဦးအား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများကို ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် နိုဝင်ဘာ ၄**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။ **မိုး/ဇလ**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ဓမ္မာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ဓမ္မာရုံ(၂၁၃×၉၀×၄၆)ပေ | ၈၇၃၀. ၂၁ | ၁ လုံး | - | ၁ လုံး |
| ၂။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၈ ပေ) | ၄၃၂၁ | ၁ ခု | - | ၁ ခု |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅ | ၁၈ ခု | - | ၁၈ ခု |
| ၄။ | High Mast မီးတိုင် (၂၀ မီတာ(၁)တိုင်) | ၄၉၄ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂ | ၂၀၀ ခန်း | ၄ ခန်း | ၁၉၆ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁ | ၄၅၅ ခန်း | ၁၄ ခန်း | ၄၄၁ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅ | ၅၀ တိုင် | ၁၂ တိုင် | ၃၈ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀ | ၁၈၀ တိုင် | ၂၉ တိုင် | ၁၅၁ တိုင် |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇ | ၆၅၂ ခု | ၅၁ ခု | ၆၀၁ ခု |
| ၁၀။ | စကျင်ကျောက်ပြား တစ်ကျင်း | ၄. ၇ | ၂၁၁၉. ၅၃ ကျင်း | ၆ ကျင်း | ၂၁၁၃. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှုနှင့် Expansion Joint) | ၄. ၁ | ၂၁၈. ၁၄ ကျင်း | ၁၀ ကျင်း | ၂၀၈. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထု ခင်းကျင်း | ၃. ၆ | ၅၉၁၀. ၆၆ ကျင်း | ၉ ကျင်း | ၅၉၀၁. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်း | ၂ | ၁၇၃၆. ၀၈ ကျင်း | ၃၅ ကျင်း | ၁၇၀၁. ၀၈ ကျင်း |
| ၁၄။ | Garden Light (၁ မီတာ(၁)တိုင်) | ၁. ၂ | ၉၀ တိုင် | ၂၆ တိုင် | ၆၄ တိုင် |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် |
|---|---|---|---|
| ၁၅။ | မုစလိန္ဒအိုင်(၁ ကန်) | | |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှုလုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆ | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄ | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇ | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်း၊ ဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈ | ၁ ခု |
| | (င) ရေကန်ပတ်လမ်း မီးတိုင်များထွန်းညှိပေးခြင်းလုပ်ငန်း(၁ တိုင် ၉. ၅ သိန်း) | ၇၀၃ | ၇၄ တိုင် |
| ၁၆။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း(၁)ခန်း) | ၁၃၂၂ | ၉ ခန်း |
| ၁၇။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃ | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၁၆-၃၁၀၀၅

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

**တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ**
**အင်ဂျင်နီယာသင်တန်းသားများ**
**အလိုရှိသည်**

၁။ လျှောက်ထားသူသည်-

(က) **၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁** ရက်နေ့တွင် အသက် ၁၆ နှစ်အောက်မငယ်ရ၊ ၁၉ နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား **အိမ်ထောင်မရှိဖူးသူ(လူပျို)** ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် ၅ ပေ၊ ၃ လက်မနှင့်ကိုယ်အလေးချိန်ပေါင် ၁၀၀ ထက်မနည်းရ၊ ပေါင် ၁၄၀ ထက် မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲအား သိပ္ပံဘာသာတွဲ၊ သို့မဟုတ် ဝိပ္ပံဘာသာတွဲဖြင့် အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူပြီး **၁၀-၉-၂၀၂၁** ရက်နေ့မှ စတင်၍ **၃-၁၂-၂၀၂၁** ရက်နေ့ထိ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ၁ လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ ၃ ပုံကို ပူးတွဲတင်ပြရမည်။

၄။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အရည်အချင်းစစ်စာမေးပွဲကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်ဖြစ်သည်-

(က) **အင်္ဂလိပ်စာ**။ နံနက် ၉ နာရီမှ ၁၁ နာရီထိ။

(ခ) **သင်္ချာ** ။ နေ့လယ် ၁ နာရီမှ ၃ နာရီထိ။

၅။ ဖြေဆိုမည့်သင်တန်းသားများသည် တိုင်းစစ်ဌာနချုပ်များသို့ **၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်နေ့မှ ဒီဇင်ဘာလ ၃ ရက်နေ့အတွင်း** သတင်းပို့ရမည်ဖြစ်ပြီး တိုင်းစစ်ဌာနချုပ်များမှ **ဒီဇင်ဘာလ ၆ ရက်နေ့အရောက် ကျောင်းသို့ပို့ဆောင်ပေးရမည်** ဖြစ်သည်၊

၆။ အရည်အချင်းစစ်စာမေးပွဲကို တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံတွင် **၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့တွင်** ဖြေဆိုကြရမည်ဖြစ်ပါသည်။

၇။ အရည်အချင်းစစ်စာမေးပွဲအောင်စာရင်းအား **၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်နေ့တွင်** ထုတ်ပြန်ပေးမည်ဖြစ်ပြီး အောင်မြင်သူများသည် သင်တန်းတစ်ပါတည်းတက်ရောက်ရမည်ဖြစ်ပြီး မအောင်မြင်သူများအား တိုင်းစစ်ဌာနချုပ်များ မှတစ်ဆင့် သက်ဆိုင်ရာသို့ ပြန်လည်စေလွှတ်သွားမည်ဖြစ်သည်။

၈။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ် **ကျပ် ၁၆၈၀၀၀/-** ၊ ဒုတိယနှစ် **ကျပ် ၁၇၄၀၀၀/-** ၊ တတိယနှစ် **ကျပ် ၁၈၀၀၀၀/-** ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် ရာထူးအဆင့်လိုက်သတ်မှတ်လစာနှင့်စရိတ်များ ခံစားခွင့်ရှိသည်။

၉။ သင်တန်းပြီးဆုံးပါက အောက်ပါအတိုင်းခံစားခွင့်ရှိသည်-

(က) **ဘွဲ့လက်မှတ်အပ်နှင်းခြင်း**။ အင်ဂျင်နီယာသိပ္ပံ **A.G.T.I(Diploma)** လက်မှတ်ပေးအပ်မည်။

(ခ) **တာဝန်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုတွင် **ပညာသည် အကြပ်ကြီး** အဖြစ်ခန့်အပ်တာဝန်ပေးအပ်မည်။

(ဂ) **အဆင့်တိုးမြှင့်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့အလိုက် ပညာသည်စစ်သည်များ **အဆင့်အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ** ဒုတိယအရာခံဗိုလ်နှင့် အရာခံဗိုလ်အဆင့်များသို့ဆက်လက် တိုးမြှင့်ပေးရေးအတွက်ဆောင်ရွက်ပေးမည်။

(ဃ) **ပြန်တမ်းဝင်အရာရှိလျှောက်ထားခွင့်**။ ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ရေးအတွက် **သတ်မှတ်ထားသည့်အချိန်နှင့်အကျုံးဝင်သည့်အချိန်တွင်** စစ်ရာထူးခန့်ချုပ်ရုံးမှ လျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

**မှတ်ချက်**။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
# ဒေါ်စောနု(နမ္မတူမြို့)
### အမက(၂)မင်္ဂလာတောင်ညွန့်(ငြိမ်း)
### အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ တိုက်အမှတ်(၂၂၀)၊ အခန်း(၁၄)နေ (ဦးတင်မောင်-ဒေါ်တင်ပု)တို့၏သမီး၊ (ဦးဘရှင်-ဒေါ် စိန်တင်)တို့၏သမီးချွေးမ၊ (ဦးခင်မောင်လတ်၊ တရားရုံးချုပ်-ငြိမ်း)၏ဇနီး၊ (ဦးသန်းထွန်း)-ဒေါ်မြင့်မြင့်ရီ၊ (ဦးအောင်ကြီး)-ဒေါ်ခင်အေးမူတို့၏အစ်မကြီး၊ ဦးဇော်လွင်လတ်(M.T.M Ship Management)၊ ဦးဝေလွင်ဦး(Wartsila Singapore Pte Ltd.)-ဒေါ်ဝင်းဝင်းလတ်၊ ဦးတိုးမြင့်-ဒေါ်သင်းသင်းလတ်၊ ဒေါ်ခိုင်ခိုင်လတ် (ဒု-ညွှန်မှူး၊ လဝက-ဝန်ကြီးရုံး)၊ ဦးလင်းအောင်ဖေ(Intevac Asia Pte Ltd.)-ဒေါ်ကြိုင်ကြိုင်လတ်(Toray International Singapore Pte Ltd.)တို့၏ကျေးဇူးရှင်မိခင်ကြီး၊ မခိုင်ဝင့်သန့်၊ မသီရိနွယ်တို့၏အဘွားသည် ၃-၁၁-၂၀၂၁ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉း၁၅ နာရီတွင် (၈၆)ပါးသောရောဂါဖြင့် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၅-၁၁-၂၀၂၁ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီး သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၉-၁၁-၂၀၂၁ရက် (အင်္ဂါနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
# ဦးသန်းထွန်း
### ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)ငါးလုပ်ငန်းဦးစီးဌာန
### အသက်(၇၆)နှစ်

ဦးသန်းထွန်း(ညွှန်ကြားရေးမှူးချုပ်-ငြိမ်း၊ ငါးလုပ်ငန်းဦးစီးဌာန)သည် ၄-၁၁-၂၀၂၁ရက် (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းမိသားစုများ**
**ငါးလုပ်ငန်းဦးစီးဌာန**

---

# ဒေါ်ရင်မေ
## (ရန်ကုန်နှင့် ကျိုင်းတုံ)
## အသက် (၇၃)နှစ်

ရန်ကုန်မြို့နေ (ဦးကျော်စိန်-ဒေါ်ချိုတီ)တို့၏သမီး၊ ဦးစိန်မြင့်-ဒေါ်ဝင်းစိန်တို့၏ညီမ၊ ဦးဘိုးစိန်-ဒေါ်ကျင်ရီ၊ ဦးအောင်စိုး-ဒေါ်နန်းခမ်း၊ (ဦးမောင်အေး)၊ (ဦးအောင်သန်း)တို့၏အစ်မ ဒေါ်ရင်မေသည် ၁-၁၁-၂၀၂၁ရက် (တနင်္လာနေ့) နံနက် ၈နာရီတွင် ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၃) ရပ်ကွက်၊ အမှတ်-၈၈၊ ကုန်စျေးတန်းလမ်းနေအိမ်တွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၇-၁၁-၂၀၂၁ရက် (တနင်္ဂနွေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော် နာကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

---

# ကိုညွန့်ဝင်းနိုင်(B.A,History)
## အသက်(၄၄)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (င)ရပ်ကွက်၊ ပဒုမ္မာလမ်း၊ အမှတ်(၁)၊ မြောက်ဥက္ကလာစက်မှုဇုန်နေ ဦးတင်သန်း -ဒေါ်သောင်းရီ(ရွှေအင်သား ငါးပိငံပြာရည်)တို့၏သားကြီး၊ မန္တလေးတိုင်းဒေသကြီး၊ တောင်သာမြို့နယ်၊ ဇဂျမ်းကျေးရွာနေ ဦးကျော်မင်း -ဒေါ်စန်းနွဲ့အေးတို့၏သားသမက်၊ ကိုမျိုးမြင့်သန်း-မဌေးဌေးကြည်၊ ကိုအောင်မျိုးထွန်း-မသီတာလင်း၊ ကိုဝင်းမြင့်သန်း-မသဥ္ဇာ အောင်၊ ကိုတက်ဖြိုးထွန်း-မအိသန္တာတို့၏အစ်ကို၊ မလဲ့မီမီကျော်၏ခင်ပွန်း၊ မအလင်္ကာကျော်၏ချစ်လှစွာသော မွေးသဖခင်သည် ၃-၁၁-၂၀၂၁ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရွှေလမင်းဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၅-၁၁-၂၀၂၁ရက် (သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြား အပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၉-၁၁-၂၀၂၁ရက် (အင်္ဂါနေ့) နံနက် ၈နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရား တော်နာကြွရောက်ပါရန် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၀၅၊ နှင်းဆီလမ်း၊ မြေကွက်အမှတ် -၁၂၀၅ (ဦးသက်နိုင်အမည်ဖြင့် ချထားပေးသည့်မြေချပါမစ်)၊ မြေကွက်အမှတ်-၁၂၀၆ (ဒေါ်ကျင်ထွေးအမည်ဖြင့် ချထားပေးသည့်မြေချပါမစ်)စသည့်မြေကွက် နှစ်ကွက်နှင့် နေအိမ်အပါအဝင်တို့အား အဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ကေသရီကိုကို ၁၂/သကတ(ပြု)၀၀၀၁၂၆ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ သည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ ၁၄ ရက်အတွင်း စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ် ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ပြီးပြတ်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**
**ဒေါ်နန်းမိုခမ်းအောင်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၂၇၃)**
**အမှတ်-၆၀၊ ပ-ထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၂၅၄၄၈၂၆၈၁**

---

# သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

စစ်ကိုင်းမြို့၊ မင်းလမ်းရပ်ကွက်၊ နယ်မြေ (၅)နေ ဦးထွန်းလွင် ၅/စကန(နိုင်) ၀၀၈၇၄၃နှင့် ဒေါ်တင်လှ ၅/စကန(နိုင်) ၀၀၈၇၄၄တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးထွန်းလွင်၊ ဒေါ်တင်လှတို့၏သားဖြစ်သူ မောင်မျိုးမြတ်မင်း ၅/စကန(နိုင်)၁၄၉၁၇၈ သည် မိဘ၏ဆိုဆုံးမမှုများကို မနာခံဘဲ မိဘစိတ်ဆင်းရဲစေသော ကိစ္စရပ်များအား အကြိမ်ကြိမ်အခါခါ ပြုလုပ်ခဲ့ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်တင်လှ၏လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| ဦးထွန်းထွန်းကျော် | ဒေါ်ခိုင်ဇင်ထွေး (LL.B) |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၉၇၄၉/၁၄) | အထက်တန်းရှေ့နေ(စဉ်-၄၇၆၂၁/၁၆) |
| ပါရမီရပ်ကွက်၊ စစ်ကိုင်းမြို့ | မင်းလမ်းရပ်ကွက်၊ စစ်ကိုင်းမြို့၊ |
| ဖုန်း-၀၉-၇၉၇၄၁၁၀၃၄ | ဖုန်း-၀၉-၉၆၅၈၁၆၇၈၆ |

---

## အလ္လာအရှင်မြတ်အမိန့်တော်ခံယူခြင်း
# ဒေါ်တင်မြ(ခ)ဒေါ်ရွှေဖြူ (ရမ်းဗြဲ-ကျောက်ဖြူ)
### ရေသန့်ဌာန ဆောက်လုပ်ရေး(ငြိမ်း)
### အသက် (၈၃)နှစ်

ရန်ကုန်မြို့၊ အမှတ် ၂၇၂/၂၇၆၊ ရွှေဘုံသာလမ်း (အလယ်ဘလောက်)၊ ပန်းဘဲတန်းမြို့နယ်နေ (ဦးဖြူဒေါင်း-ဒေါ်ငွေနှင်း) တို့၏သမီး၊ ဦးသိန်းဖေ(ခ) ဦးဖြူချေ(အကောက်ခွန်အရာရှိ-ငြိမ်း)၏ ချစ်လှစွာသောဇနီး၊ ဦးမျိုးကျော်သိန်း-ဒေါ်စုစုမွန်၊ ဦးမင်းမင်းအောင် (ခ)ဦးဘိုဘိုချေ-ဒေါ်နီလာသိန်း၊ (ဦးခင်မောင်ဆွေ)-ဒေါ်မာလာသိန်း၊ ဦးဇေယျာဖြိုးတို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မခိုင်မြတ်နိုးဆွေ၏ ချစ်လှစွာသောအဘွားဖြစ်သူ ဒေါ်တင်မြ(ခ)ဒေါ်ရွှေဖြူ အသက်(၈၃)နှစ်သည် ၃-၁၁-၂၀၂၁ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅း၁၅ နာရီတွင် အလ္လာရှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၄-၁၁-၂၀၂၁ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးမွတ်ဆလင်ဥယျာဉ်တော်၌ ဒါဖနာပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမိတ်ဆွေသင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဝမ်းနည်းကြေကွဲခြင်း
# ဦးသန်းထွန်း
### အသက် (၇၆)နှစ်

အလုပ်သင်ဗိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၂၂)မှ သူငယ်ချင်း ဗိုလ်မှူးချုပ် ကျော်စွာထွန်း-ဒေါ်သဥ္ဇာဇော်မောင်တို့ ၏ ကျေးဇူးရှင်ဖခင်ကြီး ဦးသန်းထွန်းသည် ၄-၁၁-၂၀၂၁ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူဝမ်းနည်း ကြေကွဲရပါသည်။

**တေဇ (၂၂)မှ သူငယ်ချင်းများ**

---

## ဘုရား၊ ရဟန်း သိမ်၊ ကျောင်း၊ ဝတ္တကမြေ မယ်တော်ကြီး
## ဒေါ်တင်မြင့် အသက် (၇၃)နှစ်

ဇမ္ဗူအေးကျောင်းတိုက်၊ ရွှေရေလယ်ဓမ္မစရိယစာသင်တိုက်၊ ပဓာနနာယကဆရာတော် ဘဒ္ဒန္တကုဏ္ဍလ၏မယ်တော်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ဇ/ရပ်ကွက်၊ ဥဇ္ဇနာ(၁)လမ်း၊ အမှတ် (၂၃၂)နေ (ဦးဒီ-ဒေါ်သန်းစိန်) တို့၏သမီး၊ (ဦးထွန်းလှိုင်-ဒေါ်ကျင်လှ)၊ ဦးကျော်လွင်-ဒေါ်တင်ရွှေ၊ (ဦးသိန်းအောင်)-ဒေါ်တင်အေးတို့၏ညီမ၊ ဦးတင်ထွန်း-ဒေါ်စောထွေး၊ ဦးမြင့်မောင်-ဒေါ်စန်းအေး၊ (ဦးဘဆင့်)-ဒေါ်တင်ဌေး၊ (ဦးအောင်ငွေ)-ဒေါ်တင်စိန်၊ (ဦးသိန်းလှိုင်-ဒေါ်စန်းမြင့်)တို့၏အစ်မ၊ (ဦးဉာဏ်လင်းအောင်)-ဒေါ်သင်းသင်းမော်၊ ဒေါ်စိမ်းလှဲ့၊ ဦးစိန်မြဦး-ဒေါ်မိုးမိုးစံ၊ ဒုတိယဗိုလ်မှူးကြီးသိန်းစိုးအောင်-ဒေါက်တာ ဒေါ်အေး မိုးစိုး(ပါမောက္ခ၊ ဌာနမှူး၊ မြင်းခြံတက္ကသိုလ်)၊ ဗိုလ်မှူးကြီး ဇော်လင်းအောင်-ဒေါ်သစ်သစ်နှင်းတို့၏မွေးသမိခင်ကျေးဇူးရှင်၊ မမြဝတ်ရည်မိုး၊ မောင်ခန့်မင်းသာ၊ မသွန်းဝတီဇော်၊ မခိုင်မြကေရီတို့၏အဘွား၊ (ဦးသောင်းစိန်)၏ဇနီးသည် ၄-၁၁-၂၀၂၁ရက် (ကြာသပတေးနေ့) နံနက် ၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၆-၁၁-၂၀၂၁ရက် (စနေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။ ကွယ်လွန်သူအားရည်စူး၍ ၁၀-၁၁-၂၀၂၁ရက် (ဗုဒ္ဓဟူးနေ့) နံနက်တွင် ဘုရားအမှူးရှိသော ပင့်သံဃာအရှင်သူမြတ်တို့အား ဒါတဗ္ဗဝတ္ထုအစုစုတို့ဖြင့် ဆက်ကပ်လှူဒါန်း တရားနာ၊ ရေစက်ချ၊ အမျှအတမ်း ပေးဝေမည်ဖြစ်ပါသောကြောင့် ဇ/၂၃၂၊ ဥဇ္ဇနာ (၁)လမ်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း
## ထုချေစေရန်အကြောင်းကြားစာ
## (တရားမကျင့်ထုံး ကိုခဉပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂)
## ရွှေပြည်သာမြို့နယ်တရားရုံး
## ၂၀၂၁ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၃ နှင့်ဆက်နွယ်သည့်
## ၂၀၂၁ခုနှစ်၊ တရားမဇာရီမှုအမှတ်-၁၅

| | | |
|---|---|---|
| ဒေါ်မိုးနှင်းအေး | | ဦးအောင်ကျော် |
| ဒီကရီအနိုင်ရသူ | နှင့် | တရားရှုံး |

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ ရွှေဘုန်းရှိန်လမ်း၊ အမှတ်(၇၈)နေ တရားရှုံး ဦးအောင်ကျော်(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

၂၀၂၁ခုနှစ်၊တရားမကြီးမှုအမှတ်(၂၃)တွင် အနိုင်ရရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်ဒေါ်မိုးနှင်းအေးက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန်အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစုံတရာရှိလျှင် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေသို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၂၁ ခုနှစ် နိုဝင်ဘာ ၉ ရက် (၁၃၈၃ခုနှစ် တန်ဆောင်မုန်းလဆန်း ၆ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၂၁ခုနှစ် နိုဝင်ဘာလ ၃ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(နေခြည်လှိုင်းဇာ)**
**မြို့နယ်တရားသူကြီး**
**ရွှေပြည်သာမြို့နယ်တရားရုံး**

---

# အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ သရက်တော/တောင်ရပ်ကွက်၊ ကမ်းနားလမ်း၊ အမှတ်(၄၀၃)နေ ဦးကျော်ခင်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်သည်မှာ-

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်ခင် ၁၄/ပသန(နိုင်) ၁၄၆၉၈၄ပိုင်ဆိုင်သော ရွှေလင်ဗန်းစက်မှုဇုန် မင်းကြီးမဟာမင်းခေါင်လမ်းနှင့်ဦး တရုတ်ကြီးလမ်းထောင့်၊ မြေကွက်အမှတ်(၂၈၂-၂၈၃)ပေါ်ရှိ အလျား ပေ၂၀၀၊ အနံ ၃၆၆ပေရှိ မြေကွက်တွင် တည်ဆောက်ထားသော အဆောက်အအုံအား အထည်ချုပ်လုပ်ငန်းများလုပ်ကိုင်ရန် Mr. keirm Altintas(Director), Mr.Ok tay Kapacak (Technician)Ka Ka do Myanmar Co.,Ltd. သို့ငှားရမ်းထားပါသည်။ သို့ပါသော်လည်း အဆိုပါ ka ka do Myanmar Co.,Ltdသည် စက်ရုံငှားရမ်းခငွေများ ပေးချေရန် အကြိမ်ကြိမ်ပျက်ကွက်ခဲ့သည်မှာ (၄-၁၁-၂၀၂၁)ရက်ထိ ပေးချေရန်ပျက်ကွက်ခဲ့ပါသည်။ စက်ရုံမှာ (၄-၁၁-၂၀၂၁)ရက်ထိ လုပ်ငန်းများရပ်နားထားပြီးဖြစ်ပါသည်။ ထို့ကြောင့် စက်ရုံငှားရမ်းခြင်းအား ရုပ်သိမ်းလိုပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက် အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် လူကိုယ်တိုင် ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏ မိတ်ဆွေ ဦးကျော်ခင်ထံသို့ဖြစ်စေ လာရောက်ဖြေရှင်းရန်နှင့် သတ်မှတ်ရက်ထက် ကျော်လွန်ပါက ငှားရမ်းမှုအား ဆက်လက်ပြုလုပ်တော့မည် မဟုတ်ကြောင်းနှင့် အဆိုပါ မြေကွက်သည် ka ka do Myanmar Co.,Ltd နှင့်လုံးဝသက်ဆိုင်မှုမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| ဦးထွန်းထွန်း(ဥပဒေဘွဲ့) | ဒေါ်အယ်နီမိုး(LL.B) |
| အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |
| (စဉ်-၅၀၉၄၆)(၃၀-၄-၂၀၁၉) | (စဉ်-၅၁၃၃၃)(၂၈-၆-၂၀၁၉) |
| အမှတ်(၇၉)၊ ပါရမီလမ်း၊ | ၄၄၉(က)၊ ရတနာသီရိလမ်း၊ (၁၀/၃၃) |
| (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်။ | ရပ်ကွက်၊ ရွှေပြည်သာ |
| ဖုန်း-၀၉-၂၅၇၄၇၅၀၅၇ | ဖုန်း-၀၉-၉၆၃၆၃၆၀၇၃ |

---

# ဦးသန်းထွန်း
### ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)ငါးလုပ်ငန်းဦးစီးဌာန
### အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၅)ရပ်ကွက်နေ(ဦးပြုံးချို-ဒေါ်မြထူး)တို့၏သားကြီး၊ (ဦးအောင်စိန်-ဒေါ်မြ ဆင် )တို့၏သားသမက်၊ ဒေါ်ယဉ်ယဉ်မေ၏ချစ်လှစွာသောခင်ပွန်း၊ ဦးမျိုးမင်း-ဒေါ်ခင်ခင်လေး၊ ဒေါက်တာကျော်ဝင်း၊ ဒေါက်တာခင်အုန်းတင့်၊ (ဒေါ်ဝေဝေကြည်)တို့၏ ချစ်လှစွာသောအစ်ကိုကြီး၊ ဦးအောင်ကျော်ထိုက်-ဒေါ်ယဉ်ညီညီထွန်း၊ ဗိုလ်မှူးချုပ်ကျော်စွာထွန်း-ဒေါ်သဥ္ဇာဇော်မောင်၊ ဦးအောင်နေဦး-ဒေါ်ယဉ်ပပထွန်း၊ ဦးယဉ်ကိုကိုထွန်း-ဒေါ်ယုသန္တာဝင်းတို့ ၏ ချစ်လှစွာသောဖခင်ကြီး၊ မြေးလေးယောက်တို့၏ဘိုးဘိုးကြီးသည် ၄-၁၁-၂၀၂၁ရက် (ကြာသပတေးနေ့) နံနက် ၂း၁၀နာရီတွင် အောင်ပန်းမြို့၌ ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၆-၁၁-၂၀၂၁ရက်(စနေနေ့)တွင် အောင်ပန်းမြို့ မင်းဂူသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

---

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈)၊ ခိုင်ရွှေဝါလမ်း၊မြေကွက်အမှတ်(၉၉၇)၊အကျယ်အဝန်း(၄၀ပေ× ၆၀ပေ)ရှိ ဦးကျော်ဝင်းအမည်ပေါက်ပါမစ်မြေကွက်အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော မြေကွက်၏ခေါင်းရင်းဘက်ခြမ်း၊ အကျယ်အဝန်း ( ၂၀ပေ× ၆၀ပေ )ရှိ အိမ်နှင့်မြေအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးဝင်းနိုင် ( ၉ / မနမ(နိုင်)၀၂၀၉၈၀ ) ထံမှကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်အေးမြသီတာ(ခ) ဒေါ်အိအိမွန် ( ၁၂/လမန (ပြု) ၀၀၀၄၈၉ ) က ဝယ်ယူရန်အတွက်စရံငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အားကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| ဦးထိန်လင်းသန်း | ဒေါ်ပြည့်ပြည့်ဖြိုး |
| LL.B, D.B.L, D.I.L, D.M.L, | LL.B, D.B.L, D.I.P.L, |
| တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၈၂) | တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၂၀၄) |
| Hein Htet San Law Firm | ဖုန်း - ၀၉၅၅၀၄၂၆၅ ၊ ၀၉၄၅၀၀၁၇၁၃၆ ၊ ၀၉၄၂၈၀၂၀၃၆၉ |

---

# ကန့်ကွက်နိုင်သည်

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင့်တိုင်မြို့နယ်၊ မကျည်းတန်းတောင်/အနောက်ရပ်ကွက်၊ ပန်းပင်ကြီးလမ်း၊ အမှတ်(၃၈)၊ (၄လွှာ-ဘီ)၊ (၁၂ပေခွဲX၅၅)ပေ၊ ဦးမင်းစိုး (၁၂/ကမတ(နိုင်)၀၀၁၁၆၁)၊ ဦးအောင်မင်း (၇/ပခ(နိုင်)၀၉၄၁၃၇) ကိုင်ဆောင်သူတို့မှ ပိုင်ဆိုင်ရောင်းချ ပိုင်ခွင့်ရှိသော တိုက်ခန်းအား ဝယ်ယူရန်အတွက် ကျွန်ုပ်၏ မိတ်ဆွေမှ စရံငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။ တိုက်ခန်း နှင့်ပတ်သက်၍ ရောင်းချခြင်းအား ကန့်ကွက်လိုပါက ပိုင်ရေးပိုင်ခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှု အထောက်အထား စာရွက်စာတမ်း မူရင်းများဖြင့် ကျွန်ုပ်ထံသို့ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ် ကိစ္စအားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ် ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

**ဦးမြင့်ဦး (LL.B) ဥပဒေဘွဲ့**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၇၆၅)**
**အမှတ်(၁၀၄)၊ ပန်းပင်ကြီးလမ်း၊**
**ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း - ၀၉ ၅၁၈၈၅၆၄**

---

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6D/2088, Toyota Mark II GX110 S/L (4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ချောစု ၉/မမန(နိုင်)၀၅၄၇၆၈ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညနခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊ မန္တလေးမြို့**

---

## မွေးသက္ကရာဇ်အမှန်

(ဘ)ဦးစောသန့်နေလင်း၏ သမီး ဖြစ်သူ မအိသရဖီလင်း ၁၂/ လသယ(နိုင်)၁၁၃၀၇၂ ကိုင်ဆောင်သူ၏ မွေးသက္ကရာဇ်အမှန်မှာ ၂-၁၁-၂၀၀၃ ဖြစ်ပါသည်။

---

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ဥသာမြို့သစ်မြို့ကွက် မြေနေရာချထားရေးကော်မတီမှ ချထားပေးသော ဥသာမြို့သစ် မြေကွက်ကြီးအမှတ် (၁၅)၊ (၁)လမ်း၊ အမှတ် (၃၁)အကျယ်အဝန်းပေ (၄၀x၆၀)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ တစ်ထပ်တိုက် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူဟုဆိုသော ဦးစိန်လှိုင် ၁၂/ဗဟန(နိုင်)၀၄၉၉၈၉ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သဇင်လှိုင် ၇/ဒဥန(နိုင်)၁၂၁၇၁၈က ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါ သည်။ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇာနည် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၆၆၈)**
**ဗိုလ်မိုးညိုလမ်းသွယ်၊ အောင်ချမ်းသာ (၂)ရပ်ကွက်၊ သန်လျင်မြို့၊**
**ဖုန်း-၀၉-၄၂၀၃၀၀၂၆၂**

---

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ (၃)ရပ်ကွက်၊ ကုန်သည်လမ်းရှိ ဗိုလ်တထောင် Time Square အိမ်ရာ၊ တိုက်အမှတ်(C-2)၊ အခန်းအမှတ်(A/1308)၏ မူလအမည်ပေါက် ဦးမျိုးမြင့် ၁၂/စခန(နိုင်)၀၀၁၅၁၁ထံမှ ဦးရန်နိုင်ဖြိုး ၁၂/လမန(နိုင်) ၁၄၃၇၁၈-ဒေါ်ဟန်သီဇော် ၁၂/အစန(နိုင်) ၁၉၆၁၄၉ တို့က စာချုပ်စာတမ်းများဖြင့် ဝယ်ယူပြီး ဖြစ်ပါ၍ ပိုင်ဆိုင်မှုအမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ခွင့်ပြုရန် မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း အထောက် အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

---

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သောက်တော်တွင်းရပ်ကွက်၊ အကွက်အမှတ် (၇၊ အညာစု)၊ ဦးပိုင်အမှတ်(၁၅၃)၊ မအုံအမည်ပေါက် ဂရန်မြေကွက်အတွင်း နံ့သာကုန်း(၁)လမ်း၊ ဧရိယာ ၀ဒသမ၀၅၉ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူဟုဆိုသော ဒေါ်ကြည်ကြည်ဝင်း ၁၂/တမန(နိုင်) ၀၀၆၆၁၂ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်သက်လွင် ၁၂/မဂတ(နိုင်)၀၈၁၉၉၅ က ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇာနည် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၆၆၈)**
**ဗိုလ်မိုးညိုလမ်းသွယ်၊ အောင်ချမ်းသာ (၂)ရပ်ကွက်၊ သန်လျင်မြို့၊**
**ဖုန်း-၀၉-၄၂၀၃၀၀၂၆၂**

---

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ (၃)ရပ်ကွက်၊ ကုန်သည်လမ်းရှိ ဗိုလ်တထောင် Time Square အိမ်ရာ၊ တိုက်အမှတ်(C-2)၊ အခန်းအမှတ်(B/1005)၏ မူလအမည်ပေါက် ဒေါ်စိန်မြင့် ၁၂/ဗဟန(နိုင်)၀၆၄၄၁၉ထံမှ ဒေါ်အိမွန်ခိုင် ၁၄/ဟသတ(နိုင်) ၂၂၄၁၀၁က စာချုပ်စာတမ်းများဖြင့် ဝယ်ယူပြီးဖြစ်ပါ၍ ပိုင်ဆိုင်မှုအမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ခွင့်ပြုရန် မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာ ကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူ တစ်ရပ်လုံး၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## နိုဝင်ဘာ ၄ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၀၀၂ ဦး တွေ့ရှိ

### ထပ်မံသေဆုံးသူ ၂၂ ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း ၁၈၇၆၆ ဦးရှိ

(၄-၁၁-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် -

- တတ်နိုင်သမျှ အိမ်တွင်း၌သာ နေထိုင်ခြင်း၊
- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့်နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊
- လက်ကို မကြာခဏဆေးကြောခြင်း၊
- တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်း၊

စာမျက်နှာ ၁၅ ကော်လံ ၁ ❏

၄ - ၁၁ -၂၀၂၁ ရက်နေ့ ည ၈ နာရီ ထုတ်ပြန်ချက်အရ
ကိုဗစ် – ၁၉ ရောဂါ
ပိုးတွေ့ရှိမှု ရာခိုင်နှုန်း ၄.၄၁ %

## ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား လှျပ်တစ်ပြက်ဖိတ်ခေါ်လက်ရည်စစ်လှေလှော်ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ



ရန်ကုန် နိုဝင်ဘာ ၄

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား လျှပ်တစ်ပြက်ဖိတ်ခေါ် လက်ရည်စစ် လှေလှော်ပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက လှိုင်မြို့နယ်ရှိ မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ် (အင်းယားကန်) တွင် ကျင်းပသည်။ **(ဓာတ်ပုံ)**

လှေလှော်ပြိုင်ပွဲတွင်အမျိုးသားမီတာ ၂၀၀ ငါးယောက်၊ အမျိုးသမီး မီတာ ၂၀၀ ငါးယောက်၊ အပြည်ပြည်ဆိုင်ရာလှေ တစ်ယောက်လှော် အမျိုးသားမီတာ ၂၀၀၊ အပြည်ပြည်ဆိုင်ရာလှေ နှစ်ယောက်လှော် အမျိုးသားမီတာ ၂၀၀၊ အမျိုးသားမီတာ ၂၀၀ ခြောက်ယောက်၊ အမျိုးသမီးမီတာ ၂၀၀ ခြောက်ယောက်၊ အပြည်ပြည်ဆိုင်ရာလှေ နှစ်တက်လှော် အမျိုးသားမီတာ ၂၀၀ နှင့် အမျိုးသားမီတာ ၂၀၀ ၁၂ ယောက်လှော်ပြိုင်ပွဲများကို ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှစိုးနှင့် ဝန်ကြီးများ၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ စာမျက်နှာ ၉ ကော်လံ ၄ ◆

## ချန်ပီယံလိဂ်ပြိုင်ပွဲ အက်သလက်တီကိုမက်ဒရစ်ကို အနိုင်ယူပြီး နောက်တစ်ဆင့်သို့ စောစီးစွာ တက်ရောက်နိုင်ခဲ့သည့် လီဗာပူးအသင်း



ယူအီးအက်ဖ်အေ ချန်ပီယံလိဂ် အုပ်စုပွဲစဉ် (၄) အဖြစ် နာမည်ကြီး လီဗာပူးနှင့် အက်သလက်တီကို မက်ဒရစ်အသင်းတို့ ပွဲစဉ်ကို နိုဝင်ဘာ ၄ ရက် နံနက်ပိုင်းက အန်းဖီးလ်၌ အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ရာ လီဗာပူးအသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး အုပ်စုပွဲစဉ်များ မပြီးဆုံးမီ ချန်ပီယံလိဂ်ပြိုင်ပွဲ ၁၆ သင်း အဆင့်သို့ စောစီးစွာ တက်လှမ်းနိုင်ခဲ့သည်။

စာမျက်နှာ ၁၂ ကော်လံ ၁ *

**ယနေ့ သ တင်း အ ညွှန်း**

မီးရထားဖြင့် ခရီးသွားကြစေချင်သည်

ဆောင်းပါး စာ - ၈

ကျန်းမာရေးစောင့်ရှောက်မှုယန္တရားလည်ပတ်မှုကို ထိခိုက်ယိုယွင်းစေရန်နှင့် ကျောင်းနေအရွယ်ကလေးသူငယ်များ၏ ပညာသင်ယူခွင့်ကို ပျက်စီးစေရန်အတွက် PDF အကြမ်းဖက်သမားများက ပြည်သူ့ဆေးရုံများနှင့် စာသင်ကျောင်းများအား ဖောက်ခွဲဖျက်ဆီးမှုများပြုလုပ်

ပြည်တွင်းသတင်း စာ - ၁၇